တက္ကသိုလ်

# သိဟာအောင်

## ရှောင်လုံ၏ ကျိရီစင်း

ကိုးနဝင်းယက္ခ

ပထမပိုင်း



တိုးတက်ရေး-၈၁၈၈

တက္ကသိုလ်

# သီဟအောင်

## ကိုးနဝင်းယက္ခ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၂၀၇၁၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၈၈၀၁၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ငြိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျိုးတက်ရေး-စာပေ

## မဟူရာစံအိမ်

သိုင်းလောက၌ ထင်ရှားကျော်ကြားသော သိုင်းအဖွဲ့အစည်းများ၊ ဂိုဏ်းများ အများအပြား ရှိကြသည့်အနက် မဟူရာစံအိမ်သည် အလျှို့ဝှက်ဆုံး ဖြစ်လေသည်။

သိုင်းလောကသားတိုင်းသည် မဟူရာစံအိမ်ဟူသော အမည်ကို ကြားဖူးထားကြသည်။

သို့သော် မဟူရာစံအိမ် မည်သည့်နေရာ၌ ရှိသည်ကို မည်သူမျှ မသိကြချေ။

မဟူရာစံအိမ်မှ သိုင်းသမားများက သိုင်းလောက၌ ကျင်လည်သွားလာလှုပ်ရှားမှုများ ရှိနေခြင်းကြောင့်သာ 'မဟူရာစံအိမ်'ဟူသည် သိုင်းလောက၌ ရှိနေသည်ကို သိရှိထားကြခြင်း ဖြစ်လေသည်။

ထိုလျှို့ဝှက်သော မဟူရာစံအိမ်သည် သိုင်းလောကသားတိုင်း သိရှိနေရလောက်အောင် ထင်ရှားကျော်ကြားသည်မှာ အံ့သြစရာဟု ဆိုနိုင်သည်။

သို့သော် သိုင်းလောက၌ လှုပ်ရှားသွားလာခဲ့သော မဟူရာစံအိမ်မှ သိုင်းသမားများသည် သိုင်းပညာတော်သလောက် စိတ်နေသဘောထား ခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်သူများ ဖြစ်နေခြင်းကြောင့် လူအများ သတိထားမိခဲ့ကြပြီး မဟူရာစံအိမ် သတင်းကြီးလာခဲ့ခြင်း ဖြစ်သည်။

မဟူရာစံအိမ်မှ သိုင်းသမားကို အများပြည်သူက လက်မခံကြပါ။

သူတို့၏ရက်စက်ကြမ်းကြုတ်မှုကို တားဆီးရန် ကြိုးပမ်းကြသည်။

သို့ဖြင့် မဟူရာစံအိမ်နှင့် သိုင်းလောကသားများ ပြဿနာဖြစ်ပေါ်လာခဲ့သည်။

မဟူရာစံအိမ်မှ လူများသည် သိုင်းလောကသားများအားရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြလေသည်။

နောက်ပိုင်းတွင် သိုင်းလောကသားများက လက်မခံကြသဖြင့် မဟူရာစံအိမ်မှ လူများသည် သိုင်းလောက၌ လှုပ်ရှားမှု နည်းပါးသွားသည်။

နဂိုကပင် လျှို့ဝှက်သူများ ဖြစ်ကြရကား လှုပ်ရှားမှု မရှိသလောက် ဖြစ်သွားသောအခါ မဟူရာစံအိမ်အကြောင်း သိရှိရန် ပိုပြီးခက်ခဲသွားတော့သည်။



လူတိုင်းသည် မဟူရာစံအိမ်၏အမည်ကို ကြားဖူးထားကြသည်။

သို့သော် မဟူရာစံအိမ်သည် သိုင်းလောကမှ လုံးဝပျောက်ကွယ်သွားသကဲ့သို့ တဖြည်းဖြည်း နာမည်မှေးမှိန် ကွယ်ပျောက်သွားသည်။

နောက်ပိုင်းတွင် မဟူရာစံအိမ်အကြောင်း မည်သူကမှ ပြောဆိုခြင်း မပြုကြတော့ချေ။

လူအများကလည်း မေ့မေ့လျော့လျော့ ဖြစ်သွားကြလေတော့သည်။

◆ ◆ ◆

မဟူရာစံအိမ်သည် လျှို့ဝှက်ပြီး ရက်စက်ကြမ်းကြုတ်ခြင်းများဖြင့် သိုင်းလောက၌ နာမည်ကြီးခဲ့ခြင်း ဖြစ်သော်လည်း လှုပ်ရှားမှုမရှိသလောက် ဖြစ်သွားခြင်းကြောင့် လူအများက တဖြည်းဖြည်းမေ့လျော့ကာ ပျောက်ကွယ်သွားသလိုရှိပြီး နောက်ပိုင်း၌ မဟူရာစံအိမ်အကြောင်း စကားအဖြစ် ထည့်သွင်းပြောဆိုခြင်းပင် ရှားပါးသွားလေသည်။

မဟူရာစံအိမ်နာမည် မှေးမှိန်သွားသော်လည်း ပျက်စီးပြိုကွဲသွားခြင်း ပျောက်ကွယ်သွားခြင်းမျိုးတော့ မဟုတ်ပါ။

လှုပ်ရှားမှု မတွေ့ရသလို လျှို့ဝှက်လွန်းခြင်းကြောင့် သူတို့၏အကြောင်း မည်သူမျှ မသိကြသဖြင့် ပြောစရာမရှိတော့ခြင်း

ကြောင့် မဟူရာစံအိမ်ဆိုသောအမည်ကို မကြားရတော့ခြင်း ဖြစ်သည်။

ထို့အပြင် သိုင်းလောကသားများသည် ယက္ခဂိုဏ်းကို ပိုပြီး အာရုံထားခဲ့ကြသည် မဟုတ်ပါလား။

ယက္ခဂိုဏ်းသည် နောက်မှ ပေါ်ပေါက်လာသော်လည်း ထင်ရာစိုင်းနေသော ကြောက်စရာကောင်းသည့် ဂိုဏ်းတစ်ခုအဖြစ် ထင်ရှားလာခဲ့သည်။

သိုင်းလောကအား ဒုက္ခပေးလိမ့်မည်ဟုပင် သတ်မှတ်ခံရလေသည်။

မဟူရာစံအိမ်ထက်လည်း သိုင်းလောက၌ ပို၍ လှုပ်ရှားခဲ့ခြင်းကြောင့် အများက ပို၍ ဂရုစိုက်ခဲ့ကြခြင်း ဖြစ်သည်။

ယက္ခဂိုဏ်းကို ဦးစားပေးနေသောအခါ မဟူရာစံအိမ်ကို လှစ်လျူရှုထားလိုက်ကြသည်မှာ မဆန်းပါချေ။

သိုင်းလောက၏ ထိပ်သီးဂိုဏ်းကြီးများကပင် မဟူရာစံအိမ်ထက် ယက္ခဂိုဏ်းကို ပို၍ စိတ်ဝင်စားခဲ့ကြလေတော့သည်။

◆ ◆ ◆



## ကိုးနဝင်းဂိုဏ်း

ကိုးနဝင်းဂိုဏ်း...

ကိုးနဝင်းဂိုဏ်းသည် မဟူရာစံအိမ်၊ ယက္ခဂိုဏ်းတို့ထက် ပိုပြီး သိုင်းလောက၌ ထင်ရှားကျော်ကြားသည်။

ကိုးနဝင်းဂိုဏ်းသည် ဂိုဏ်းတစ်ခုတည်း မဟုတ်ဘဲ အင်အားကြီးမားပြီး သိုင်းပညာထက်မြက်သော ဂိုဏ်းကြီးကိုးဂိုဏ်းအား စုစည်းပေါင်းစပ်ထားသော မဟာမိတ်ဂိုဏ်းကြီးတစ်ခု ဖြစ်ပါသည်။

ဂိုဏ်းကြီးကိုးဂိုဏ်းအား စုစည်းမဟာမိတ်ဖွဲ့ထားသည်ဖြစ်၍ ကိုးနဝင်းဂိုဏ်းမှာ အလွန်အင်အားတောင့်တင်းကာ ထင်ရှားလေသည်။

ဂိုဏ်ကြီးကိုးဂိုဏ်းမှ ဂိုဏ်းချုပ်များသည် သိုင်းပညာ၊

အကျင့်စာရိတ္တနှင့် အများအကျိုး ဆောင်ရွက်မှုကို အခြေခံကာ အားလုံး သဘောတူ ခေါင်းဆောင်တစ်ယောက် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထိုခေါင်းဆောင်သည် ကိုးနဝင်းဂိုဏ်းချုပ်အဖြစ် သိုင်းလောကတစ်ခုလုံး ဦးညွတ်ရသူ ဖြစ်ခဲ့လေသည်။

မဟူရာစံအိမ်နှင့် ယက္ခဂိုဏ်းတို့အား သိုင်းလောကကို နှောင့်ယှက်ဖျက်ဆီးမည့် ဂိုဏ်းများအဖြစ် အားလုံး လက်ခံထားကြသကဲ့သို့ ကိုးနဝင်းဂိုဏ်းသည် သိုင်းလောကကို အကျိုးပြုမည့် သိုင်းလောက မီးရှူးတန်ဆောင်ဂိုဏ်းကြီးအဖြစ် ကြည်ညိုလေးစားခဲ့ကြလေသည်။

ကိုးနဝင်းဂိုဏ်းချုပ်'ကောင်းရိလုံ'မှာ သိုင်းစွမ်းထက်သူဖြစ်၍ ရှောင်လင်၊ ဂူတန်၊ ဂူဗီး အစရှိသော ထိပ်သီးသိုင်းအဖွဲ့ကြီးများကပင် 'ကောင်းရိလုံ'မှာ ပြိုင်ဘက်ကင်း သိုင်းသမားကြီးဟု သတ်မှတ်ကာ လေးလေးစားစား ဆက်ခံခဲ့ကြလေသည်။

သိုင်းလောကအကျိုး ဆောင်ရွက်နေသည့် ကိုးနဝင်းဂိုဏ်းနှင့် သိုင်းလောက ပျက်စီးအောင် ထင်တိုင်းကျဲနေသော ယက္ခဂိုဏ်းတို့သည် တစ်ချိန်တွင် ထိပ်တိုက်တွေ့ခဲ့ကြလေတော့သည်။

◆ ◆ ◆



ညဉ့်နက်ပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

လူတိုင်းလူတိုင်း အိပ်စက်အနားယူနေကြတော့မည် ဖြစ်သော်လည်း ကောင်းရိလုံ၏အခန်း၌မူ မီးရောင်များ ထွက်ပေါ်နေသည်။

ကောင်းရိလုံ အိပ်စက်ခြင်း မရှိသေးကြောင်း ထင်ရှားနေသည်။

မှန်ပေသည်။ ကောင်းရိလုံသည် အိပ်စက်ခြင်း မပြုနိုင်သေးဘဲ လက်နှစ်ဘက်နောက်ပစ်ကာ အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။

သူ၏မျက်နှာ တည်ကြည်လေးနက်နေပြီး မျက်မှောင်ကြီးကုပ်သားခြင်းကြောင့် တစ်စုံတစ်ခုသော ကိစ္စကို အလေးအနက်ထားကာ တွေးတောစဉ်းစားနေကြောင်း ထင်ရှားလေသည်။

မဟာမိတ် ဂိုဏ်းကြီးကိုးဂိုဏ်းအား ဦးဆောင်နေသည့် ကိုးနဝင်းဂိုဏ်းချုပ်တစ်ယောက် ဖြစ်သည့် အားလျော်စွာ သိုင်းလောက အရေးကိစ္စများကြောင့် ညဉ့်နက်သန်းခေါင်အချိန်အထိ အိပ်စက်အနားယူခြင်း မပြုနိုင်သေးသည့်သဘောလည်း ဖြစ်လေသည်။

သိုင်းလောကမှာ ရှုပ်ထွေးပွေလီလှပြီး ပြဿနာအမျိုးမျိုး ဖြစ်ပေါ်လျက် ရှိသည် မဟုတ်ပါလား။

သိုင်းလောက အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုး သည်ပိုးဆောင်ရွက်ရသည်မှာ လွယ်ကူသော ကိစ္စတစ်ခုတော့ မဟုတ်ပါချေ။

ကောင်းရိလုံသည် အတန်ကြာအောင် လမ်းလျှောက်နေပြီးမှ အညောင်းအညာ ပြေသွားသည့်အလား ထိုင်ခုံတစ်လုံး၌ ထိုင်ချလိုက်လေသည်။

စားပွဲပေါ်၌ အသင့်ရှိနေသော ရေနွေးကြမ်းအိုးထဲမှ ရေနွေးကြမ်းတစ်ခွက် ငှဲ့လိုက်သည်။

ရေနွေးကြမ်းကား အေးစက်နေပြီ ဖြစ်ပါသည်။

လ္ဘက်ခြောက် ဘယ်လောက်ကောင်းကောင်း အေးစက်နေသော ရေနွေးကြမ်းကို အရသာရှိသည်ဟု ကောင်းရိလုံ မထင်ချေ။

ကောင်းရိလုံသည် ရွှေငွေပစ္စည်းဥစ္စာ ဂုဏ်ပကာသန ဘာကိုမှ မက်မောသူ မဟုတ်ပါ။

ရိုးရိုးကုပ်ကုပ် နေထိုင်သူ ဖြစ်သည်။

သဘောမနောကောင်းပြီး အများအပေါ် အကြင်နာတရားထားသူ ဖြစ်သည်။

အခက်အခဲ ဒုက္ခကြုံတွေ့နေရသူများကိုလည်း ကူညီဖို့ ဘယ်တုန်းကမှ ဝန်မလေးခဲ့ချေ။

ကောင်းရိလုံသည် စာဖတ်ခြင်း၊ ဆေးတံသောက်ခြင်း၊ ရေနွေးကြမ်းသောက်ခြင်းနှင့် အများအကျိုး ဆောင်ရွက်နေရလျှင် ဘဝပြည့်စုံပြီဟု ခံယူထားသူ ဖြစ်သည်။

ရေနွေးကြမ်းက အေးနေပြီဖြစ်၍ ကောင်းရိလုံ မသောက်တော့ဘဲ ဆေးတံရှည်ကိုယူကာ မီးညှိဖွာရှိုက်လိုက်သည်။

အခန်းမျက်နှာကျက်ဆီသို့ တလူလူ လွင့်တက်သွားသော



မီးခိုးငွေ့များကို ကြည့်ပြီး အတွေးနယ်ချဲ့နေမိပြန်သည်။

ယက္ခဂိုဏ်းအကြောင်း တွေးတောစဉ်းစားနေခြင်း ဖြစ်သည်။

ယက္ခဂိုဏ်း တစ်နေ့တစ်ခြား နာမည်ထွက်လာခြင်းက ကိုးနဝင်းဂိုဏ်းကို စိန်ခေါ်သကဲ့သို့ ရှိနေသည် မဟုတ်ပါလား။

ယက္ခဂိုဏ်းက ရက်စက်ကြမ်းကြုတ်မှုများဖြင့် သိုင်းလောက၌ သြဇာထူထောင်ရန် ကြိုးစားနေသည်ကို ဟန့်တားရတော့မည် ဖြစ်လေသည်။

ကောင်းရိလုံ အတွေးကြွယ်နေစဉ်...

"ဒေါက်...ဒေါက်"

တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကောင်းရိလုံ သတိဝင်လာပြီး တံခါးဆီသို့ လှမ်းကြည့်လိုက်လေသည်။

"အိမ်ထိန်းကြီးလား တံခါးစေ့ထားတယ် ဝင်လာခဲ့ပါဗျာ"

ကောင်းရိလုံ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ကျွိခနဲမြည်ကာ တံခါးဖွင့်သွားပြီး အိမ်ထိန်းကြီး လှမ်းဝင်လာသည်။

အိမ်ထိန်းကြီး၏လက်ထဲ၌ လင်ဗန်းတစ်ချပ် ကိုင်ထားပြီး အငွေ့တထောင်းထောင်း ထနေသော ရေနွေးတစ်အိုး ပါလာ၏။

အိမ်ထိန်းကြီး ဦးညွှတ်လိုက်သည်။

"သခင်ကြီး ရေနွေးကြမ်း အေးနေလောက်ပြီဆိုတာ သိလို့ လာပို့တာပါ"

အလွန်အလိုက် သိတတ်သော အိမ်ထိန်းကြီးကို ကြည့်ပြီး ကောင်းရိုလုံ ပြုံးလိုက်လေသည်။

"ကျေးဇူးပဲ"

အိမ်ထိန်းကြီးက ရေနွေးကြမ်းပူပူ တခွက်ငှဲ့ပေးသောအခါ ဆေးတံကို ချပြီး တဖူးဖူး မှုတ်သောက်လိုက်သည်။

ရေနွေးကြမ်း တစ်ပန်းကန်သောက်ပြီး ချီးကျူးစကား ပြော လိုက်လေသည်။

"အရှေ့မြောက် တောင်တန်းဒေသဟာ အေးမြပြီး မိုးနည်း တယ်၊ သည်ဒေသက ထွက်တဲ့ လက်ဖက်ခြောက်ကို ကျုပ်အကြိုက်ဆုံး ပဲ"

အိမ်ထိန်းကြီးက...

"လက်ဖက်ခြောက်ကောင်းကောင်းသောက်ရယင် ဦးခေါင်း ထဲ ကြည်လင်ပြီး စိတ်ပေါ့ပါးရွှင်လန်းနေပါတယ်၊ အိပ်ရေးပျက်ရတယ် ဆိုယင်တောင် လန်းလန်းဆန်းဆန်း ရှိစေပါတယ်"

ကောင်းရိုလုံ ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ်၊ လက်ဖက်ခြောက်ရဲ့ ဆေးဘက်ဝင်ပုံကို ချီးမွမ်း နေတယ်ဆိုယင် မိုးလင်းတာတောင် ဆုံးနိုင်မယ်မထင်ဘူး၊ ဒါကို ခဏထားလိုက်ကြတာပေါ့၊ အခု အိမ်ထိန်းကြီး ရောက်လာလို့ ကျုပ် လည်း စကားပြောဖော် ရသွားတာ အတော်ပဲ၊ ကျုပ်နည်းနည်း လောက် တိုင်ပင်ချင်တယ်"

"ကောင်းပါပြီ သခင်ကြီး"

အိမ်ထိန်းကြီးသည် ကောင်းရိုလုံ ညွှန်ပြသည့် ထိုင်ခုံတစ်လုံး



၌ ဝင်ထိုင်လိုက်လေသည်။

အိမ်ထိန်းကြီးသည် ကောင်းရိုလုံထံ၌ အမှုထမ်းခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်ပါသည်။

အလွန်သစ္စာရှိပြီး အစစအရာရာ ယုံကြည်အားကိုးရသူ ဖြစ် လေသည်။

ကောင်းရိုလုံ၏ တိုင်ပင်ဖော်တိုင်ပင်ဘက်လည်း ဖြစ်လေ သည်။

ကောင်းရိုလုံက...

"ခုတလော သိုင်းလောက မငြိမ်မသက် ဖြစ်နေတာကို အိမ် ထိန်းကြီးလည်း ကြားမိမှာပေါ့"

အိမ်ထိန်းကြီးက...

"ယက္ခဂိုဏ်းကြောင့်ဆိုတာ ကြားမိထားပါတယ် သခင်ကြီး"

"ဟုတ်တယ်၊ ယက္ခဂိုဏ်းက ဒုစရိုက်သမားတွေ၊ အနက် ရောင်သိုင်းသမားတွေကိုသာမက အင်အားနည်းပါးတဲ့ သိုင်းအဖွဲ့ လေးတွေကိုပါ စည်းရုံးသိမ်းသွင်းပြီး သြဇာတူထောင်နေတယ်၊ ဒါ ဟာ အင်အားစုစည်းပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ခြေလှမ်းပြင်တာ မျိုးပဲ မဟုတ်လားဗျာ"

အိမ်ထိန်းကြီး ခေါင်းညိတ်လိုက်သည်။

"ယက္ခဂိုဏ်းရဲ့အန္တရာယ် မသေးတာ အမှန်ပါပဲ သခင်ကြီး"

ကောင်းရိုလုံက...

"ယက္ခဂိုဏ်းက ပေါ်ပေါ်ထင်ထင် သောင်းကျန်းလာတာ ကြောင့် သူတို့ရဲ့အန္တရာယ်ကို ထင်ထင်ရှားရှား သိမြင်နိုင်ပေမယ့်

သိုင်းလောကမှာ နောက်ထပ် မမြင်ရသေးတဲ့ အန္တရာယ်တွေ ရှိနေသေးတယ် အိမ်ထိန်းကြီးရဲ့"

အိမ်ထိန်းကြီးက...

"သခင်ကြီးက မဟူရာစံအိမ်ကို ဆိုလိုတာလားဗျာ"

ကောင်းရိလုံ ပြုံးလိုက်သည်။

"အိမ်ထိန်းကြီး တော်တော်အကင်းပါးတာပဲ၊ ကျုပ်က မဟူရာစံအိမ်ကို ပြောတာ အမှန်ပါပဲ"

"မဟူရာစံအိမ်ဟာ လျှို့ဝှက်လွန်းတော့ ကြောက်စရာကောင်းနေတာ အမှန်ပါပဲ သခင်ကြီး"

"ဟုတ်ပါတယ်ဗျာ၊ သည်လူတွေဟာ လျှို့ဝှက်တဲ့အပြင် ရက်စက်ကြမ်းကြုတ်တယ်၊ ဒါကြောင့် မမြင်ရတဲ့ အန္တရာယ်က ပိုပြီး ကြောက်စရာကောင်းတယ်လို့ ပြောတာပါ"

ကောင်းရိလုံက ဆေးတံကို မီးညှိဖွာရှိုက်ပြီး ဆက်ပြောလိုက်လေသည်။

"သိုင်းလောကမှာ သူတို့ မထင်မရှား လှုပ်ရှားခဲ့ကြပေမယ့် ရက်စက်ကြမ်းကြုတ်လွန်းတာကြောင့် လူတွေ သတိထားမိသွားကြပြီး လက်မခံကြတော့ဘူးဆိုတာလည်း သိသွားတော့ ချက်ခြင်း ပျောက်ကွယ်သွားကြတာပဲ၊ ဒါ့ကို ကြည့်ယင် သူတို့ဟာ သိုင်းလောကနဲ့ ပတ်သက်လာယင် ဘယ်လိုသဘောထား ရှိတယ်ဆိုတာ သိသာထင်ရှားနေပါတယ်"

အိမ်ထိန်းကြီး သက်ပြင်းချလိုက်သည်။

"သခင်ကြီး စိုးရိမ်ပူပန်နေတယ်ဆိုယင်လည်း ကိုးနဝင်း



ဂိုဏ်းက အထောက်တော်တစ်ယောက် လွှတ်ပြီး စုံစမ်းနိုင်သင့်ပါတယ်"

ဟုအကြံပေးလေသည်။

ကောင်းရိလုံ ညဉ့်နက်သန်းကောင် အိပ်မပျော်နိုင်အောင် တွေးတောပူပန်နေခြင်းကို မကြည့်ရက်သည့် သဘောမျိုးလည်း ဖြစ်လေသည်။ ကောင်းရိလုံက...

"အင်း...ကျုပ်ကလည်း သည်လိုပဲ သဘောထားပါတယ်၊ မကြာခင် မဟူရာစံအိမ်အကြောင်း စုံစမ်းဖို့ အထောက်တော်တစ်ယောက် လွှတ်လိုက်မယ်လို့ စိတ်ကူးထားတယ်"

ဆေးတံကိုချကာ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ပြန်သည်။ သူစိတ်လှုပ်ရှားနေကြောင်း ထင်ရှားနေပါသည်။

"ယက္ခဂိုဏ်းနဲ့ မဟူရာစံအိမ်တို့ မပတ်သက်နေကြပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ၊ ဒါထက် အိမ်ထိန်းကြီးကို မေးစရာ ရှိသေးတယ်"

"မေးပါ သခင်ကြီး မေးပါ"

"ကျုပ်သား ကောင်းယုံကို ဘယ်လိုမြင်သလဲ"

အိမ်ထိန်းကြီး ဦးညွတ်လိုက်လေသည်။

"သခင်လေးကောင်းယုံဟာ ကျုပ်ရဲ့မျက်စိရှေ့မှောက်မှာ ကြီးပြင်းလာတာဖြစ်လို့ ချီးကျူးတာ မဟုတ်ပါဘူး၊ တကယ့်ကို သဘောမနောကောင်းပြီး ရိုးသားဖြူစင်တဲ့ လူငယ်လေးတစ်ယောက်ပါ။ ဉာဏ်ပညာထက်မြက်ပြီး သိုင်းပညာကိုလည်း စိတ်ဝင်စားမှု ရှိပါတယ်၊ ခုလို အသက်ဆယ့်လေးငါးနှစ်အရွယ်မှာတောင် သိုင်းလောက

လူငယ်လူရွယ်တွေထက် နှာတဖျားသာနေတာမို့ ကြီးပြင်းလာယင် သခင်ကြီးရဲ့ခြေရာနင်းပြီး သိုင်းလောကတာဝန်တွေ ထမ်းဆောင်နိုင်မှာ သေချာပါတယ်ဗျာ"

ကောင်းရိလုံ ပြုံးလိုက်လေသည်။

"အင်း...လူတိုင်းကတော့ ကောင်းယုံကို ချီးမွမ်းကြတာပဲ၊ ဒါပေမယ့် ကျုပ်တော့ သဘောမကျသေးဘူး"

အိမ်ထိန်းကြီး အံ့ဩသွားလေသည်။

"သခင်လေးကို ဘာကြောင့် သဘောမကျရတာလဲဗျာ၊ သခင်လေးဟာ..."

သူ၏စကားမဆုံးမီ ကောင်းရိလုံက ကြားဖြတ်ပြောလိုက်လေသည်။

"သူဟာ ချီးကျူးစရာကောင်းတဲ့ ကောင်လေးတစ်ယောက်ဖြစ်ပေမယ့် သူ့ရဲ့ဘဝဟာ လောင်းရိပ်မိသလို ဖြစ်နေတယ်၊ ကျုပ်ရဲ့အရိပ်အာဝါသအောက်မှာ ဘာမှ လိုလေသေးမရှိအောင် နေထိုင်ခဲ့ရတော့ ဘာကိုမှ မပူပန်တတ်တော့ဘူး"

အိမ်ထိန်းကြီး ပြုံးလိုက်လေသည်။

"ဒါကတော့ သခင်ကြီးရယ်၊ လူငယ်တိုင်းဟာ မိဘအရိပ်အာဝါသအောက်မှာ စိတ်ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်ကြီးပြင်းကြရတာချည်းပဲ မဟုတ်လား၊ မိဘအုပ်ထိန်းမှုနဲ့ ကင်းကွာမနေတာ ပိုကောင်းဘူးလားဗျာ၊ မိဘစကား နားထောင်တဲ့ကလေးတစ်ယောက်..."

သူ၏စကားမဆုံးမီ ကောင်းရိလုံက ကြားဖြတ်ပြောလိုက်



ပြန်လေသည်။

"သူဟာ မိဘစကားနားထောင်ပြီး လိမ္မာရေးခြားရှိတဲ့ကလေးတစ်ယောက်ဆိုတာ ကျုပ်လက်ခံပါတယ်၊ ကျုပ်ဆိုလိုတာက ရှေ့ဆက်ရမယ့် ဘဝခရီးအတွက် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တဲ့ လူတစ်ယောက် ဖြစ်လာအောင် ခုချိန်ကတည်းကစပြီး ကြိုးစားသွားသင့်တဲ့သဘောပါ၊ ကျုပ်ကလည်း အတတ်နိုင်ဆုံး ပြုစုပျိုးထောင်ပေးသွားမှာပါ"

အိမ်ထိန်းကြီးနှင့် ကောင်းရိလုံတို့သည် နှစ်ပေါင်းများစွာ အတူနေထိုင်ခဲ့ကြသူများ ဖြစ်ကြသည့်အလျောက် မိတ်ဆွေရင်းခြာများကဲ့သို့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုမှု ရှိကြလေသည်။

"သခင်လေးနဲ့ ပတ်သက်ပြီး သခင်ကြီးမှာ အစီအစဉ် တစ်ခုခုများ ရှိနေပြီလားဗျာ"

အိမ်ထိန်းကြီး မေးလိုက်လေသည်။ ကောင်းရိလုံက...

"ဟုတ်တယ်၊ ကျုပ်က သူ့ရဲ့ဘဝ ရှေ့ရေးကို စဉ်းစားပြီး အကောင်းဆုံး ဖြစ်နိုင်မယ့် နည်းလမ်းတစ်ခုကို ရွေးချယ်ထားတယ်"

"ဘယ်လိုနည်းလမ်းများလဲဗျ"

"သူ့ကို ကျုပ်မိတ်ဆွေတစ်ယောက်ရှိတဲ့ တောင်ပင်လယ်ကို လွှတ်လိုက်ဖို့ပါပဲ"

"ဟာ..."

အိမ်ထိန်းကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"တောင်ပင်လယ်ဆိုတော့ အဝေးကြီးပဲ ဖြစ်ပါ့မလား သခင်ကြီးရယ်၊ သခင်လေး ငယ်ပါသေးတယ်၊ သည်လောက် ဝေးလံတဲ့

အရပ်ကို မလွှတ်သင့်ဘူး ထင်ပါတယ်"

ကောင်းရှိလုံက...

"ဘာဖြစ်လို့လဲဗျ"

"သခင်လေးဟာ ရပ်ဝေးမှာ..."

"တောင်ပင်လယ်မှာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူက အစစအရာရာ တာဝန်ယူပြီး သိုင်းပညာပါ သင်ကြားပေးလိမ့်မယ်လေ၊ ကောင်းယုံလည်း သူများဆီ ရောက်ယင် ဘယ်လိုနေထိုင်ကျင့်ကြံစားသောက်ရမယ်ဆိုတာ သင်ယူပြီးသား ဖြစ်သွားမှာပေ့ါ"

ကောင်းရှိလုံသည် သားဖြစ်သူကို အလွန်ချစ်မြတ်နိုးသော်လည်း မျက်စိအောက်မှ အပျောက်မခံသော လူစားမျိုး မဟုတ်ပါ။

ကောင်းယုံ ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ဖြင့် ကိုယ်ရပ်ကာ နေထိုင်သွားတတ်ဖို့ စီစဉ်လိုက်ပြီ ဖြစ်လေသည်။

တောင်ပင်လယ်၌ သွားရောက်နေထိုင်ကာ သိုင်းပညာသင်ရမည့်ကိစ္စမှာ ခက်ခဲပင်ပန်းမည် ဖြစ်သော်လည်း ရှေ့ဘဝခရီးအတွက် လွန်စွာ အထောက်အကူပြုလိမ့်မည် ဖြစ်ပေသည်။

ကောင်းရှိလုံ မေးလိုက်သည်။

"အိမ်ထိန်းကြီး ဘယ်လိုသဘောရသလဲဗျ"

အိမ်ထိန်းကြီးက...

"သခင်ကြီး ကောင်းမယ်ထင်သလို စီစဉ်တာကို ကျုပ်ဘာမှ ပြောစရာအကြောင်း မရှိပါဘူး၊ တကယ်ဆိုတော့လည်း သခင်ကြီးရဲ့ အရိပ်အာဝါသအောက်မှာထားယင် သခင်လေး လိမ္မာယင် အ



ကြောင်းမဟုတ်ပေမယ့် မသိတတ်ဘူးဆိုယင် လူဘော်ကြော့တစ်ယောက် ဖြစ်သွားမှာ စိုးရိမ်ရပါတယ်"

ကောင်းရှိလုံ ရယ်မောလိုက်လေသည်။

"အိမ်ထိန်းကြီးဟာ အတွေ့အကြုံ ရင့်ကျက်တဲ့ လူတစ်ယောက်ပါ၊ ကောင်းယုံနဲ့ ပတ်သက်ပြီး ကျုပ်စီစဉ်တာကို လက်ခံလိမ့်မယ်ဆိုတာ ကျုပ်သိပြီးသားပါ၊ ကဲ... လက်ခံတယ်ဆိုယင်လည်း ကောင်းယုံ တောင်ပင်လယ်ကို ခရီးထွက်ဖို့ လိုအပ်တာတွေ ပြင်ဆင်လိုက်ပေတော့"

အိမ်ထိန်းကြီး အံ့ဩသွားပြန်လေသည်။

"သခင်လေးကို အခုချက်ခြင်းကြီးပဲ လွှတ်လိုက်တော့ မလို့လားဗျာ"

"ဒါပေ့ါ သူ့ကို လွှတ်လိုက်ဖို့ ဆုံးဖြတ်ပြီးမှတော့ နေ့ကောင်းရက်သာ ရွေးနေစရာ မလိုတော့ပါဘူးလေ၊ အမြန်ဆုံး လွှတ်လိုက်တာ အကောင်းဆုံးပဲ မဟုတ်လား"

အိမ်ထိန်းကြီး လက်ခံလိုက်ရပြန်လေတော့သည်။

"ကောင်းပါပြီ၊ ကျုပ်စီစဉ်လိုက်ပါ့မယ်၊ သခင်ကြီးလည်း ညဉ့်အတော်နက်နေပြီမို့ အနားယူသင့်ပါပြီ"

"ကျုပ် အိပ်ရာဝင်တော့မှာပါ"

ကောင်းရှိလုံလည်း လက်ခံလိုက်လေသည်။

ထို့နောက် အိမ်ထိန်းကြီးက ကောင်းရှိလုံကို နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

* * *

## ယက္ခဂိုဏ်း၏ခြေလှမ်း

ယက္ခဂိုဏ်း...

ယက္ခဂိုဏ်းသည် သိုင်းလောက၌ ပေါ်ပေါက်လာပြီး နေ့ချင်းညချင်း ထင်ရှားကျော်ကြားလာလေသည်။

ယက္ခဂိုဏ်းချုပ်မှာ 'မာထုံး'ဖြစ်သည်။

မာထုံးသည် ထိပ်တန်းသိုင်းပညာ တတ်မြောက်ထားသည့် အပြင် ဥစ္စာဓန ချမ်းသာကြွယ်ဝသူလည်း ဖြစ်သည်။

ယက္ခဂိုဏ်းသည် သိုင်းလောက ရှေ့ဆောင်ဂိုဏ်းကြီးတစ်ခု ဖြစ်လာရမည်ဟု ကြွေးကြော်ကာ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ယက္ခဂိုဏ်း ထူထောင်ကာစ အချိန်၌ လူဆိုးဓားပြများအား



တိုက်ခိုက်နှိမ်နင်းခဲ့ခြင်းကြောင့် အဖြူရောင်သိုင်းဂိုဏ်းတစ်ခုအဖြစ် သိုင်းလောကသားများက ကြိုဆိုခဲ့ကြသည်။

သို့သော် နောက်ပိုင်းတွင် ယက္ခဂိုဏ်းသည် ထင်တိုင်းကျဲလာခဲ့သည်။

ဒုစရိုက်မှုများတွင် ပါဝင်ပတ်သက်လာကြသည်။

သိုင်းလောကအား လွှမ်းမိုးရန် ကြိုးစားလာကြသည်။

သို့ဖြင့် သိုင်းလောကအား ဒုက္ခပေးမည့် ဂိုဏ်းတစ်ခုအဖြစ် ပြောင်းလဲကာ သိုင်းလောကတစ်ခုလုံးကလည်း သတိထားလာကြတော့သည်။

မည်သို့ဆိုစေ ယက္ခဂိုဏ်းချုပ်မာထုံးက အမှုမထားဘဲ သူ၏ရည်ရွယ်ချက်အတိုင်း ဆက်လက်အကောင်အထည် ဖော်သွားရန် ဆုံးဖြတ်ထားလေတော့သည်။

* * *

ရွှေပိန်းချထားသော ထိုင်ခုံကြီးပေါ်၌ မာထုံးက အခန့်သား ထိုင်နေပါသည်။

သူ၏မျက်နှာ အပြုံးအရယ် ကင်းမဲ့ကာ တည်တည်ကြီး ရှိနေသည်။

မလှမ်းမကမ်း၌ ဦးညွှတ်ကာ ရပ်နေသူတစ်ယောက်အား စိုက်ကြည့်နေသည်။

ထိုလူမှာ မာထုံး အားထားရသော 'ဝမ်းဟို' ဖြစ်သည်။

ဝမ်းဟိုသည် 'မြေဝါယက္ခ'ဟူသော ဘွဲ့ထူးရရှိထားသည့် ထိပ်တန်းသိုင်းသမားတစ်ယောက်လည်း ဖြစ်လေသည်။

ကျယ်ဝန်းသော ခန်းမဆောင်ကြီးထဲ၌ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

မြေဝါယက္ခဝမ်းဟို၏ဝဲဘက်၌ ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ရှိနေ၏။

ထိုအဘိုးအိုသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါး၊ မျက်လုံးမှေးမှေး၊ ရုပ်ဆိုးသော မျက်နှာပေါက်ရှိသူ ဖြစ်သည်။

ယက္ခဂိုဏ်းချုပ်မာထုံး အားထားရသော အတိုင်ပင်ခံ 'ရုပ်ဆိုးအဘိုးအို' ဖြစ်လေသည်။

မာထုံးသည် ဝမ်းဟိုကို အကဲခတ်နေရာမှ ရုပ်ဆိုးအဘိုးအိုဘက်သို့ လှည့်လိုက်လေသည်။

"ဝမ်းဟို၊ သတင်းရတဲ့အတိုင်းဆိုယင် 'စီချွမ်နယ်'က အရှေ့ဂိုဏ်းနဲ့ အနောက်ဂိုဏ်းဟာ သိုင်းပညာကော လူအင်အားပါ ဘာမှ ပြောစရာမရှိဘူး၊ ဆရာစုကော ဘယ်လိုသဘောရသလဲ"



အတိုင်ပင်ခံ ရုပ်ဆိုးအဘိုးအို၏အမည်ရင်းမှာ 'ဆရာစု' ဖြစ်သည်။

ရုပ်ဆိုးအဘိုးအို(ဝါ)ဆရာစုက...

"ယက္ခဂိုဏ်း အင်အားကြီးမားလာအောင် ဆောင်ရွက်မယ်ဆိုယင် အရှေ့ဂိုဏ်းနဲ့ အနောက်ဂိုဏ်းကို စည်းရုံးသိမ်းသွင်းဖို့ လိုပါတယ်၊ ဂိုဏ်းချုပ်ကြီး"

မာထုံး ပြုံးလိုက်လေသည်။

"အရှေ့ အနောက် ဂိုဏ်းနှစ်ခုစလုံးကို ကျုပ်ရဲ့လက်အောက် သွတ်သွင်းရလိမ့်မယ်၊ ဒါဆိုယင် စီချွမ်နယ်ဟာ ကျုပ်တို့ ယက္ခဂိုဏ်းရဲ့လက်အောက်ကို ရောက်လာမှာ သေချာတယ်"

ယက္ခဂိုဏ်းချုပ်မာထုံးသည် အရပ်ဒေသအသီးသီးမှ သိုင်းဂိုဏ်းများအား နည်းလမ်းအမျိုးမျိုး အသုံးပြုကာ စည်းရုံးသိမ်းသွင်းလျက် ရှိပေသည်။

သိုင်းဂိုဏ်း သိုင်းအဖွဲ့ငယ်များသည်လည်း ယက္ခဂိုဏ်း၏ အရှိန်အဝါကို ကြောက်ရွံ့ကာ မဟာမိတ်ဖွဲ့လာကြသည်။

ယက္ခဂိုဏ်းမှာ အချိန်တိုတိုဖြင့် အလွန်အင်အားကြီးမားသော ဂိုဏ်းကြီးတစ်ခု ဖြစ်လာခဲ့တော့သည်။

မာထုံးက မြေဝါယက္ခဝမ်းဟိုကို ကြည့်လိုက်သည်။

"ဝမ်းဟို၊ မင်းက အရှေ့ဂိုဏ်းကို သွားပါ၊ ကျုပ်တို့နဲ့ ပူးပေါင်းဖို့ ပြောပါ"

ဝမ်းဟို ဦးညွှတ်လိုက်သည်။

"အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး"

မာထုံးက...

"အရှေ့ဂိုဏ်းက ငါတို့နဲ့ ပူးပေါင်းဖို့ လက်မခံဘူးဆိုယင်တော့ ထုံးစံအတိုင်း ဆက်လုပ်ပါ"

"ကောင်းပါပြီ ခင်ဗျာ"

မာထုံး၏ထုံးစံအတိုင်းဆိုသည်မှာ အရှေ့ဂိုဏ်းချုပ်အား သုတ်သင်ရှင်းလင်းခိုင်းခြင်း ဖြစ်လေသည်။

မာထုံး လက်ဝှေ့ယမ်းပြလိုက်သည်။

ဝမ်းဟို ဦးညွတ်ကာ ထွက်သွားလေသည်။

ဝမ်းဟို ထွက်သွားတော့မှ မာထုံးက ရုပ်ဆိုးအဘိုးအို(ဝါ) ဆရာစုအား လှမ်းမေးလိုက်သည်။

"ဆရာစု သိုင်းလောကထဲမှာ ကျုပ်တို့ဂိုဏ်းနဲ့ ပတ်သက်ပြီး သတင်းတွေ ဖြစ်ပေါ်နေတာကို ကြားမိတယ် မဟုတ်လားဗျ"

ဆရာစု ခေါင်းညိတ်လိုက်သည်။

"ယက္ခဂိုဏ်းဟာ နောက်ကွယ်မှာ ထင်ရာစိုင်းနေပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတယ်လို့ လူတွေ ပြောဆိုနေကြပါတယ် ဂိုဏ်းချုပ်ကြီး"

မာထုံးက...

"သည်သတင်းတွေနဲ့ ပတ်သက်ပြီး ဆရာစု ဘယ်လို သဘောရသလဲ"

ဆရာစုသည် ရုတ်တရက် အဖြေမပေးဘဲ မာထုံးကို တစ်ချက် အကဲခတ်ကြည့်လိုက်လေသည်။

မာထုံး တဟားဟား ရယ်မောလိုက်သည်။



"ဟား...ဟား...ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်ကာ ခန်းမဆောင်ထဲ ဟိန်းထွက်လာလေသည်။

ဆရာစု အံ့သြသွားသည်။

"ဂိုဏ်းချုပ်ကြီးက..."

"ကျုပ်သဘောကျလို့ ရယ်တာပေါ့ဗျာ၊ သည်သတင်းဟာ သွေးထွက်အောင် မှန်နေတာပဲ မဟုတ်လား"

ဆရာစု သက်ပြင်းချလိုက်လေသည်။

"သိုင်းလောကသားတွေကတော့ တစ်ယောက်ယောက် သတင်းကြီးလာပြီဆိုတာနဲ့ မျက်လုံးပြူးကြီး ကြည့်ကြတော့တာပဲ၊ သူတို့သဘောမကျတာနဲ့ မကောင်းတဲ့လူတွေလို့ သတ်မှတ်ကြတော့တာပဲ၊ ဒါကြောင့် ကျုပ်တို့ ယက္ခဂိုဏ်းကို မကောင်းဘူး ပြောတာ မဆန်းပါဘူးဗျာ"

မာထုံးက...

"ဒါပေ့ါ သူတို့ မကျေနပ်တော့ကော ကျုပ်ဂရုစိုက်ရမှာလား၊ ကျုပ်လုပ်စရာရှိတာ ဆက်လုပ်သွားရမှာပဲဗျ၊ အရှေ့အနောက် ဂိုဏ်းနှစ်ခုကို စည်းရုံးသိမ်းသွင်းပြီးပြီဆိုတာနဲ့ မြေလတ်ပိုင်းကိုသွားဖို့ လမ်းပွင့်သွားပြီပေ့ါ၊ ကျုပ်တို့အားလုံး ပြင်းပြင်းထန်ထန် ကြိုးစားရမယ်၊ သိုင်းလောကတစ်ခုလုံး ကျုပ်ခြေဖဝါးအောက်ကို ရောက်လာရမယ်"

ဆရာစုအား စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ဆရာစုက ဝမ်းဟိုနောက်ကို လိုက်သွားပါ၊ အရှေ့ဂိုဏ်းကို

ပေါ့ဆလို့ မရဘူး"

"ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး"

ဆရာစုလည်း မာထုံးကို ဦးညွှတ်ကာ ခန်းမဆောင်ထဲမှ ထွက်သွားတော့သည်။

မာထုံး ပြုံးလိုက်လေသည်။

"သိုင်းလောကတစ်ခုလုံး ကျုပ်ရဲ့ ခြေဖဝါးအောက်ကို ရောက်လာရမှာပေါ့"

ဟုထပ်ပြီး ကြုံးဝါးလိုက်လေတော့သည်။

* * *

## အရှေ့ဂိုဏ်း

အရှေ့ဂိုဏ်းသည် စီချွမ်းနယ်၏ အရှေ့ဘက်ခြမ်း၌ တည်ရှိပြီး အနောက်ဘက်ခြမ်း၌ တည်ရှိသည့် အနောက်ဂိုဏ်းနှင့် အပြိုင်ထင်ရှားသော ဂိုဏ်းတစ်ခု ဖြစ်လေသည်။

အရှေ့ဂိုဏ်းချုပ်မှာ ကျင်းစန်း ဖြစ်သည်။

ကျင်းစန်း၏ဓားနှစ်လက်သိုင်းသည် ပြိုင်စံရှားသည်ဟု အများလက်ခံထားကြသည်။

ယနေ့...

အရှေ့ဂိုဏ်းသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။

ယက္ခဂိုဏ်းချုပ်မာထုံး စေလွှတ်လိုက်သည့် 'ဝမ်း'ဟို ဖြစ်သည်။

ဝမ်းဟိုအား အရှေ့ဂိုဏ်းမှ အစောင့်အကြပ်များက ဟန့်တားလိုက်ကြလေသည်။

"ရပ်လိုက် ဘာကိစ္စလဲ ပြောပါ"

ဝမ်းဟို ပြုံးလိုက်သည်။

"အရှေ့ဂိုဏ်းချုပ်ကျင်းစန်းနဲ့ တွေ့ဖို့ ကျုပ်လာခဲ့တာပဲ၊ ကျုပ်ကို တားဆီးမယ် မလေးမစား လုပ်မယ်ဆိုယင်တော့ မင်းတို့ အပြစ်ပေးခံရမှာ သေချာတယ်"

"နေပါဦး ခင်ဗျားက ဘယ်သူလဲ"

အစောင့်များ ဇဝေဇဝါဖြင့် မေးကြသည်။

ဝမ်းဟို ရင်ကော့လိုက်သည်။

"ကျုပ်ဟာ ယက္ခဂိုဏ်းက ဝမ်းဟိုပဲ၊ ယက္ခဂိုဏ်းချုပ် အမိန့်နဲ့ လာခဲ့တာ၊ ကဲ...လမ်းဖယ်လိုက်ကြပေတော့"

ယက္ခဂိုဏ်းမှ လူတစ်ယောက်ဖြစ်ကြောင်း သိရလျှင် အစောင့်အကြပ် ဂိုဏ်းသားများ မကျေမနပ် ဖြစ်သွားကြ၏။

ယက္ခဂိုဏ်းသည် သိုင်းလောကအား လက်ဝါးကြီးအုပ်ဖို့ ကြံစည်နေသော ဂိုဏ်းတစ်ခုဖြစ်ကြောင်း သိရှိနားလည်ထားကြသည် မဟုတ်ပါလား။

ဝမ်းဟိုအား ရုတ်တရက် ဝင်ခွင့်မပြုကြဘဲ လမ်းပိတ်ဟန့်တားထားမြဲ လမ်းပိတ်ထားကြလေသည်။

"ယက္ခဂိုဏ်းက လူဆိုပြီး ကျုပ်တို့ဂိုဏ်းထဲကို ဝင်ချင်တိုင်း ဝင်ထွက်ချင်တိုင်း ထွက်လို့ မရဘူးဗျ၊ ဂိုဏ်းချုပ်ခွင့်ပြုမှ ခင်ဗျား ဝင်လို့ရမယ်၊ ကဲ...ဟေ့...တစ်ယောက် သတင်းသွားပို့လိုက်ပါ"



အစောင့်ခေါင်းဆောင်သည် ပြတ်သားစွာပြောကာ ငယ်သားတစ်ယောက်အား သတင်းပို့ခိုင်းလိုက်လေသည်။

ဝမ်းဟို ခံပြင်းသွားသည်။

"အရှေ့ဂိုဏ်းက လူတွေ မောက်မာတာပဲ၊ နေနှင့်ကြဦးပေါ့ဗျာ"

စိတ်ထဲ တေးမှတ်ထားလိုက်လေသည်။

သတင်းသွားပို့သော ငယ်သား ချက်ခြင်းပြန်ရောက်လာလေသည်။

"ဂိုဏ်းချုပ်ကြီးက ဧည့်သည်ကို ဝင်ခွင့်ပြုဖို့ အမိန့်ပေးလိုက်ပါတယ်"

အစောင့်ခေါင်းဆောင်က...

"ကဲ...ခင်ဗျားဝင်သွားလို့ရပြီ"

ဝမ်းဟိုအား ဝင်ခွင့်ပြုလိုက်လေသည်။

ဝမ်းဟို ရယ်မောလိုက်သည်။

"မဆိုးဘူး၊ အရှေ့ဂိုဏ်းမှာ တာဝန်ကို တိတိကျကျ ထမ်းဆောင်တဲ့လူတွေ ရှိနေသေးတာပဲ၊ ကျုပ်ဟာ ယက္ခဂိုဏ်းက လာခဲ့တာဆိုတော့ ခင်ဗျားတို့ဂိုဏ်းချုပ် လက်မခံဘဲ နေနိုင်ပါ့မလား၊ ခင်ဗျားက အမှန်းခံပြီး တားဆီးနေတာပဲ"

အစောင့်ခေါင်းဆောင်က တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ယက္ခဂိုဏ်းကမကလို့ ဘယ်ကပဲလာလာ ကျုပ်မှာ တာဝန်ရှိတဲ့အတိုင်း တားဆီးပြီး စစ်ဆေးမေးမြန်းရမှာပဲ၊ ဂိုဏ်းချုပ် ခွင့်မပြု

ဘဲ ဘယ်သူ့ကိုမှ ဝင်ခွင့်မပြုနိုင်ဘူးဗျ"

ဝမ်းဟိုက...

"ဘာတဲ့ဒေ့သည်က ဂရုမစိုက်ဘဲ အတင်းဝင်မယ်ဆိုယင်ကော"

"မရပါဘူးဗျာ၊ ဘယ်သူမှ အတင်းဝင်လို့ မရခဲ့ပါဘူး"

"ကောင်းပြီ၊ ခင်ဗျားစကား ခင်ဗျားမှတ်ထားပါ၊ တစ်နေ့ကျယင် ကျုပ်စမ်းကြည့်မယ်"

ဝမ်းဟို ပမာမခန့် ပြောလိုက်သည်။

တဖန်...

"တာဝန်ကျေတဲ့ ခင်ဗျားနာမည်က ဘယ်လိုခေါ်သလဲဆိုတာ ပြောပြနိုင်မလားဗျ"

ဟုမေးလိုက်လေသည်။

အစောင့်ခေါင်းဆောင်လည်း ပြုံးလိုက်လေသည်။

"ခင်ဗျားဘယ်လို သဘောနဲ့ သည်လိုမေးတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားသိအောင် ကျုပ်ပြောပြလိုက်ပါ့မယ်၊ ကျုပ်နာမည်ချိုကျန်းလို့ခေါ်တယ် မှတ်ထားပါ၊ ခွင့်ပြုချက်မရဘဲ ဝင်ချင်တိုင်းဝင်လို့ရမယ်ထင်ယင်လည်း စမ်းကြည့်နိုင်ပါတယ်"

"ဟား...ဟား...ဟား"

ဝမ်းဟို တဟားဟား ရယ်မောကာ ဂိုဏ်းအဆောက်အဦးအတွင်းသို့ ဝင်သွားလေသည်။

ငယ်သားတစ်ယောက်က ချိုကျန်းအား ပြောလိုက်သည်။

"ဆရာချိုကျန်း၊ သူက ကျုပ်တို့ကို တမင်ရန်စသွားတာဗျ"



ချိုကျန်း သက်ပြင်းချလိုက်သည်။

"ယက္ခဂိုဏ်းဟာ သိုင်းလောကကို လွှမ်းမိုးဖို့ ကြံစည်နေတာ လူတိုင်းသိကြတာပဲ၊ ခုလည်း ကောင်းတဲ့သဘောနဲ့ ရောက်လာတာ မဖြစ်နိုင်ဘူး၊ ဒါကြောင့် သတိဝီရိယရှိကြပါ"

ဟုငယ်သားများအား မှာကြားလိုက်လေတော့သည်။

* * *

ဝမ်းဟိုသည် အရှေ့ဂိုဏ်း၏ခန်းမဆောင်ကြီးထဲသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

အရှေ့ဂိုဏ်းချုပ်ကျင်းစန်းသည် လက်ထောက်အိုလုံနှင့်အတူ ကြိုဆိုကာ နေရာထိုင်ခင်းပေးလိုက်သည်။

"ယက္ခဂိုဏ်းက လာတယ်ဆိုတော့ အကြောင်းကိစ္စများရှိလို့လားဗျာ"

ဟုမေးလိုက်လေသည်။

အရှေ့ဂိုဏ်းနှင့် ယက္ခဂိုဏ်းမှာ အသွားအလာ အဆက်အဆံ မရှိခဲ့ကြပါချေ။

ထို့ကြောင့် အရှိန်အဝါ ကြီးမားလာသည့် ယက္ခဂိုဏ်းမှ လူတစ်ယောက် ရောက်ရှိလာသည်မှာ အကြောင်းရှိရမည်ဟု ဂိုဏ်းချုပ်ကျင်းစန်း နားလည်ထားလေသည်။

ဝမ်းဟိုက...

"သေချာတာပေါ့ဗျာ၊ ကိစ္စမရှိဘဲ ကျုပ်တို့ယက္ခဂိုဏ်းက လူ

တွေဟာ အရှေ့ဂိုဏ်းကို အချိန်ကုန်ခံပြီး လာစရာအကြောင်း မရှိပါဘူးလေ"

သူ၏စကားက တင်စီးလှပေသည်။

လက်ထောက်အိုလုံ မကျေမနပ် ဖြစ်သွားလေသည်။

"မိတ်ဆွေ ကျုပ်တို့ အရှေ့ဂိုဏ်းကလည်း အချိန်ကုန်ခံပြီး ယက္ခဂိုဏ်းက လူတွေကို ဧည့်ခံနေစရာအကြောင်း မရှိပါဘူး၊ ဒါကြောင့် ဘာကိစ္စ ရှိတယ်ဆိုတာ ပြောပါ"

ဝမ်းဟို မျက်နှာတည်သွားလေသည်။

"ကျုပ်လာခဲ့တာက အရှေ့ဂိုဏ်းဟာ ကျုပ်တို့ယက္ခဂိုဏ်းကို ရိုကျိုးပြီး လက်ဆောင်ပဏ္ဏာဆက်သဖို့ပါပဲ"

"ဘာဗျ"

"အရှေ့ဂိုဏ်းဟာ ယက္ခဂိုဏ်းနဲ့ ရင်းရင်းနှီးနှီး ပူးပေါင်းရပါလိမ့်မယ်ဗျာ"

အိုလုံ၏မျက်နှာ မည်းမှောင်သွားလေသည်။

"တော်တော်စော်ကားပါလား၊ ယက္ခဂိုဏ်းက ဘာမို့လဲဗျ"

ဝမ်းဟိုက စိုက်ကြည့်လိုက်သည်။

"ခင်ဗျားစကား ကြည့်ပြောယင် ကောင်းမယ်"

"မိတ်ဆွေ ခင်ဗျား သည်နေရာက မြန်မြန်ထွက်သွားတာ အကောင်းဆုံး ဖြစ်မယ်ဗျ"

အိုလုံက ပြန်အော်လိုက်လေသည်။

ယက္ခဂိုဏ်းသည် သိုင်းဂိုဏ်းများအား နှိပ်ကွပ်ထက်စီးနင်း လိုက်လံစည်းရုံးသိမ်းသွင်းနေကြောင်း၊ ထင်ရာစိုင်းနေကြောင်း သိထားပြီး



ဖြစ်သည်။

ထို့ကြောင့် စော်ကားမော်ကား ပြောလာသည့်အခါ အိုလုံ ဒေါသထွက်သွားခြင်းဖြစ်သည်။

"ဟား...ဟား...ဟား"

ဝမ်းဟို ဟားတိုက်ရယ်မောလိုက်သည်။

"ကျုပ်ကို မောင်းထုတ်ရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး၊ အရှေ့ဂိုဏ်းက တော်တော်မောက်မာနေပါလား၊ ကောင်းပြီလေ၊ ယက္ခဂိုဏ်းချုပ်ဆီကို ပြန်ပြီး သတင်းပို့ရသေးတာပေါ့"

အိုလုံက...

"ကျုပ်တို့က ယက္ခဂိုဏ်းကို ဂရုစိုက်နေရမှာလားဗျ"

ဝမ်းဟိုက စိန်ခေါ်လိုက်လေသည်။

"ခင်ဗျား သည်လောက်တောင် သတ္တိကောင်းနေယင် ကျုပ်တို့ ယှဉ်ပြိုင်ကြည့်လိုက်ယင် မကောင်းဘူးလား"

အိုလုံကလည်း ရယ်မောလိုက်လေသည်။

"ဘယ်လိုပြောလိုက်တာလဲဗျာ၊ ယက္ခဂိုဏ်းက လူတစ်ယောက်ကို ဆုံးမလိုက်နိုင်တယ်ဆိုပြီး ကျုပ်ဂုဏ်ယူနေရမှာပေါ့ဗျ"

ဝမ်းဟိုက ဂိုဏ်းချုပ်ကျင်စန်းကို ကြည့်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးကော ဘယ်လိုသဘောရသလဲဗျ"

ကျင်စန်းက...

"ယက္ခဂိုဏ်းက လာပြီး စော်ကားတာကို၊ ကျုပ်တို့ သည်အတိုင်း ခေါင်းငုံ့ခံနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဆုံးမရမှာပေါ့လေ၊ ကျုပ်လူ ပြောတာ မမှားပါဘူး"

ခပ်တည်တည်ပင် ပြန်ပြောလိုက်လေသည်။

ကျင်စန်းသည် အိုလုံဘက်မှ မားမားမတ်မတ် ရပ်တည်လိုက်ခြင်း ဖြစ်သည်။

အရှေ့ဂိုဏ်းသည် ယက္ခဂိုဏ်းအား လုံးဝအမှုမထားကြောင်း ဖော်ပြလိုက်လေတော့သည်။

အမှန်ဆိုလျှင် အရှေ့ဂိုဏ်းမှာ ယက္ခဂိုဏ်းထက် အယင် သိုင်းလောက၌ ထူထောင်ခဲ့သော ဂိုဏ်းတစ်ခု ဖြစ်သည်။

သိုင်းလောကအကျိုး အများအကျိုး သည်ပိုးဆောင်ရွက်ခဲ့ခြင်းကြောင့် ထင်ရှားခဲ့သည်။

ထို့ကြောင့်လည်း ယက္ခဂိုဏ်း ပေါ်ပေါက်လာပြီး သိုင်းလောကကို လွှမ်းမိုးရန် ကြိုးစားအားထုတ်လာသောအခါ ကြည့်မရအောင် ဖြစ်လာလေတော့သည်။

ဝမ်းဟို လာရောက်စော်ကားလာလေသောအခါ ဒေါသဖြစ်သွားကြပြီး ဆုံးမရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်လေသည်။

ဝမ်းဟို မဲ့ပြုံးပြုံးလိုက်လေသည်။

"ကောင်းပြီလေ၊ အရှေ့ဂိုဏ်း ဘယ်လောက် အစွမ်းရှိသလဲ ကြည့်ရသေးတာပေါ့"

ထိုစဉ်...

"နောင်ကြီးအိုလုံ၊ သူ့ကို ကျုပ်တာဝန်ယူပါရစေဗျာ"

စကားသံနှင့်အတူ အစောင့်ခေါင်းဆောင်ချိုကျန်း ရောက်ရှိလာလေသည်။

ချိုကျန်းနှင့် အိုလုံတို့သည် အရှေ့ဂိုဏ်းချုပ်ကျင်စန်း၏ အား



ထားရသော လက်ရုံးသိုင်းသမားများ ဖြစ်ကြသည်။

အရှေ့ဂိုဏ်း၌ ဂိုဏ်းချုပ်ကျင်စန်းပြီးလျှင် သိုင်းပညာအတော်ဆုံး ဖြစ်ကြလေသည်။

"ဟား...ဟား...ဟား၊ ငါ့ညီချိုကျန်း၊ ယက္ခဂိုဏ်းက လူတွေကို ဆုံးမဖို့ ငါတို့ လုနေရသလို ဖြစ်နေပြီ"

အိုလုံက ရယ်မောယင်း ပြောသည်။

ချိုကျန်းက...

"ကျုပ်ပဲ တာဝန်ယူပါရစေဗျာ"

"ကောင်းပြီ...ကောင်းပြီ"

အိုလုံက နောက်ဆုတ်ပေးလိုက်လေသည်။

ချိုကျန်း ကျေနပ်သွားသည်။

"ခင်ဗျား ဘာလုပ်နေတာလဲ"

ဝမ်းဟိုအား လှမ်းပြောလိုက်တော့သည်။

* * *

ဝမ်းဟို ခံပြင်းနေသည်။

ယက္ခဂိုဏ်းဆိုသည်နှင့် သိုင်းလောကသားတို့ ထိတ်လန့်ကြောက်ရွံ့သွားရမည်ဟု ခံယူထားလေသည်။

အရှေ့ဂိုဏ်းက လုံးဝကြောက်ရွံ့ခြင်း မရှိဘဲ အထင်သေးစွာ ဆက်ဆံနေသည်ကို တွေ့ရသောအခါ မယုံနိုင်အောင် ဖြစ်သွားလေသည်။

အရှေ့ဂိုဏ်းအား ဆုံးမမည်ဟုလည်း ဆုံးဖြတ်လိုက်လေတော့သည်။ အရှေ့ဂိုဏ်း၏ဧည့်ခန်းမဆောင်ကြီးအတွင်း၌ ချိုကျန်းနှင့် ဝမ်းဟိုတို့ မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

ဂိုဏ်းချုပ်ကျင်စန်းက…

“ယက္ခဂိုဏ်းက မိတ်ဆွေ၊ ကျုပ်ရဲ့ချိုကျန်းနဲ့ မယှဉ်ပြိုင်ခင်၊ ခင်ဗျားကို ကျုပ်တို့ အရှေ့ဂိုဏ်းက အနိုင်ကျင့်စော်ကားတာမျိုး မဖြစ်ရအောင် စဉ်းစားစေချင်တယ်၊ ကျုပ်တို့ကို မကျေနပ်ဘူးဆိုယင် ယက္ခဂိုဏ်းချုပ်ကို ပြန်ပြောပြပြီးမှ လာယှဉ်ပြိုင်မယ်ဆိုယင်လည်း ရပါတယ်လေ”

အရှေ့ဂိုဏ်း၏သဘောထားကား ရှင်းရှင်းလင်းလင်း ဖြစ်နေပါသည်။

ယက္ခဂိုဏ်းအား လုံးဝအမှုမထားဘဲ ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ပေါ်လွင်နေသည်။

ယက္ခဂိုဏ်းအား စိုးရွံ့နေမည်ဟု ယူဆခဲ့သော ဝမ်းဟို အထင်နှင့်အမြင် တလွဲတခြား ဖြစ်နေခြင်းကြောင့် ခံပြင်းမဆုံးတော့ချေ။



“ကျုပ်တို့ဂိုဏ်းချုပ်ကို ဘာမှ ပြန်ပြောနေစရာ မလိုပါဘူးဗျာ၊ ကျုပ်ကိုယ်တိုင်ပဲ ခင်ဗျားတို့ကို ဆုံးမသွားပါ့မယ်”

ဂိုဏ်းချုပ်ကျင်စန်း ပြုံးလိုက်သည်။

“ခင်ဗျားကိုယ်ခင်ဗျား ယုံကြည်စိတ်ချမှု ရှိရဲ့လား”

“ကျုပ်ဘာကြောင့် ကိုယ့်ကိုကိုယ် စိတ်မချရမှာလဲ”

“ဒါဖြင့် ပြီးတာပါပဲလေ”

ဂိုဏ်းချုပ်ကျင်စန်းသည် နောက်ဆုတ်သွားပြီး ချိုကျန်းအား လက်ငွေ့ယမ်းပြလိုက်လေသည်။

ချိုကျန်း စိတ်မရှည်ပါ။

“ခင်ဗျားစမလား ကျုပ်စရမလား ပြောပါ”

ဝမ်းဟိုကို ခပ်ပြတ်ပြတ်မေးသည်။

ဝမ်းဟိုကလည်း ပမာမခန့် ပြောလေသည်။

“ကျုပ်ကို နိုင်မယ်ထင်ယင် တိုက်ခိုက်ကြည့်ပါဗျာ”

“ကောင်းပြီ”

ချိုကျန်းက လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ စတင်တိုက်ခိုက်လိုက်လေသည်။

“ဟူး”

လေတိုးသံများ ထွက်ပေါ်လာပြီး လက်ဝါးရိပ်များသည် ဝမ်းဟို၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွားလေသည်။

ချိုကျန်းမှာ ခေသူမဟုတ်ကြောင်း ထင်ရှားနေပါသည်။

သူ၏လက်ဝါးသိုင်းက ထိပ်တန်းအဆင့် ရှိနေသည် မဟုတ်ပါလား။

ဝမ်းဟို မပေါ့ဆဝံ့တော့ဘဲ လက်ဝါးနှစ်ဘက်ဖြင့်ပင် ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ထိပ်တန်းသိုင်းသမားများ ဖြစ်ရကား သူတို့၏သိုင်းကွက်များသည် အဆင့်မြင့်ပြီး ထိရောက်မှု ရှိနေပါသည်။

တစ်ချက်ကလေး မှားလိုက်သည်နှင့် ဒုက္ခရောက်သွားလိမ့်မည် ဖြစ်လေသည်။

ဂိုဏ်းချုပ်ကျင်စန်းနှင့် အိုလုံတို့က လက်ပိုက်ကြည့်နေကြ၏။

ဝမ်းဟိုအား ချိုကျန်းက ဆုံးမနိုင်လိမ့်မည်ဟု ယုံကြည်ထားကြလေသည်။

သူတို့ ယုံကြည်ထားသည့်အတိုင်းပင် ယှဉ်ပြိုင်တိုက်ခိုက်ယင်း သိုင်းကွက်နှစ်ဆယ်ကျော်လာသောအခါ ချိုကျန်း အသာစီးရလာသည်ကို တွေ့လိုက်ရလေသည်။

"သတိထား"

ချိုကျန်းက သတိပေးယင်း ဖိပြီး တိုက်ခိုက်လိုက်သည်။

ဝမ်းဟို ရင်ထိတ်သွားသည်။

"ဟိတ်"

"ယား"

ညာသံပေးကာ အကြောက်အကန် ခုခံလိုက်လေသည်။

သူ၏တိုက်ကွက်များကလည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

ချိုကျန်းနှင့် ဆက်၍ တိုက်ခိုက်လိုက်ပြီး မကြာမီ လူရိပ်များ



လက်ဝါးရိပ်များ ရောထွေးသွားလေသည်။

"ဝုန်း"

"အင့်"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ချိုကျန်း နောက်ဆုတ်လိုက်သည်။

ဝမ်းဟိုလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရာ တိုက်ပွဲပြီးဆုံးသွားတော့သည်။

* * *

ဂိုဏ်းချုပ်ကျင်စန်းနှင့် အိုလုံတို့ ပြုံးနေကြသည်။

တိုက်ပွဲတွင် ချိုကျန်း အနိုင်ရလိုက်ပြီ မဟုတ်ပါလား။

ဝမ်းဟိုကား မျက်နှာပျက်နေသည်။

သူ၏လက်တစ်ဘက်က တွဲလောင်းကျနေသည်။

ချိုကျန်းနှင့် ရင်ဆိုင်တိုက်ခိုက်ယင်း လက်တစ်ဘက် သွင်သွင်ကျိုးကာ တွဲလောင်းကျသွားပြီ မဟုတ်ပါလား။

ချိုကျန်းက ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ ပြောလိုက်သည်။

"ခင်ဗျားရှုံးသွားပြီ၊ ကျုပ်တို့ အရှေ့ဂိုဏ်းကို အထင်သေးလို့ မရဘူးဆိုတာ ယက္ခဂိုဏ်းချုပ်သိအောင် ပြန်ပြောပြလိုက်ပါဗျာ"

ဝမ်းဟို အံကြိတ်လိုက်သည်။

အရေးနိမ့်ကာ ပြန်လာရသည်ကို သိသွားလျှင် ယက္ခဂိုဏ်း

ချုပ် စိတ်ဆိုးပြီး အရေးယူလိမ့်မည်ဖြစ်ကြောင်း နားလည်ထားလေသည်။

ထို့ကြောင့်...

"ခင်ဗျား အသာစီးရသွားတာ မှန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားသိပ်တော်လို့ မဟုတ်ဘဲ ကျုပ်လောကြီးသွားတာကြောင့်လို့ မှတ်ထားပါ၊ သည်တစ်ခါ သတိထားပါဦးဗျ"

အော်ပြောယင်း အကောင်းပကတိ ရှိနေသေးသော ကျန်လက်တစ်ဘက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ချိုကုန်း ရယ်မောလိုက်သည်။

"ခင်ဗျားမှာ လက်နှစ်ဘက် ရှိနေတုန်းကတောင် ကျုပ်ကို မယှဉ်နိုင်တာ၊ အခု လက်တစ်ဘက်ပဲ ရှိတော့တယ်၊ ဘယ်လိုလုပ်ပြီး ယှဉ်နိုင်ဦးမှာလဲဗျာ"

သူ၏လက်ဝါးသိုင်းကိုပင် အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်ရာ...

"ဝုန်း"

ဝမ်းဟို အဝေးသို့ လွင့်စဉ်သွားတော့သည်။

အရှေ့ဂိုဏ်းအား မထီမဲ့မြင် လာရောက်စော်ကားခဲ့သော ဝမ်းဟိုကား မရှုမလှ အရေးနိမ့်နေပြီ ဖြစ်သည်။

ဝမ်းဟို ရှက်လည်းရှက် ဒေါသလည်း ထွက်နေသည်။

"အရှေ့ဂိုဏ်းက စော်ကားတာကို ကျုပ်တို့ ဂိုဏ်းချုပ်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး၊ ခင်ဗျားတို့ သတိထားနေကြပေတော့"



စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားလေသည်။

သို့သော်...

"ရပ်လိုက်"

အိုလုံက အော်ငေါက်ဟန့်တားလိုက်သည်။

သူ၏ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် မြားတစ်စင်းပမာ တိုးထွက်သွားပြီး ဝမ်းဟို၏ရှေ့၌ လမ်းပိတ်ထားပြီးသား ဖြစ်သွားလေတော့သည်။

ဝမ်းဟို ခြေလှမ်းရပ်လိုက်ရလေသည်။

အိုလုံကို မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဟန့်တားမလို့လား"

အိုလုံ တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"ခင်ဗျား စော်ကားချင်တိုင်း စော်ကားပြီး သည်အတိုင်း ထွက်သွားလို့ ဘယ်ရမလဲဗျ"

ဝမ်းဟိုက...

"ဘာဗျ"

"ကျုပ်တို့ဂိုဏ်းမှာ လာပြီး သောင်းကျန်းတဲ့အတွက် ဂိုဏ်းချုပ်ကို ဝန်ချတောင်းပန်ပြီးမှ ထွက်သွားလို့ရမယ်"

"ဘာ...ကျုပ်ဝန်ချတောင်းပန်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်မတောင်းပန်ဘူးဆိုယင်ကော"

ဝမ်းဟို မချေမငံ ပြောလိုက်၏။

အိုလုံက...

"ဒါဆိုယင် သည်အတိုင်း ထွက်သွားလို့ မရပါဘူး"

ချိုကျွန်း ကြားဝင်ပြောလိုက်လေသည်။

"ခင်ဗျားဒူးထောက်ပြီး ထွက်သွားမယ်ဆိုယင်တော့ သွားခွင့်ပြုလိုက်မယ်"

"ဘာပြောတယ်"

"ဒါမှမဟုတ်ယင် ခင်ဗျားရဲ့ စော်ကားမှုတွေကို ခင်ဗျားတို့ဂိုဏ်းက တာဝန်ရှိတဲ့ လူတစ်ယောက်ယောက် လာပြီး တောင်းပန်မှ ခင်ဗျားကို လွှတ်ပေးနိုင်မယ်"

ဝမ်းဟို ထိတ်လန့်သွားလေသည်။

အရှေ့ဂိုဏ်းသည် ကြောက်ရွံ့ခြင်း မရှိသည့်အပြင် သူ့အား ဖမ်းဆီးထားကြတော့မည် မဟုတ်ပါလား။

ဝမ်းဟို အံကြိတ်လိုက်သည်။

"ကျုပ်ကို ခေါ်ထားလို့ ရမယ်ထင်ယင် ခေါ်ထားကြပေတော့"

ခါးမှဓားကို ခြွင်ခနဲမြည်အောင် ဆွဲထုတ်ကာ အိုလုံအား တိုက်ခိုက်လိုက်လေသည်။

အိုလုံ၏လှုပ်ရှားမှုကလည်း သွက်လက်နေပါသည်။

"ဗွစ်"

သူ၏လက်ထဲ ဓားတစ်လက် ရောက်လာပြီး ဝမ်းဟို၏ဓားကို ရိုက်ထုတ်လိုက်ပြီးသား ဖြစ်သွားလေတော့သည်။

"ခြွမ်း"

ဓားနှစ်လက် ထိတွေ့မိပြီး ဝမ်းဟို၏လက်ထဲမှ ဓားမှာ အ



ဝေးသို့ လွင့်စင်သွားတော့သည်။

"မလှုပ်နဲ့"

အိုလုံ၏ဓားသည် ဝမ်းဟို၏ရင်ဝကို ချိန်ရွယ်ထားပြီးသား ဖြစ်သွားသည်။

"ဟာ"

ဝမ်းဟို ပါးစပ်အဟောင်းသားဖြင့် အဖမ်းခံလိုက်ရလေတော့သည်။

ထိုစဉ်...

"ယက္ခဂိုဏ်းက လူတစ်ယောက်ကို စော်ကားဝံ့တာ နည်းတဲ့သတ္တိ မဟုတ်ဘူး"

အေးစိမ့်သော စကားသံ ထွက်ပေါ်လာလေသည်။

ချိုကျွန်းတို့ ကြည့်လိုက်သောအခါ အဘိုးအိုတစ်ယောက်က ခန်းမဆောင်ထဲ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

အရှေ့ဂိုဏ်း၏ခန်းမဆောင်ထဲသို့ အဘိုးအိုတစ်ယောက် လှမ်းဝင်လာလေသည်။

ထိုအဘိုးအိုမှာ ယက္ခဂိုဏ်းမှ ရုပ်ဆိုးအဘိုးအိုဆရာစု ဖြစ်သည်။

ဆရာစုသည် ဝမ်းဟိုနောက်သို့ လိုက်သွားရန် ယက္ခဂိုဏ်းချုပ်က တာဝန်ပေးလိုက်ခြင်းကြောင့် လိုက်လာခဲ့ခြင်း ဖြစ်သည်။

ဝမ်းဟိုတစ်ယောက်ထဲနှင့် လုံလောက်လျှင် သူ့အား လိုက်သွားခိုင်းမည် မဟုတ်ကြောင်း နားလည်ထားသည်။

အရှေ့ဂိုဏ်း၌ ဂိုဏ်းချုပ်ကျင်စန်းအပြင် ချိုကျန်းနှင့် အိုလုံဆိုသော ထိပ်သီးသိုင်းပညာရှင်နှစ်ယောက်ရှိကြောင်း သိရှိထားလေသည်။

ချိုကျန်း၏လက်ဝါးသိုင်း ထက်မြက်သလို အိုလုံ၏ဓားပညာမှာ ထိပ်တန်းအဆင့် ရှိလေသည်။

ထို့ကြောင့် ဝမ်းဟို အခြေအနေ ဟန်မည်မဟုတ်ဟု ယက္ခဂိုဏ်းချုပ်က တွက်ဆထားခြင်း ဖြစ်လေသည်။

အိုလုံက...

"မိတ်ဆွေဟာ ယက္ခဂိုဏ်းက လူယုံတော်ကြီးလားဗျာ"

ဟုမေးလိုက်သည်။

ဆရာစုက...

"ကျုပ်က ဆရာစုပါ၊ ကျုပ်တို့ဂိုဏ်းက လွှတ်လိုက်တဲ့ လူတစ်ယောက်ကို စော်ကားတာတော့ မကောင်းဘူး ထင်တယ်၊ သည်ကိစ္စကို ရှေ့ဆောင်ဂိုဏ်း တာဝန်ယူရလိမ့်မယ်"



"ဟား...ဟား...ဟား"

ချိုကျန်း ရယ်မောယင်း ရှေ့သို့ လှမ်းထွက်လိုက်သည်။

"ရယ်စရာကောင်းလိုက်တာဗျာ၊ ကျုပ်တို့ဂိုဏ်းကို လည်းလာပြီး စော်ကားသေးတယ်၊ ကျုပ်တို့ကိုလည်း အပြစ်ပြောသေးတယ်၊ ခင်ဗျားတို့ ယက္ခဂိုဏ်း ထင်ရာစိုင်းလွန်းတယ်"

ဆရာစုက ချိုကျန်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"မင်းက လက်ဝါးချိုကျန်း ထင်တယ်"

"သိပ်မှန်တာပေါ့ဗျာ"

"အင်း...လက်ဝါးသိုင်း ထက်မြက်တယ်ဆိုပြီး ဘဝမြင့်နေတာကိုး၊ မင်းရဲ့လက်ဝါးသိုင်းထက် ပိုပြီး ထက်မြက်တဲ့ လက်ဝါးသိုင်းတွေ သိုင်းလောကမှာ အများကြီး ရှိသေးတယ်ဆိုတာ မင်းနားလည်သဘောပေါက်ထားဖို့ ကောင်းတယ်"

ချိုကျန်းက...

"ဟင်း...ဟင်း ယက္ခဂိုဏ်းရဲ့ ယက္ခလက်ဝါးသိုင်းက ပိုပြီးထက်မြက်တယ်လို့ ပြောချင်တာလားဗျာ၊ ဒါဆိုယင်တော့ တစ်ပွဲတစ်လမ်းတော့ စမ်းကြည့်လိုက်ချင်ပါသေးတယ်ဗျာ"

အရှေ့ဂိုဏ်းသည် ထင်ရာစိုင်းပြီး သိုင်းလောကအား လွှမ်းမိုးလိုသော ယက္ခဂိုဏ်းကို မုန်းတီးနေကြသဖြင့် လာရောက်စော်ကားသောအခါ ပြတ်သားစွာ တုန့်ပြန်နေကြခြင်း ဖြစ်လေသည်။

ဂိုဏ်းချုပ်ကျင်စန်းက ဘာမှမပြောဘဲ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေသည်။

ဆရာစု သဘောတူလိုက်၏။

"ကောင်းပြီလေ၊ အရှေ့ဂိုဏ်းဟာ ကိုယ့်ကိုကိုယ် အထင်ကြီးနေတယ်ဆိုယင်လည်း ကျုပ်က လက်တွေ့ပြပါ့မယ်၊ သတိထားပါ"

ချိုကျွန်းနှင့် ရင်ဆိုင်လိုက်လေသည်။

ချိုကျွန်း အံကြိတ်လိုက်သည်။

လက်ပါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ...

"ယား"

ညာသံပေးယင်း ဆရာစုအား တိုက်ခိုက်လိုက်၏။

ဆရာစုက လက်တစ်ဘက် ဝှေ့ယမ်းလိုက်သည်။

သူ၏လက်ဝှေ့ယမ်းမှုမှာ လက်ကို အရှိန်ရအောင် အားယူလိုက်သကဲ့သို့ ရှိနေပြီး လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ဆရာစုက ဝှေ့ယမ်းလိုက်သည့် လက်ဖြင့်ပင် လက်ဝါးကို ရှေ့သို့ တွန်းထုတ်လိုက်ရာ ချိုကျွန်း၏လက်ဝါးနှင့် ထိပ်တိုက်ရင်ဆိုင်ပြီးသား ဖြစ်သွားတော့သည်။

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ချိုကျွန်းမှာ ဆရာစု၏လက်ဝါးမှ ထွက်ပေါ်လာသည့် ပြင်းထန်သော အင်အားကြီးကို မယှဉ်နိုင်ဘဲ ခြေဆယ်လှမ်းခန့် နောက်ဆုတ်ပေးလိုက်ရလေတော့သည်။

* * *



ဆရာစုမှာ ဝမ်းဟိုထက် အဆပေါင်းများစွာ ပို၍ ကြောက်စရာကောင်းသူဖြစ်ကြောင်း ထင်ရှားနေပါသည်။

ချိုကျွန်း လုံးဝမယှဉ်နိုင်ဘဲ အရေးနိမ့်သွားပြီ မဟုတ်ပါလား။

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

အိုလုံက ဓားဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

"ဝှစ်"

ပြင်းထန်သော ဓားထိုးသွင်းချက်များကြောင့် ဆရာစု နောက်ဆုတ်လိုက်လေသည်။

"ဟား...ဟား...ဟား"

ဆရာစု သဘောကျစွာ ရယ်မောလိုက်လေသည်။

"အိုလုံ၊ မင်းက ကျုပ်ကို အလစ်ဝင်ပြီး တိုက်ခိုက်ချင်တာလား၊ အရှေ့ဂိုဏ်းက သိုင်းလောက စည်းကမ်းကိုတောင် မစောင့်ထိန်းတော့ဘူးလား"

အိုလုံ မကျေမနပ် ဖြစ်နေသည်။

"ခင်ဗျားတို့ ယက္ခဂိုဏ်းဟာ ဘယ်လိုဂိုဏ်းမျိုးလဲဆိုတာ လူတိုင်း သိထားကြတာပဲ၊ သိုင်းလောကစည်းကမ်း စောင့်ထိန်းနေစရာမလိုပါဘူးဗျာ၊ ကဲ...သတိသာထားပေတော့"

ထိပ်တန်းဓားကွက်များ ထုတ်ဖော်ကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

"ဝှစ်...ဝှစ်"

ဝင်းလက်တောက်ပသော ဓားရောင်များနှင့်အတူ ဓားရိပ်

များသည် ဆရာစု၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွားလေတော့သည်။

ရုတ်တရက်ကြည့်လျှင် အိုလုံ၏တိုက်ကွက်များကြောင့် ဆရာစု ဒုက္ခရောက်သွားမည် ထင်ရလေသည်။

သို့သော် အိုလုံသည် ဆရာစု၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခဲ့ခြင်း မရှိပါချေ။

"ဟူး"

ဆရာစုသည် ဓားရိပ်များကြားမှ ခုန်ထွက်သွားပြီး အရှေ့ ဂိုဏ်းချုပ်ကျောင်းဆောင်ရှေ့သို့ ရောက်ရှိသွား၏။

ကျင်စန်း ပြုံးလိုက်သည်။

"ဆရာစုရဲ့ သိုင်းပညာ ချီးကျူးလောက်ပါတယ်ဗျာ၊ ယက္ခ ဂိုဏ်းက နုတ်ထွက်ပြီး သိုင်းလောကအကျိုး ဆောင်ရွက်မယ်ဆိုယင် လူတိုင်း ချီးကျူးကြပါလိမ့်မယ်ဗျာ"

ဆရာစုက…

"ခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က ယက္ခဂိုဏ်းမှာ အသက်ထက်ဆုံး နေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ၊ ယက္ခဂိုဏ်းဟာ သူတလူ ငါတမင်း ဖြစ်နေကြတဲ့ သိုင်းလောကသားတွေ ညီညီညွတ်ညွတ်ဖြစ်အောင် စုစည်းသွားပြီး သိုင်းလောကကို ဦးဆောင်သွားမှာပါ"

ကျင်စန်း သက်ပြင်းချလိုက်သည်။

"သိုင်းလောကကို ယက္ခဂိုဏ်းက အုပ်ချုပ်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဂိုဏ်းကြီးကိုးဂိုဏ်း ပေါင်းစည်းထားတဲ့ ကိုးနဝင်း မဟာမိတ်တွေတောင်မှ သည်လို မကြံစည်ကြဘူး၊ ယက္ခဂိုဏ်းရဲ့



ဦးတည်ချက် လွဲမှားနေပါပြီဗျာ"

ဆရာစုက…

"ကိုးနဝင်းဂိုဏ်းလည်း မကြာခင် ယက္ခဂိုဏ်းနဲ့ ပူးပေါင်းလာရမှာပါ"

ထိုစဉ်…

"လေကျယ်လိုက်တာ"

"ခင်ဗျားတို့ ယက္ခဂိုဏ်းက ဘာများ တတ်နိုင်မှာမို့လဲ"

ချိုကျန်းနှင့် အိုလုံတို့ အော်ငေါက်ယင်း ဝဲယာတစ်ဘက်တစ်ချက်မှ ခုန်ဝင်တိုက်ခိုက်လာကြလေသည်။

ဂိုဏ်းချုပ်ကျင်စန်းက ဟန့်တားခြင်း မပြုပါချေ။

ချိုကျန်းက လက်ဝါးသိုင်း၊ အိုလုံက ဓားသိုင်း အသုံးပြုကာ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ထိပ်တန်းသိုင်းသမားများ ဖြစ်ရကား သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

ဆရာစုလည်း မပေါ့ဆဝံ့ဘဲ ယပ်တောင်တစ်ချောင်း ထုတ်ယူကာ လက်တစ်ဘက်က လက်ဝါး၊ ကျန်လက်တစ်ဘက်က ယပ်တောင်ကို လက်နက်သဖွယ် အသုံးပြုကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။ သုံးယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်…

"ဝုန်း…ဝုန်း"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာကာ ပြိုင်တူ နောက်ဆုတ်သွားကြရလေတော့သည်။

* * *

အိုလုံနှင့် ချိုကျန်းတို့နှစ်ယောက်ပေါင်းကာ တိုက်ခိုက်လိုက်ကြသည့်တိုင်အောင် ဆရာစုအား အနိုင်မယူနိုင်သဖြင့် ဂိုဏ်းချုပ်ကျင်စန်း သက်ပြင်းချလိုက်သည်။

လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ရှေ့သို့ လှမ်းထွက်လိုက်ရလေသည်။

"ဟား...ဟား...ဟား"

ဆရာစု ရယ်မောလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကျုပ်နဲ့ ရင်ဆိုင်တော့ မလို့လားဗျာ"

ဂိုဏ်းချုပ်ကျင်စန်းက...

"အရှေ့ဂိုဏ်းမှာ သည်လောက်တောင် လာပြီး စော်ကားနေတာ၊ ကျုပ်ဘယ်လိုလုပ် လက်ပိုက်ကြည့်နေနိုင်မှာလဲဗျာ"

ဆရာစုက...

"ဂိုဏ်းချုပ်ကြီး သိုင်းပညာ ထက်မြက်တယ်ဆိုတာ ကျုပ်ကြားမိတာကြာပါပြီ၊ ခုမှပဲ လက်တွေ့စမ်းသပ်ကြည့်ခွင့်ရတယ်၊ ဝမ်းသာပါတယ်ဗျာ၊ ကဲ... ကျုပ်ရဲ့ လက်ဝါးနဲ့ ယပ်တောင်သိုင်းကို ကြည့်ထားပါဦးဗျာ"

စကားဆုံးလျှင် လက်ဝါးသိုင်းနှင့် ယပ်တောင်သိုင်းကို အသုံးပြုကာ ကျင်စန်းအား တိုက်ခိုက်လိုက်လေသည်။

ကျင်စန်းလည်း ခန္ဓာကိုယ် ယိမ်းနွဲ့လှုပ်ရှားယင်း ပြန်လည်ရင်ဆိုင်လိုက်ရာ သိုင်းဆယ့်လေးငါးကွက်မျှ ရင်ဆိုင်မိကြလျှင်...

"ဝုန်း"



ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး ဆရာစု နောက်ဆုတ်လိုက်ရလေတော့သည်။

* * *

ယှဉ်ပြိုင်ပွဲကား မျက်စိတမှိတ် လျှပ်တပြက်အတွင်း ပြီးဆုံးသွားလေသည်။

ဆရာစု၏လက်ထဲမှ ယပ်တောင် ကြမ်းပြင်ပေါ် ကျနေပြီဖြစ်လေသည်။

ဆရာစု အရေးနိမ့်သွားပြီ ဖြစ်လေသည်။

ဂိုဏ်းချုပ်ကျင်စန်းက ဆက်၍ တိုက်ခိုက်ခြင်း မပြုဘဲ နောက်ဆုတ်လိုက်သည်။

လက်နှစ်ဘက် နောက်ပစ်ကာ မလှုပ်မယှက် ရပ်နေလိုက်လေသည်။

ဆရာစု အံကြိတ်လိုက်သည်။

"ဂိုဏ်းချုပ်ရဲ့ သိုင်းပညာဟာ ကျုပ်တို့ မျှော်လင့်ထားတာထက်တောင် ပိုပြီး ထက်မြက်နေတာကိုး၊ ဒါပေမယ့် ယက္ခဂိုဏ်းကို အံတုဖို့ မဖြစ်နိုင်သေးဘူးဆိုတာ မှတ်ထားပါဗျာ"

ဂိုဏ်းချုပ်ကျင်စန်းက...

"ယက္ခဂိုဏ်းကို သိုင်းလောကတစ်ခုလုံးက လက်ခံမှာမဟုတ်ဘဲ ဝိုင်းဝန်းဆန့်ကျင်သွားကြလိမ့်မယ်ဆိုတာလည်း သတိထားပါဦးလေ"

"ဟား...ဟား...ဟား သိုင်းလောကတစ်ခုလုံး ကျုပ်တို့ ခြေဖဝါးအောက်ကို ရောက်လာမှာပါဗျ"

"မဖြစ်ဘူး ထင်တယ်"

ဂိုဏ်းချုပ်ကျင်စန်း ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့ သိုင်းပညာနဲ့ သိုင်းလောကကို လွှမ်းမိုးဖို့ဆိုတာ..."

သူစကားဆုံးအောင် မပြောလိုက်ရပါ။

မလှမ်းမကမ်း၌ ရပ်နေသူတစ်ယောက်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

* * *

မလှမ်းမကမ်း၌ အနီရောင်အင်္ကျီရှည် ဝတ်ဆင်ထားသူတစ်ယောက် ရှိနေ၏။

ထိုလူ မည်သည့်အချိန်က ရောက်ရှိလာသည်ကို မည်သူမျှ မသိလိုက်ကြချေ။

ကျင်စန်း မျက်မှောင်ကုပ်သွားလေသည်။

အိုလုံနှင့် ချိုကျန်းတို့လည်း ယခုမှ သတိပြုမိသွားကြ၏။

ဆရာစုနှင့် ဝမ်းဟိုတို့ ထိုလူကို မြင်လျှင် ပျာပျာသလဲ ဖြစ်သွားကြလေသည်။

"ဂိုဏ်းချုပ်ကြီး"

ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်ကြလေသည်။



ထိုလူကား ယက္ခဂိုဏ်းချုပ်မာထုံး ဖြစ်လေသည်။

မာထုံး၏မျက်နှာ ခက်ထန်နေသည်။

"အရှေ့ဂိုဏ်းက မဆိုးဘူး၊ ဒါပေမယ့် ကြီးကြီးကျယ်ကျယ် ပြောတတ်ကြတာ ခက်တာပဲ"

ပြောယင်း ရှေ့တိုးလာလေသည်။

ဝမ်းဟိုနှင့် ဆရာစုတို့ နောက်ဆုတ်လိုက်ကြသည်။

အိုလုံနှင့် ချိုကျန်းတို့က ရှေ့သို့ လှမ်းထွက်လိုက်ကြသည်။

ဂိုဏ်းချုပ်ကျင်စန်းက အခြေအနေ စောင့်ကြည့်နေလိုက်လေသည်။

မာထုံးက ဂိုဏ်းချုပ်ကျင်စန်းထံသို့ လှမ်းသွားခြင်း ဖြစ်လေသည်။

"အရှေ့ဂိုဏ်းဟာ ကျုပ်ရဲ့ ယက္ခဂိုဏ်းနဲ့ ပူးပေါင်းရမယ်၊ ကျုပ်အမိန့်ကို နာခံရမယ်၊ ဒါဆိုယင် သိုင်းလောကထဲမှာ ဆက်ပြီး တည်တံ့နေမှာပဲ၊ ဒါမှ မဟုတ်ယင်တော့..."

စကားတစ်ပိုင်းတစ်စဖြင့် ရပ်လိုက်သလို ကျင်စန်းကိုလည်း စိုက်ကြည့်လိုက်လေသည်။

အိုလုံနှင့် ချိုကျန်းတို့သည် ကျင်စန်း၏ရှေ့၌ ဝင်ရပ်ကာ အကာအကွယ် ပြုထားလိုက်လေသည်။

မာထုံးက...

"ကဲ... ခင်ဗျား ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်လေသည်။

ကျင်စန်း ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့အရှေ့ဂိုဏ်းဟာ ဘယ်သူ့ ဩဇာမှ ခံမှာ မဟုတ်ပါဘူး၊ သိုင်းလောကမှာ လွတ်လွတ်လပ်လပ် နေထိုင်သွားကြမှာပါ"

မာထုံးက…

"ဒါခင်ဗျားရဲ့ ဆုံးဖြတ်ချက်လား"

"ဟုတ်ပါတယ်ဗျာ"

"ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလားဗျာ"

"ကျုပ်က ဘယ်တော့မှ ပြင်မှာ မဟုတ်ပါဘူး၊ ကျုပ်တို့ကို စည်းရုံးသိမ်းသွင်းဖို့ ဆက်ပြီး မကြိုးစားဘဲနေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ်ယင် ကျုပ်က သည်းခံနေမှာ မဟုတ်ဘူးဗျ"

ကျင်စန်းက ပြတ်သားစွာ ပြောလိုက်လေသည်။

မာထုံး ပြုံးလိုက်သည်။

"ကျုပ်ရဲ့ဖိတ်ခေါ်မှုကို လက်မခံတာ၊ ကျုပ်ကို စော်ကားတာနဲ့ အတူတူပဲ၊ ကျုပ်က အရှေ့ဂိုဏ်းကို ဖျက်ဆီးပစ်မယ်ဆိုယင်ကော"

ကျင်စန်း ခေါင်းညိတ်လိုက်သည်။

"ယက္ခဂိုဏ်းဟာ စည်းရုံးသိမ်းသွင်းလို့ မရတဲ့ဂိုဏ်းတွေ သိုင်းသမားတွေကို တိုက်ခိုက်ခဲ့တယ်ဆိုတာ ကျုပ်သိပြီးပါပြီဗျာ"

"ခင်ဗျား မစိုးရိမ်မိဘူးလား"

"ဒါစိုးရိမ်ရမယ့်ကိစ္စ မဟုတ်ပါဘူး"

"ကောင်းပြီလေ၊ အရှေ့ဂိုဏ်းက သည်လောက်တောင် ခေါင်းမာနေယင်လည်း မတတ်နိုင်တော့ဘူး"



မာထုံးကိုယ်တိုင် လိုက်လာခြင်းကြောင့် အရှေ့ဂိုဏ်းအား စည်းရုံး၍ ရမည်မဟုတ်ဘဲ ချေမှုန်းရတော့မည်ဖြစ်ကြောင်း ဝမ်းဟို နှင့် ဆရာစုတို့ နားလည်သဘောပေါက်ထားကြသည်။

မာထုံးနှင့်အတူ ယက္ခဂိုဏ်းမှ သိုင်းသမားများ လိုက်ပါလာမည်ဖြစ်ကြောင်းလည်း နားလည်မိသည်။

အိုလုံနှင့် ချိုကျန်းတို့ကြောင့် အရေးနိမ့်သလို ဖြစ်ခဲ့ရကား ဖျက်ဆီးနိုင်တော့မည်မို့ ဝမ်းသာသွားကြ၏။

မာထုံးက ကျင်စန်းထံသို့ လှမ်းသွားစဉ်မှာပင် အပြင်ဘက်မှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ယက္ခဂိုဏ်းသားများသည် အရှေ့ဂိုဏ်းအား တိုက်ခိုက်နေကြပြီ ဖြစ်လေသည်။

"ယား"

"သေပေတော့"

ဝမ်းဟိုနှင့် ဆရာစုတို့က အနီးရှိ အရှေ့ဂိုဏ်းသားများအား တိုက်ခိုက်လိုက်ကြလေသည်။

ထိုအချိန်မှာပင်…

"ယား"

ယက္ခဂိုဏ်းချုပ်မာထုံးက ကျင်စန်းအား တိုက်ခိုက်လိုက်လေသည်။

"ကျုပ်တို့ ရှိပါသေးတယ်ဗျာ"

"အရှေ့ဂိုဏ်းကို စော်ကားလို့ မရဘူး"

ချိုကျန်းနှင့် အိုလုံတို့က ဟန့်တားရင်ဆိုင်လိုက်ကြ၏။

သို့သော် ယက္ခဂိုဏ်းချုပ်မာထုံးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရသောအခါ အံ့ဩစရာကောင်းအောင်ပင် တဒင်္ဂအချိန်အတွင်း အရေးနိမ့်သွားကြလေတော့သည်။

မာထုံးက လက်နှစ်ဘက်ကို အသုံးပြုပြီး ချိုကျန်းတို့နှင့် ရင်ဆိုင်လိုက်ခြင်း ဖြစ်သည်။

သို့သော် သူ၏လက်နှစ်ဘက်သည် ဓားလှံလက်နက်များထက်ပင် ကြောက်မက်ဖွယ်ကောင်းနေပါတော့သည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်...

"ဝုန်း"

အိုလုံမှာ ရင်စ၌ တိုက်ခိုက်ခံလိုက်ရသဖြင့် အရိုးများ ကျိုးကြေကာ သွေးများ အန်ထုတ်ယင်း အဝေးသို့ လွင့်စင်သွားတော့သည်။

ချိုကျန်းလည်း မသက်သာပါချေ။

ယက္ခဂိုဏ်းချုပ်မာထုံး၏လက်ဝါးက သူ၏ဦးခေါင်းကို ကွဲအက်ကြေမွသွားအောင် ရိုက်ချပစ်လိုက်သည် မဟုတ်ပါလား။

ဦးခေါင်းတစ်ခုလုံး ကွဲအက်ကြေမွပြီး ကြမ်းပြင်ပေါ် ပုံလျက်သား လဲကျသွား၏။

မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် မာထုံးက ချိုကျန်းနှင့် အိုလုံတို့အား သုတ်သင်ရှင်းလင်းပစ်လိုက်ခြင်း ဖြစ်လေသည်။

အရှေ့ဂိုဏ်းချုပ်ကျင်စန်း ခံပြင်းသွားလေသည်။

ယက္ခဂိုဏ်းချုပ်မာထုံးမှာ ရက်စက်ကြမ်းကြုတ်သူဟု ကျော်



ကြားနေသည့်အတိုင်း အိုလုံနှင့် ချိုကျန်းတို့အား ရက်ရက်စက်စက်သတ်ပစ်လိုက်ပြီ ဖြစ်သည်။

ယက္ခဂိုဏ်းသားများကလည်း အရှေ့ဂိုဏ်းအား စီးနင်းတိုက်ခိုက်နေကြပြီ ဖြစ်လေသည်။

အရှေ့ဂိုဏ်းသည် ယက္ခဂိုဏ်းအား မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည် မဟုတ်ကြောင်း နားလည်ထားသော်လည်း ကျင်စန်းက အရှုံးပေးဖို့ မစဉ်းစားပါချေ။

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ မာထုံးနှင့် ရင်ဆိုင်လိုက်လေတော့သည်။

* * *

## မျှော်လင့်ချက်

ကိုးနဝင်းဂိုဏ်း...

ဂိုဏ်းချုပ်ကောင်းရိလုံသည် စိတ်ပင်ပန်း လူပင်ပန်းဖြင့် ထိုင်ခုံပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

အိမ်ထိန်းကြီးက အလိုက်တသိ ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်လေသည်။

"ကျေးဇူးပဲ"

ကောင်းရိလုံ ရေနွေးကြမ်းသောက်လိုက်၏။

သုံးခွက်တိတိဆင့်ကာ သောက်လိုက်ခြင်း ဖြစ်သည်။

လှက်ခြောက်ကောင်း ခတ်ထားသော ရေနွေးကြမ်းကို



သောက်ရလျှင် ဦးနှောက်ကြည်လင်ပြီး ပေါ့ပါးလန်းဆန်းစေသည်ဟု ခံယူထားသော်လည်း ယခုတော့ သူ၏စိတ်များ လေးလံထိုင်းမှိုင်းနေပါသည်။

အိမ်ထိန်းကြီးသည် ကောင်းရိလုံ အဘယ်ကြောင့် ပင်ပန်းနွမ်းနယ်နေသည်ကို ရိပ်မိထားလေသည်။

"သခင်လေးဟာ တောင်ပင်လယ်မှာ အဆင်ပြေသွားမှာပါ၊ သခင်ကြီး သည်လောက်လည်း စိတ်ပူမနေပါနဲ့လို့ ပြောချင်ပါတယ်"

ကောင်းရိလုံ ခေါင်းညိတ်လိုက်သည်။

"ကျုပ်သား ကောင်းယုံဟာ လိမ္မာရေးခြား ရှိသလို ဉာဏ်ပညာလည်း ပြည့်စုံပါတယ်၊ သူ့ကို တောင်ပင်လယ် ဘာကြောင့် လွှတ်လိုက်တယ်ဆိုတာ သူကောင်းကောင်း သိပါတယ်"

ကောင်းယုံသည် ကိုးနဝင်းဂိုဏ်းချုပ် ကောင်းရိလုံ၏ တစ်ဦးတည်းသောသား ဖြစ်လေသည်။

ကောင်းယုံအား ဝေးလံလှသော တောင်ပင်လယ်သို့ စေလွှတ်လိုက်ရခြင်းကြောင့် ကောင်းရိလုံ စိတ်မကောင်း ဖြစ်နေပါသည်။

တစ်ဦးတည်းသောသားမို့ အလွန်ချစ်ပြီး မျက်စိအောက်မှ အပျောက်မခံနိုင်အောင် ဖြစ်ခဲ့ရသည်။

သို့သော် ကောင်းယုံ၏ဘဝရေ့ရေးကို တွေးကာ တောင်ပင်လယ်သို့ လွှတ်လိုက်ရခြင်း ဖြစ်လေသည်။

သိုင်းလောက၏ အခြေအနေမှာ တစ်နေ့တစ်ခြား ရှုပ်ထွေးလာရကား ကောင်းရိလုံ အလွန်အလုပ်များနေပြီး ကောင်းယုံကို လှည့်မကြည့်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

ထို့ကြောင့် ကောင်းယုံ သိုင်းပညာ တစိုက်မတ်မတ် လေ့ကျင့်နိုင်ရုံမျှမက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့် အလေ့အကျင့် ရရှိစေရန် တောင်ပင်လယ်သို့ စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

အိမ်ထိန်းကြီးက...

"သခင်လေး တောင်ပင်လယ်က ပြန်လာယင်တော့ သခင်ကြီးအတွက် အင်မတန် အားထားရတဲ့ အခြေအနေ ဖြစ်လာမှာပါ"

"ဟုတ်တယ်၊ သူက ကျူပ်ခြေရာကို နင်းနိုင်မယ့်အပြင် တစ်နေ့ ကျူပ်ထက်တောင် သာသွားဦးမှာ သေချာတယ်"

နှစ်ယောက်သား ကောင်းယုံနှင့် ပတ်သက်ပြီး မျှော်လင့်ချက်ထားသော စကားများ ပြောဆိုနေကြလေသည်။

အတော်လေးကြာတော့မှ အိမ်ထိန်းကြီးက စကားလမ်းကြောင်း ပြောင်းလိုက်လေသည်။

"ခုတလော ယက္ခဂိုဏ်းက ပိုပြီး သောင်းကျန်းလာတယ်လို့ သတင်းကြားပါတယ်၊ အဲဒါ..."

ကောင်းရိလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ယက္ခဂိုဏ်း အတော့်ကို ခြေလှမ်းသွက်နေတယ်၊ မကြာသေးခင်ကပဲ စီချွမ်နယ်က အရှေ့ဂိုဏ်းက သူတို့ကို စော်ကားတယ်ဆိုပြီး တိုက်ခိုက်ဖျက်ဆီးပစ်လိုက်တယ်"

အရှေ့ဂိုဏ်းသည် အများအကျိုး ဆောင်ရွက်နေသော အဖြူရောင်သိုင်းဂိုဏ်းတစ်ခု ဖြစ်လေသည်။

အရှေ့ဂိုဏ်း ပျက်စီးသွားခြင်းမှာ သိုင်းလောကအတွက် နစ်



နာဆုံးရှုံးမှု ဖြစ်သည်ဟု ကောင်းရိလုံ ယုံကြည်ထားလေသည်။

"အရှေ့ဂိုဏ်းက စပြီး စော်ကားတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ယက္ခဂိုဏ်းက သူတို့ကို စည်းရုံးသိမ်းသွင်းလို့ မရတာကြောင့် တမင် တိုက်ခိုက် ဖျက်ဆီးလိုက်တာပဲ ဖြစ်ရမယ်"

အိမ်ထိန်းကြီးက...

"အရှေ့ဂိုဏ်းချုပ်ကျင်စန်းနဲ့ အိုလုံ၊ ချိုကျန်းစတဲ့ ထိပ်သီးခေါင်းဆောင်တွေ သေဆုံးသွားကြသလို ဂိုဏ်းသားတွေလည်း ရက်ရက်စက်စက် အသတ်ခံလိုက်ရတယ်၊ ဒါကို ကြည့်ပြီး အနောက်ဂိုဏ်းက စိုးရွံ့သွားပုံရတယ်"

ကောင်းရိလုံ ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်ပါတယ်ဗျာ၊ အနောက်ဂိုဏ်းဟာ အရှေ့ဂိုဏ်းလို မဟုတ်ဘူး၊ နဂိုကတည်းက ထင်ရာလုပ်ချင်တဲ့သဘော ရှိတယ်၊ ယက္ခဂိုဏ်းက အရှေ့ဂိုဏ်းကို ဖျက်ဆီးပစ်လိုက်ပြီး တဆက်တည်း သူတို့ကို စည်းရုံးသိမ်းသွင်းလိုက်တော့ မငြင်းဝံ့တော့ဘဲ သဘောတူလက်ခံလိုက်တာ၊ အင်း... စီချွမ်နယ်ရဲ့ အထင်ရှားဆုံး ဂိုဏ်းကြီးနှစ်ဂိုဏ်းဟာ ယက္ခဂိုဏ်းရဲ့ လက်အောက်ကို ရောက်သွားပြီဆိုတော့ စီချွမ်နယ်လည်း ယက္ခဂိုဏ်းရဲ့လက်အောက် ရောက်သွားတာနဲ့ မခြားတော့ဘူး"

ယက္ခဂိုဏ်းသည် နည်းလမ်းအမျိုးမျိုး အသုံးပြုကာ သိုင်းလောကအား လက်ဝါးကြီးအုပ်နိုင်ရန် ကြိုးစားနေ၏။

သိုင်းလောကအား ဒုက္ခပေးမည့် ဂိုဏ်းတစ်ခုဖြစ်ကြောင်း ပို၍ ရုပ်လုံးပေါ်လာလေသည်။

ကောင်းရိလုံ ဆက်ပြောသည်။

"ယက္ခဂိုဏ်း ကျောထောက်နောက်ခံပေးထားလို့ လူဆိုးဓားပြတွေ၊ အနက်ရောင်သိုင်းသမားတွေလည်း ထကြွသောင်းကျန်းလာကြတာ၊ ခုဆိုယင် သိုင်းလောကမှာ အတော်ကလေးကို ဂယက်ရိုက်နေပြီ"

အိမ်ထိန်းကြီးက...

"သည်ကိစ္စကို သခင်ကြီးဦးဆောင်တဲ့ ဂိုဏ်းကြီးကိုးဂိုဏ်းက ဆွေးနွေးနေကြတာကို ကျုပ်သိပါတယ်၊ ယက္ခဂိုဏ်းကို အရေးယူတော့ မလို့လားဗျာ"

ကောင်းရိလုံ၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

"ကျုပ်တို့ တိုင်ပင်ဆွေးနွေးပြီးပြီ၊ နည်းလမ်းအမျိုးမျိုး ရှာပြီးပြီ၊ ယက္ခဂိုဏ်းကို အရေးယူဖို့ပဲရှိတော့တယ်၊ တခြား ဖြေရှင်းစရာ နည်းလမ်း မရှိတော့ဘူး"

ကိုးနဝင်းဂိုဏ်းသည် သိုင်းလောကအကျိုး ဆောင်ရွက်နေသည်ဖြစ်ရာ ယက္ခဂိုဏ်း ထကြွသောင်းကျန်းလာသည်ကို လက်ပိုက်ကြည့်နေကြမည် မဟုတ်ပါချေ။

ထိထိရောက်ရောက် အရေးယူ ဟန့်တားသွားကြမည်သာ ဖြစ်ပါသည်။

ယက္ခဂိုဏ်းက ခေါင်းငုံ့ခံနေပါမည်လော။

ကောင်းရိလုံက...

"ယက္ခဂိုဏ်းက သူတို့ကို အရေးယူမယ်ဆိုတာနဲ့ တုန့်ပြန်



လာမှာပဲ၊ အင်း... ကောင်းယုံက တောင်ပင်လယ်ကို ရောက်နေပြီဆိုတော့ ကျုပ်လည်း ယက္ခဂိုဏ်းကိစ္စကို စိတ်အေးလက်အေး ဆောင်ရွက်နိုင်မှာ သေချာပါတယ်"

ယက္ခဂိုဏ်းနှင့် ကိုးနဝင်းဂိုဏ်း ထိပ်တိုက်ရင်ဆိုင်မိလျှင် သိုင်းလောက၌ အလွန်ကြီးကျယ်သော တိုက်ပွဲကြီးများ ဖြစ်ပေါ်လာမည်မှာ သေချာနေပါတော့သည်။

ယက္ခဂိုဏ်းအား ဖြိုခွဲနိုင်သည့်တိုင်အောင် ကိုးနဝင်းဂိုဏ်းဘက်မှလည်း ထိခိုက်နစ်နာမှုများ ရှိလာမည် ဖြစ်ပေသည်။

အလွန်စိုးရိမ်စရာကောင်းသော အခြေအနေတစ်ရပ်နှင့် ကြုံတွေ့နေရခြင်း ဖြစ်သည်။

ကောင်းရိလုံမှာ ကိုးနဝင်းဂိုဏ်း(ဝါ)ဂိုဏ်းကြီး ကိုးဂိုဏ်း၏ ခေါင်းဆောင် ဖြစ်ရကား ယက္ခဂိုဏ်းကို ရင်ဆိုင်ရာ၌ အဓိကတာဝန်ယူရမည့်သူ ဖြစ်နေသည်။

ကောင်းရိလုံ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်သည်။

"ယက္ခဂိုဏ်းကိစ္စကို ဖြေရှင်းတဲ့အခါ သတိထားမှ ဖြစ်ပါလိမ့်မယ်၊ ယက္ခဂိုဏ်းချုပ်မာထုံးဟာ ဉာဏ်နီဉာဏ်နက်များတဲ့ လူတစ်ယောက်ပါ"

အိမ်ထိန်းကြီး သတိပေးလိုက်လေသည်။

ကောင်းရိလုံ ပြုံးလိုက်သည်။

"ကျုပ်က ယက္ခဂိုဏ်းချုပ်မာထုံးနဲ့ ချိန်းပြီး တစ်ယောက်ချင်း တွေ့ဆုံဆွေးနွေးဖို့ စိတ်ကူးထားတာ အိမ်ထိန်းကြီး ရိပ်မိနေတာကိုး"

"သခင်ကြီးခင်ဗျား မာထုံးဟာ..."

"သူဉာဏ်များနိုင်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ကျုပ်တွေးနေတာ တစ်ခုကို အိမ်ထိန်းကြီးသိအောင် ပြောပြချင်တယ်"

"ပြောပါ သခင်ကြီး"

ကောင်းရိလုံက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"မာထုံးဟာ ယက္ခဂိုဏ်းချုပ်အဖြစ် သိုင်းလောကမှာ ထင်ရှားလာတယ်၊ ဒါကြောင့် သူ့အရှက်တကွဲ ဖြစ်သွားအောင် သိက္ခာကျအောင် လုပ်လိုက်ယင် လုံးဝလက်ခံမှာ မဟုတ်တဲ့အပြင် ပြန်ပြီး ရင်ဆိုင်ဖို့ ကြိုးစားလိမ့်မယ်၊ သိုင်းလောကမှာ သွေးထွက်သံယို တိုက်ပွဲတွေ ဖြစ်လာလိမ့်မယ်"

သွေးထွက်သံယို တိုက်ပွဲကြီးများ ပေါ်ပေါက်လာပါက နှစ်ဘက်စလုံး သက်သာမည် မဟုတ်ပါချေ။

ကောင်းရိလုံဦးဆောင်သော ကိုးနဝင်းဂိုဏ်းသားများသည်လည်းကောင်း၊ မာထုံးဦးဆောင်သော ယက္ခဂိုဏ်းသားများသည်လည်းကောင်း ထိခိုက်သေကြေ ပျက်စီးကြလိမ့်မည် ဖြစ်လေသည်။

ထိုဖြစ်ရပ်မျိုးကို ကောင်းရိလုံ လိုလားမည် မဟုတ်ပါ။

အိမ်ထိန်းကြီးက...

"မာထုံးဟာ ယက္ခဂိုဏ်းရဲ့ အောင်မြင်မှုကြောင့် ဘဝင်မြင့်နေတယ်၊ ကြီးကြီးကျယ်ကျယ် ဖြစ်နေတယ်၊ သူဟာ ရက်စက်ကြမ်းကြုတ်တဲ့အပြင် အနိုင်လိုချင်စိတ် ပြင်းထန်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်၊ ဒါကြောင့် သူနဲ့ ညှိနှိုင်းဆွေးနွေးဖို့ဆိုတာ..."



စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

ကောင်းရိလုံက...

"ညှိနှိုင်းဆွေးနွေးပြီး သူ့ရဲ့လုပ်ရပ်တွေကို ထိန်းချုပ်ဖို့ သတိပေးနိုင်ယင် သူ့ဘက်ကလည်း သဘောတူမယ်ဆိုယင် ယက္ခဂိုဏ်းလည်း သိုင်းလောကမှာ ဆက်ပြီး ရပ်တည်နိုင်မယ်၊ သွေးထွက်သံယို တိုက်ပွဲတွေလည်း ဖြစ်လာစရာအကြောင်း မရှိတော့ဘူး၊ မာထုံးကို တိုက်ခိုက်ချေမှုန်းတာထက် ပိုကောင်းတဲ့ သဘောပါ၊ မာထုံးဟာ သိုင်းလောကမှာ နေရာရလာပြီမို့ သူက လက်ခံမယ်ဆိုယင် သိုင်းလောကအကျိုး ဆောင်ရွက်ရာမှာ လက်တွဲသွားလို့တောင် ရနိုင်ပါသေးတယ်"

အကောင်းဘက်မှ ရှုမြင်ထားသော မျှော်လင့်ချက်ဖြင့် ပြောလေသည်။

အိမ်ထိန်းကြီး ဘာမှမပြောတော့ပါ။

မာထုံးသည် ညှိနှိုင်း၍ စည်းရုံးသိမ်းသွင်း၍ရမည့်သူ မဟုတ်ကြောင်း ကောင်းစွာ နားလည်ထားလေသည်။

ကောင်းရိလုံ အကောက်ကြံမခံရပါစေနှင့်ဟုသော ဆုတောင်းနေလိုက်လေတော့သည်။

* * *

"ကောင်းရိလုံက ကျုပ်ကို တွေ့ဆုံဆွေးနွေးချင်တယ်ဆိုပြီး ဖိတ်လိုက်တယ်"

ဟုပြောလိုက်သည်။

သူ၏ရှေ့၌ ရုပ်ဆိုးအဘိုးအိုဆရာစုနှင့် မြေဝါယက္ခဝမ်းဟိုတို့ ရှိနေကြပါသည်။

ဝမ်းဟိုနှင့် ဆရာစုတို့က မာထုံးကို ကြည့်လိုက်ကြသည်။

မာထုံးက...

"ကောင်းရိလုံက ကျုပ်တို့ ယက္ခဂိုဏ်းကို ကြည့်လို့မရအောင် ဖြစ်နေတာ ခင်ဗျားတို့ သိကြတာပဲ၊ သူဟာ ကိုးနဝင်းဂိုဏ်းချုပ် ဖြစ်တော့ကော ကျုပ်သွားတွေ့ရမှာလား"

ဟုပြောရာ ဆရာစု ထောက်ခံလိုက်လေသည်။

"ကိုးနဝင်းဂိုဏ်းဟာ ဂိုဏ်းကြီးကိုးဂိုဏ်း ပူးပေါင်းမဟာမိတ်ဖွဲ့ထားတာပါ၊ ကျုပ်တို့ ယက္ခဂိုဏ်းကတော့ ဂိုဏ်းတစ်ခုထဲ ဖြစ်ပေမယ့် သူတို့ကို ကောင်းကောင်းယှဉ်နိုင်ပါတယ်၊ တခြားလူတွေက ကောင်းရိလုံကို ဦးညွှတ်ကြပေမယ့် ကျုပ်တို့က အမှုထားစရာ မလိုပါဘူး ဂိုဏ်းချုပ်ကြီး"

ဝမ်းဟိုက...

"ကောင်းရိလုံက ဆွေးနွေးစရာရှိတယ်ဆိုပြီး ဖိတ်ခေါ်တာဟာ ယက္ခဂိုဏ်းကို စော်ကားတာပါပဲ၊ သူတို့ကို တခြားလူတွေ ဂရုစိုက်တိုင်း ကျုပ်တို့ ဂရုစိုက်စရာ မလိုပါဘူး၊ ကောင်းရိလုံဟာ အခြောက်တိုက် ဘဝင်မြင့်နေတဲ့လူပါ၊ သူ့ကို ဆုံးမသင့်ပါတယ် ဂိုဏ်းချုပ်ကြီး"

## ထိပ်ဆုံးရောက်လိုသူ

"ဟား...ဟား...ဟား"

ခမ်းနားကျယ်ဝန်းလှသော ခန်းမဆောင်ကြီးအတွင်း၌ ယက္ခဂိုဏ်းချုပ်မာထုံး၏ ရယ်မောသံ ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

မာထုံးက လက်ထဲ၌ ဖိတ်စာတစ်စောင်ကိုင်ကာ ရယ်မောနေခြင်း ဖြစ်လေသည်။

ထိုဖိတ်စာသည် ကိုးနဝင်းဂိုဏ်းချုပ် ကောင်းရိလုံထံမှ ပေးပို့လိုက်သော ဖိတ်စာ ဖြစ်လေသည်။

မာထုံးက ရယ်မောပြီးမှ...

ရန်လိုသောစကား ပြောလေသည်။

ယက္ခဂိုဏ်းသည်လည်း အမှောင်လောကသားများ၊ ဒုစရိုက်သမားများအား အဓိကထား စည်းရုံးသိမ်းသွင်းခဲ့သလို အင်အားနည်းပါးသော သိုင်းဂိုဏ်း သိုင်းအဖွဲ့လေးများအား ဝါးမြိုခဲ့လေသည်။

သို့ဖြင့် အင်အားကြီးမားလာခဲ့သည်။

ယက္ခဂိုဏ်း၏လက်အောက်သို့ ရောက်ရှိသွားသော သိုင်းဂိုဏ်းများသည် သူတို့ဂိုဏ်းအား ဖျက်သိမ်းကာ ယက္ခဂိုဏ်းနှင့် ပူးပေါင်းရပြီး ယက္ခဂိုဏ်းသားအမည်ခံရလေသည်။

ဥပမာ အနောက်ဂိုဏ်းသည် ယက္ခဂိုဏ်း၏လက်အောက်သို့ ရောက်ရှိသွားပြီးနောက် အနောက်ဂိုဏ်းဟူ၍ သီးခြားရပ်တည်ခွင့်မရတော့ဘဲ ယက္ခဂိုဏ်း၏ဌာနခွဲတစ်ခုအဖြစ် ရပ်တည်ရတော့သည်။

အနောက်ဂိုဏ်းချုပ်သည် ယက္ခဂိုဏ်းချုပ်မာထုံး၏အမိန့်ကိုနာခံရသော ဌာနမှူးတစ်ယောက်အဆင့်သို့ လျော့ကျသွားခဲ့လေသည်။

ဂိုဏ်းကြီးကိုးဂိုဏ်းက ဆွေးနွေးသဘောတူပြီး ပူးပေါင်းကာမဟာမိတ်ဖွဲ့ပြီး ကိုးနဝင်းဂိုဏ်းဟု ခံယူခဲ့သည်နှင့် တခြားစီ ဖြစ်ပေသည်။

ယက္ခဂိုဏ်းချုပ်မာထုံးက...

"ကောင်းရှိလုံက ကျုပ်ကို ဖိတ်ခေါ်တယ်ဆိုတာ သူ့ကို လာတွေ့ရမယ်လို့ အမိန့်ပေးလိုက်သလို ဖြစ်နေတယ်လို့ ကျုပ်ခံစားရတယ်၊ ဒါကြောင့် နဂါးမှန်းသိအောင် အမောက်ထောင်ပြမှ ဖြစ်မယ်"



"ကောင်းပါတယ် ဂိုဏ်းချုပ်ကြီး"

ဝမ်းဟိုနှင့် ဆရာစုတို့ ပြိုင်တူ ထောက်ခံလိုက်ကြခြင်း ဖြစ်လေသည်။

"ဟား...ဟား...ဟား"

မာထုံးလည်း သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

* * *

ကောင်းရှိလုံသည် ယက္ခဂိုဏ်းမှ အထောက်တော်တစ်ဦးရောက်လာသည်ဟု သိရလျှင် လက်ခံတွေ့ဆုံရန် ဧည့်ခန်းဆောင်ထဲလာခဲ့လေသည်။

ဧည့်ခန်းဆောင်ထဲ၌ ဧည့်သည်တစ်ယောက် ရောက်ရှိနေပါသည်။

ဝမ်းဟို ဖြစ်သည်။

ဝမ်းဟိုသည် အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီးခက်ထန်သော မျက်နှာထားဖြင့် မားမားမတ်မတ် ရပ်နေ၏။

ကိုးနဝင်းဂိုဏ်းမှ အိမ်ထိန်းကြီးက နေရာထိုင်ခင်း ပေးသော်လည်း လုံးဝမထိုင်ဘဲ ရပ်နေခြင်း ဖြစ်လေသည်။

ကောင်းရှိလုံ ရောက်လာသောအခါ ဝမ်းဟိုအား ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး...

"ထိုင်ပါဦးဗျ"

နေရာထိုင်ခင်း ပေးလိုက်ပြန်သည်။

ဝမ်းဟို ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ထိုင်ဖို့ လာခဲ့တာ မဟုတ်ဘူးဗျ"

"ဗြော်"

"ကျုပ်တို့ဂိုဏ်းချုပ်ကို ဖိတ်ခေါ်လိုက်တာ ကိုးနဝင်းဂိုဏ်း အနေနဲ့ စော်ကားသလို ဖြစ်နေတာကြောင့် လာပြီး သတိပေးတာပဲ"

"ဟင်"

ဝမ်းဟို၏ပမာမခန့် စကားကြောင့် ကောင်းရိလုံကော အိမ်ထိန်းကြီးပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"မင်းစကားကြည့်ပြောယင် ကောင်းမယ်"

ဟုသတိပေးလိုက်သည်။

ဝမ်းဟို အမှုမထားပါချေ။

"သိုင်းလောကမှာ ကိုးနဝင်းဂိုဏ်းတစ်ခုထဲ ရှိတာ မဟုတ်ပါဘူး၊ ရှောင်လင်၊ ဝူတန် အစရှိတဲ့ သိုင်းဂိုဏ်းကြီးတွေ ရှိသလို ယက္ခဂိုဏ်းလည်း ရှိပါတယ်ဗျာ၊ ယက္ခဂိုဏ်းဟာ သာမညဂိုဏ်းတစ်ခုလို့ ထင်နေယင် မှားသွားပါလိမ့်မယ်၊ ကျုပ်တို့ဂိုဏ်းချုပ်ကို လာတွေ့ရမယ်ဆိုတဲ့ သဘောနဲ့ အမိန့်ပေးသလို ဖြစ်နေတာကို လက်ခံမှာ မဟုတ်ပါဘူး"

အိမ်ထိန်းကြီး ခံပြင်းသွားလေသည်။

"မင်းက..."

"အိမ်ထိန်းကြီး"

ကောင်းရိလုံ သတိပေးလိုက်တော့မှ အိမ်ထိန်းကြီးလည်း



စိတ်ထိန်းကာ ကိုယ်ရှိန်သပ်လိုက်လေသည်။

ကောင်းရိလုံက ဝမ်းဟိုအား စိုက်ကြည့်ပြီး တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျုပ်တို့က ယက္ခဂိုဏ်းချုပ်ကို မိတ်ဆွေတစ်ယောက်လို သဘောထားပြီး တွေ့ဆုံဆွေးနွေးဖို့ ဖိတ်ခေါ်လိုက်တာပါ၊ ကျုပ်ကို လာတွေ့ရမယ်လို့ အမိန့်ထုတ်လိုက်တာ မဟုတ်ပါဘူးလေ"

ဝမ်းဟို မဲ့ပြုံးပြုံးလိုက်သည်။

"ကိုးနဝင်းဂိုဏ်းဟာ သိုင်းလောက ရှေ့ဆောင်ဂိုဏ်းကြီး တစ်ခု ဖြစ်တယ်ဆိုပြီး အမိန့်ပေးချင်တဲ့ သဘောမျိုးလို့ ကျုပ်တို့ တွက်ဆခဲ့ကြတာပေါ့ဗျာ၊ သည်လို မဟုတ်ဘူး၊ မိတ်ဆွေတွေလို တွေ့ဆုံဆွေးနွေးချင်တယ်ဆိုယင် နည်းလမ်းရှိပါတယ်"

ကောင်းရိလုံ မေးလိုက်သည်။

"ဘယ်လိုနည်းလမ်းများလည်း ပြောပါဦး"

ဝမ်းဟိုက...

"ကျုပ်တို့ဂိုဏ်းကို လာပြီး ဂိုဏ်းချုပ်နဲ့ တွေ့ဆုံဖို့ပါပဲဗျာ"

ကောင်းရိလုံ ပြုံးလိုက်သည်။

"မာထုံးက သူနဲ့ တွေ့ချင်ယင် ယက္ခဂိုဏ်းကို လာခဲ့ရမယ် ဆိုပါတော့လေ"

"ဟုတ်ပါတယ်ဗျာ"

မာထုံး၏သဘောထားကား ရှင်းသီးလှသည်။

ကောင်းရိလုံကဲ့သို့ ကိုးနဝင်းဂိုဏ်းချုပ်တစ်ယောက်ကိုပင် သူနှင့် တွေ့လိုပါက ယက္ခဂိုဏ်းသို့ လာရမည်ဟု သဘောထားနေ

သည် မဟုတ်ပါလား။

ကောင်းရိလုံက...

"လက်စသပ်တော့ မာထုံးက သူ့ကို အမိန့်ပေးသလို ဖြစ်နေတယ်ဆိုပြီး စိတ်ဆိုးနေတာကိုး၊ ကျုပ်ကတော့ မိတ်ဆွေလို သဘောထားပြီး တွေ့ဆုံဆွေးနွေးချင်တဲ့ သဘောပါလေ"

ဝမ်းဟိုက...

"ကျုပ်တို့ဂိုဏ်းချုပ်ကြီး မှာလိုက်တာ ရှိပါသေးတယ်ဗျာ"

ကောင်းရိလုံ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ဘာများ မှာလိုက်သေးသလဲ ပြောပါဦး"

ဝမ်းဟိုက...

"ကျုပ်တို့ဂိုဏ်းချုပ်ကလည်း ကိုးနဝင်းဂိုဏ်းချုပ်ကို တွေ့ချင်နေပါတယ်၊ ကိုးနဝင်းဂိုဏ်းချုပ် ထင်ရှားကျော်ကြားသလောက် တကယ်ပဲ အရည်အချင်း ရှိရဲ့လားဆိုတာ သိချင်နေပါတယ်၊ ဒါကြောင့် မိုးမျှော်နတ်ကျွန်းမှာ တွေ့ဖို့ ချိန်းလိုက်ပါတယ်"

ကောင်းရိလုံ စိတ်ကောင်းထားသော်လည်း ယက္ခဂိုဏ်းချုပ် မာထုံးက ရန်သူသဖွယ် ဆက်ဆံနေသည်။

မာထုံးမှာ သိုင်းလောကအား ဒုက္ခပေးမည့်သူ ဖြစ်နေရကား ကောင်းရိလုံ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သဘောတူလိုက်လေတော့သည်။

"ကောင်းပြီလေ၊ မိုးမျှော်နတ်ကွန်းကို ကျုပ်လာခဲ့ပါ့မယ်၊ မင်းတို့ဂိုဏ်းချုပ်ကိုသာ ဆက်ဆက်စောင့်နေဖို့ ပြောလိုက်ပါ"

"ဟား...ဟား...ဟား"



ဝမ်းဟို ရယ်မောလိုက်လေသည်။

"စိတ်ချပါဗျာ၊ ဂိုဏ်းချုပ်ကြီးသာ လာဖြစ်အောင် လာခဲ့ပါ၊ ကဲ...ကျုပ်ကို ခွင့်ပြုပါဦး"

ထို့နောက် မည်သူ့ကိုမျှ အမှုမထားဘဲ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

* * *

ဝမ်းဟို ထွက်သွားပြီ ဖြစ်လေသည်။

"တောက်"

အိမ်ထိန်းကြီး မကျေမနပ်ဖြင့် တက်ခေါက်လိုက်သည်။

ကောင်းရိလုံကို ပြောလိုက်သည်။

"သည်လောက်တောင် စော်ကားနေတာ သူ့ကို သည်အတိုင်း ပြန်မလွှတ်သင့်ပါဘူး"

ကောင်းရိလုံ သက်ပြင်းချလိုက်သည်။

"သူသွားပါစေ၊ သူက ရိုင်းပျစော်ကားတာဟာ ကျုပ်တို့အမှားလုပ်မိအောင် တမင်ဖန်တီးတာမျိုး ဖြစ်နေတယ်ဆိုတာ သတိထားရမယ်၊ ကျုပ်တို့က စော်ကားတာကြောင့် သူတို့က ရင်ဆိုင်ရတာပါဆိုပြီး အကြောင်းပြဖို့ စီစဉ်ထားတာ"

အိမ်ထိန်းကြီး ငိုင်သွားလေသည်။

ကောင်းရိလုံက...

"ကျုပ်က မိုးမျှော်နတ်ကွန်းကိုသွားပြီး မာထုံးနဲ့ တွေ့ပါ

မယ်၊ သူ့ကို ဖျောင်းဖျပြောဆိုလို့ မရဘူးဆိုယင်တော့လည်း ရင်ဆိုင်ဆုံးမရမှာပေ့ါလေ"

"သခင်ကြီးတစ်ယောက်ထဲ သွားလို့ ဖြစ်ပါ့မလား"

"အိမ်ထိန်းကြီးက ကျုပ်ကို မယုံဘူးလား"

"သခင်ကြီးကို ယုံကြည်ပါတယ်၊ မာထုံးကို မယုံကြည်တာပါ၊ သူက အကောက်ကြံမယ်ဆိုယင်"

ကောင်းရိလုံ လက်ကာပြလိုက်သည်။

"သူ အကောက်ကြံမယ်ဆိုယင်လည်း ကျုပ်မမှုသေးပါဘူးဗျာ"

"သခင်ကြီး သတိထားဖို့တော့ လိုပါလိမ့်မယ်၊ မာထုံးက ယုံကြည်ရတဲ့ လူစားမျိုး မဟုတ်ပါဘူး"

အိမ်ထိန်းကြီး စိုးရိမ်ပူပန်နေသည်။

ကောင်းရိလုံက...

"ကျုပ်အတွက် စိတ်ချပါဗျာ"

ဟုပြောလိုက်လေသည်။

* * *

## မိုးမျှော်နတ်ကွန်း

မိုးမျှော်နတ်ကွန်းသည် ချန်ကျင်းတောင်ကုန်းပေါ်၌ တည်ရှိခြင်း ဖြစ်လေသည်။

ကောင်းရိလုံသည် မိုးမျှော်တောင်ကုန်းသို့ တစ်ယောက်ထဲ လာခဲ့လေသည်။

ရာသီဥတု ကြည်လင်သာယာနေပါသည်။

မိုးကောင်းကင်တစ်ခုလုံး ကြည်ပြာရောင်သန်းနေသည်။

တိမ်ဖြူများသည် လေနှင့်အတူ လွင့်မျောနေသည်။

ငှက်လေးများကလည်း အသံစာစာပေးကာ ပျံသန်းသွားကြလေသည်။

သစ်ပင်ပန်းပင်များက အရပ်လေးမျက်နှာတွင် စိမ်းစိမ်းစိုစို ရှိနေသည်။

ကောင်းရိလုံမှာ သာယာလှပနေသော ပတ်ဝန်းကျင်ကြောင့် စိတ်ထဲကြည်လင်ချမ်းမြေ့နေသည်။

ယနေ့တွင် မာထုံးနှင့် တွေ့ဆုံဖို့ ချိန်းဆိုထားပြီး မာထုံးအားနားဝင်အောင် ဖျောင်းဖျပြောဆို၍ရမည်ဟု ယုံကြည်ထားလေသည်။

ချန်ကျင်းတောင်ကုန်းပေါ်၌ အဆောက်အဦးငယ်လေးတစ်ခု ရှိနေသေည်။

ဒေသခံ လယ်သမား၊ ယာသမားများ တည်ဆောက်ထားသော နတ်ကွန်းဖြစ်လေသည်။

ရာသီဥတု မှန်ကန်စေရန် မိုးမှန်မှန် ရွာသွန်းစေရန် ရည်ရွယ်ချက် ဆုတောင်းကြခြင်းကြောင့် မိုးမျှော်နတ်ကွန်းဟု အမည်တွင်ခြင်း ဖြစ်လေသည်။

မိုးမျှော်နတ်ကွန်းနှင့် မနီးမဝေး၌ မြေကွက်လပ်တစ်ခု ရှိနေသည်။

မြေကွက်လပ်နံဘေး၌ သစ်ပင်ပန်းပင်များဖြင့် စိုစိုပြည်ပြည် ရှိနေသည်။

ကောင်းရိလုံ ရောက်ရှိလာသောအခါ လူတစ်ယောက်ကကြိုဆိုလာလေသည်။

ဝမ်းဟို ဖြစ်သည်။

"ဂိုဏ်းချုပ်ကြီး တကယ်ပဲ လာဝံ့တာကိုး"

ကောင်းရိလုံ ပြုံးလိုက်သည်။



"ကျုပ်လာမယ်လို့ ပြောပြီးယင် ရောက်အောင် လာမှာပါပဲ"

"သည်နေရာမှာ ကျုပ်တို့ဂိုဏ်းချုပ်နဲ့ တွေ့ဖို့ ချိန်းထားပြီး တစ်ယောက်ထဲ လာဝံ့တဲ့သတ္တိကို ချီးကျူးပါတယ်ဗျာ"

ကောင်းရိလုံသည် ဝမ်းဟို၏ရိသဲ့သဲ့စကားကို အမှုမထားဘဲ မာထုံးကို မေးလိုက်သည်။

"ယက္ခဂိုဏ်းချုပ် ဘယ်မှာလဲ"

"ရှိပါတယ်ဗျာ၊ ကျုပ်နောက်လိုက်ခဲ့ပါ"

ဝမ်းဟိုက လမ်းပြကာ မြေကွက်လပ်ဆီသို့ ခေါ်ဆောင်သွားလေသည်။

ကောင်းရိလုံက လေညှင်းခံထွက်လာသူပမာ လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးဆေးဆေး လိုက်ပါသွားလေသည်။

လမ်းတွင် ဝမ်းဟိုက…

"ဂိုဏ်းချုပ်ကြီးတို့ ကိုးနဝင်းဂိုဏ်းဟာ ကျုပ်တို့ ယက္ခဂိုဏ်းနဲ့ ပြိုင်ဘက်လို ဖြစ်နေတာပဲ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးကို ကျုပ်တို့က ဝိုင်းပြီး လုပ်ကြံကြမှာကို နည်းနည်းလေးမှ မစိုးရိမ်မိဘူးလားဗျာ"

သွေးတိုးစမ်းကာ မေးလာလေသည်။

ကောင်းရိလုံ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အမှုမထားပါဘူး၊ ယက္ခဂိုဏ်းချုပ်ဟာ တကယ်ပဲ ဂိုဏ်းချုပ်ပီသတဲ့လူတစ်ယောက်ဆိုယင် သည်လိုလုပ်မှာ မဟုတ်ဘူးလို့ ယုံကြည်တယ်"

တဖန် တည်ကြည်သော မျက်နှာထားဖြင့် ဆက်ပြောလိုက်

လေသည်။

"ကျုပ်ကောင်းရိလုံဟာ လွယ်လွယ်နဲ့ အကောက်ကြံလို့ရတဲ့ လူစားမျိုးလည်း မဟုတ်ပါဘူးလေ"

"ဟား...ဟား...ဟား"

ဝမ်းဟို ရယ်မောလိုက်၏။

"ဂိုဏ်းချုပ်ကြီးရဲ့ သတ္တိကို ချီးကျူးပါတယ်ဗျာ"

နှစ်ယောက်သား စကားတပြောပြောဖြင့် လျှောက်လာကြ ယင်း မြေကွက်လပ်၌ လူနှစ်ယောက် ရှိနေသည်။

ယက္ခဂိုဏ်းချုပ်မာထုံးနှင့် ဆရာစုတို့ ဖြစ်သည်။

ကောင်းရိလုံတစ်ယောက်ထဲ လာခဲ့သော်လည်း မာထုံးက အားထားရသော လက်ရုံးနှစ်ယောက်ကို ခေါ်ဆောင်လာခဲ့လေသည်။

ဝမ်းဟိုက မာထုံးအား ဦးညွတ်လိုက်သည်။

"ကိုးနဝင်းဂိုဏ်းချုပ် ရောက်လာပါပြီ ဂိုဏ်းချုပ်ကြီး"

မာထုံးက အေးတိအေးစက်ဖြင့် ကောင်းရိလုံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

"ကောင်းရိလုံ၊ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ ကိုးနဝင်းဂိုဏ်းချုပ်ကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ခုလို တွေ့လိုက်ရတော့ ကျုပ်ရဲ့ဆန္ဒ ပြည့်ဝနိုင်တော့မှာပါပဲ"

ကောင်းရိလုံက...

"ခင်ဗျားမှာ ဘယ်လိုဆန္ဒမျိုး ရှိနေလို့လဲ ပြောပါဦး"

မာထုံးက...

"ကိုးနဝင်းဂိုဏ်းချုပ်ရဲ့ သိုင်းပညာနဲ့ ကျုပ်ရဲ့သိုင်းပညာ



ဘယ်သူက သာတယ်ဆိုတာ လက်တွေ့စမ်းသပ်ကြည့်ချင်တဲ့ ဆန္ဒပါဗျာ"

"ဩော်"

ကောင်းရိလုံ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကျုပ်နဲ့ သိုင်းပညာ ယှဉ်ကြည့်ချင်တာကိုး ရပါတယ်ဗျာ၊ ခင်ဗျားရဲ့ဆန္ဒ ပြည့်ဝရမှာပါ၊ ဒါပေမယ့် ကျုပ်တို့ မယှဉ်ပြိုင်ခင် စကားနည်းနည်းလောက် ပြောချင်သေးတယ်"

မာထုံးက...

"ဘာများ ပြောချင်လို့လဲဗျ"

ကောင်းရိလုံက...

"သည်လိုပါဗျာ၊ ယက္ခဂိုဏ်းဟာ သိုင်းလောကမှာ အထူးပဲ ထင်ရှားကျော်ကြားပါတယ်၊ အားလုံးက ယက္ခဂိုဏ်းကို ဂရုစိုက်ကြပါတယ်၊ ကျုပ်တို့ ကိုးနဝင်းဂိုဏ်းကလည်း ကြိုဆိုပါတယ်ဗျာ၊ ဒါပေမယ့်"

စကားကို ခေတ္တရပ်နားကာ မာထုံးအား စိုက်ကြည့်လိုက်ပြီးမှ ဆက်ပြောသည်။

"ယက္ခဂိုဏ်းဟာ သိုင်းအဖွဲ့လေးတွေ အပေါ်မှာ နိုင်ထက်စီးနင်းပြုလုပ်နေတာ အမှောင်လောသားတွေနဲ့ ဒုစရိုက်သမားတွေကို လက်ခံနေရာပေးနေတာ၊ ဒါတွေကို ပြုပြင်ပြီး အများအကျိုး သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်မယ်ဆိုယင် ယက္ခဂိုဏ်းကို အားလုံးက လက်ကမ်းကြိုဆိုဖို့ ဝန်လေးနေကြမှာ မဟုတ်ပါဘူးဗျာ"

မာထုံးက ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကောင်းရိလုံက...

"ကျုပ်က အလေးအနက် ပြောနေတယ်ဆိုတာကို မိတ်ဆွေ နားလည်စေချင်ပါတယ်"

မာထုံးက...

"ကျုပ်က ကိုးနဝင်းဂိုဏ်းနဲ့ လက်တွဲမှ သိုင်းလောကအကျိုး ဆောင်ရွက်နိုင်မှာလားဗျာ"

ကောင်းရိလုံ မျက်မှောင်ကုပ်သွားလေသည်။

မာထုံးက...

"ကျုပ်တို့ ယက္ခဂိုဏ်းဟာ ကိုးနဝင်းဂိုဏ်းထက် မညံ့ပါဘူးဗျာ၊ သိုင်းလောကကို ဦးဆောင်သွားမယ်လို့ ကျုပ်ရည်ရွယ်ထားတယ်၊ ဒါကြောင့် ဘယ်သူနဲ့မှ လက်တွဲဆောင်ရွက်ဖို့ လိုအပ်မှာ မဟုတ်ပါဘူး"

ကောင်းရိလုံသည် မာထုံးအား ဖျောင်းဖျ၍ ရလိမ့်မည်ဟု မျှော်လင့်ချက်ထားခဲ့သည်။

ယခုတော့ မဖြစ်နိုင်တော့မှန်း ကောင်းကောင်းကြီး သဘောပေါက်သွားလေတော့သည်။

မာထုံးက...

"ကောင်းရိလုံ၊ ခင်ဗျားတို့ ကိုးနဝင်းဂိုဏ်းဟာ နေရာတကာ ဝင်စွက်ဖက်ပြီး အမိန့်ပေးချင်နေတာကို လက်ခံတဲ့လူတွေ ရှိကြပေမယ့် ကျုပ်တို့ ယက္ခဂိုဏ်းကတော့ ဘယ်တော့မှ လက်ခံမှာ မဟုတ်ဘူးဆိုတာ မှတ်ထားပါဗျာ"



ကောင်းရိလုံ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားကို ဖျောင်းဖျလို့ မရဘူးဆိုယင်လည်း ကျုပ်တို့ ယှဉ်ပြိုင်လိုက်ကြဖို့ပဲ ရှိတော့တာပေါ့"

"ဟား...ဟား...ဟား သည်လိုသတ္တိ ရှိမှပေါ့ဗျာ"

မာထုံး ပမာမခန့် ရယ်မောလိုက်လေသည်။

ထို့နောက် ရင်ဆိုင်ရန် အသင့်ပြင်လိုက်၏။

ဝမ်းဟိုနှင့် ဆရာစုတို့ နောက်ဆုတ်လိုက်ကြလေသည်။

ကောင်းရိလုံမှာ မာထုံး၏သဘောထားကို နားလည်လိုက်ပြီဖြစ်ရာ မပေါ့ဆဝံ့တော့ပါချေ။

အတွင်းအား ဖော်ထုတ်ပြီး လက်ဝါးနှစ်ဘက်၌ စုစည်းထားလိုက်လေသည်။

မာထုံးက...

"ကဲ...ဂိုဏ်းချုပ်ကြီးကပဲ စပါဗျာ"

ကောင်းရိလုံက...

"ဒါဖြင့် သတိထားပါ"

သတိပေးပြီး ကိုးနဝင်းလက်ဝါးသိုင်းကို အသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

* * *

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဂိုဏ်းချုပ်ကြီးနှစ်ယောက် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်လိုက်ကြပြီ ဖြစ်လေသည်။

ကောင်းရိလုံက ကိုးနဝင်းလက်ဝါးသိုင်းကို အသုံးပြုလျှင် မာထုံးဂံလည်း ယက္ခလက်ဝါးသိုင်းကို အသုံးပြုကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ထိပ်သီးသိုင်းသမားကြီးများ ဖြစ်ရကား သူတို့၏သိုင်းကွက်များ ထူးခြားထက်မြက်နေပြီး ကြောက်မက်ဖွယ်ကောင်းသော စွမ်းအင် ရှိလေသည်။

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာသည်။

ဖုန်များ သဲများ တထောင်းထောင်း ထသွားသည်။

"ဟိတ်"

"ယား"

ညာသံပေးသံများလည်း ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

ကောင်းရိလုံနှင့် မာထုံးတို့သည် လက်ဝါးသိုင်းကို အသုံးပြုနေရာမှ ခြေထောက်များကိုလည်း အသုံးပြုလာကြသည်။

ကိုယ်ဖော့ပညာ အတွင်းအားပညာများလည်း အသုံးပြုကြလေသည်။

သူတို့၏အကောင်းဆုံး သိုင်းကွက်များကို အိတ်သွန်ဖာမှောက် အသုံးပြုကာ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ထိပ်သီးသိုင်းသမားကြီးများ ဖြစ်ရကား မည်သူအနိုင်ရမည်



ကို ရုတ်တရက် ဝေခွဲနိုင်မည် မဟုတ်ပါချေ။

ဝမ်းဟိုနှင့် ဆရာစုတို့သည် တိုက်ပွဲကို ကြည့်ယင်း ဦးခေါင်းထဲ မူးနောက်လာသည်ဟုပင် ခံစားကြရလေသည်။

ဝမ်းဟိုက ဆရာစုကို မေးလိုက်သည်။

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ဆရာစုက...

"အို...အချိန်ကျယင် ဂိုဏ်းချုပ်ကြီးက အချက်ပေးမှာပေါ့"

ဟုပြောလိုက်ခြင်းကြောင့် ဝမ်းဟို ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ကောင်းရိလုံနှင့် မာထုံးတို့ ဆက်လက်ယှဉ်ပြိုင် တိုက်ခိုက်နေကြဆဲ...

ယှဉ်ပြိုင်ပွဲ၌ မည်သူအနိုင်ရလိမ့်မည်နည်း။

* * *

ကောင်းရိလုံ၏တိုက်ကွက်များ တဖြည်းဖြည်း နှေးကွေးလေးလံလာလေသည်။

အမှတ်တမဲ့ဆိုလျှင် တိုက်ပွဲဆင်နွှဲလိုက်ရခြင်းကြောင့် လက်ကျသွားသည် ထင်ရ၏။

သို့သော် ကောင်းရိလုံ ခြေကုန်လက်ပမ်းကျသွားခြင်း မဟုတ်ပါ။

သူ၏သိုင်းကွက်များက ပို၍ ပြင်းထန်လာခြင်း ဖြစ်လေသည်။

မာထုံး မပေါ့ဆ၀့ံပါချေ။

ယက္ခအတွင်းအားပညာ ထုတ်ဖော်ကာ ပြန်လည်ရင်ဆိုင်လိုက်ရလေသည်။

သို့တိုင်အောင် သိုင်းကွက်တစ်ရာကျော်လာသောအခါ ကောင်းရိလုံ အသာစီးရသွားပြီး မာထုံး တဖြည်းဖြည်း အရေးနိမ့်လာလေတော့သည်။

မာထုံး ခံပြင်းသွားသည်။

ပညာကုန်ထုတ်ဖော်လိုက်သော်လည်း ကောင်းရိလုံအား မယှဉ်နိုင်တော့မှန်း နားလည်သဘောပေါက်လာသည်။

ဤတွင်...

"ဟေး"

သူသေကိုယ်သေ တိုက်ခိုက်တော့မည့်အသွင် ဟန်ပြင်ယင်း ဝမ်းခေါင်းသံကြီးဖြင့် ညာသံပေးလိုက်လေသည်။

အမှန်တော့ ဝမ်းဟိုနှင့် ဆရာစုတို့အား အချက်ပေးလိုက်



ခြင်း ဖြစ်လေသည်။

ဆရာစုက...

"ဂိုဏ်းချုပ်ကြီး အချက်ပေးနေပြီ"

ဟုပြောကာ ပြေးထွက်သွားလေသည်။

ဝမ်းဟိုလည်း ပြေးလိုက်သွားသည်။

"သေပေတော့"

"ယား"

ညာသံပေးကာ ကောင်းရိလုံအား နောက်ကျောဘက်မှ ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

"ဩော်"

ကောင်းရိလုံ မဲ့ပြုံးပြုံးလိုက်သည်။

မျှော်လင့်ထားသည့်အတိုင်း ဝမ်းဟိုနှင့် ဆရာစုတို့ကပါ ဝင်ရောက်တိုက်ခိုက်လာပြီး အကောက်ကြံလိုက်ကြပြီ မဟုတ်ပါလား။

"ကျုပ်ကို သည်လိုမရဘူး"

ကောင်းရိလုံ လက်တစ်ဘက် ဝှေ့ယမ်းလိုက်သောအခါ...

"ဟူး"

လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာကာ ဝမ်းဟိုတို့ထံသို့ တိုးဝင်သွားလေသည်။

လေပွေလှိုင်းကြောင့် ဝမ်းဟိုတို့ ကိုယ်ရှိန်သပ်လိုက်ကြသည့် တဒင်္ဂအချိန်လေးမှာပင်...

"ခင်ဗျား သတိထားပါ"

ကောင်းရိလုံက မာထုံးထံ ခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်ချ

လိုက်လေသည်။

မာထုံးလည်း အံတင်းတင်းကြိတ်ကာ ခုခံလိုက်သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်…

"ဝုန်း"

ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မာထုံး မသဲမကွဲ ညည်းညူကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ကောင်းရိလုံ အနိုင်ရသွားပြီး မာထုံး အရေးနိမ့်သွားပြီ ဖြစ်သည်။

မာထုံးသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားပြီး…

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ဝမ်းဟိုနှင့် ဆရာစုတို့သည် မာထုံး အရေးနိမ့်သွားသည့်အပြင် ထိခိုက်ဒဏ်ရာရသွားသည်ကို တွေ့ရသောအခါ ထိတ်လန့်သွားကြလေသည်။

ကောင်းရိလုံကို ဆက်လက်တိုက်ခိုက်ဖို့ မကြိုးစားရဲကြတော့ချေ။

ကောင်းရိလုံလည်း ရပ်တန့်လိုက်လေသည်။

"ခင်ဗျားရှုံးသွားပြီ"



မာထုံး နှုတ်ခမ်း၌ ပေကျံနေသော သွေးများကို အင်္ကျီလက်ဖြင့် သုတ်လိုက်သည်။

သူ၏မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်နေသကဲ့သို့ ဝမ်းနည်းကြေကွဲသည့်အသွင် ဖြစ်ပေါ်နေသည်။

"ကျုပ်ဟာ တခြားပြိုင်ဘက်တွေကို အနိုင်ယူပြီး ဝင့်ကြွားနိုင်ခဲ့တယ်၊ ဒါပေမယ့် ကိုးနဝင်းဂိုဏ်းချုပ်ကိုတော့ မယှဉ်နိုင်ပါလား"

ဟုညည်းတွားလိုက်လေသည်။

ကောင်းရိလုံက…

"ယက္ခဂိုဏ်းချုပ်၊ ခင်ဗျားပြုပြင်လိုက်မယ်ဆိုယင်တော့ အချိန်မီသေးပါတယ်ဗျာ"

မာထုံးက…

"ကျုပ်ဘယ်လိုပြုပြင်ပြောင်းလဲရမှာလဲဗျ"

ကောင်းရိလုံက…

"လွယ်ပါတယ်၊ ခင်ဗျားရဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်လိုက်ပါ၊ အများသူငါနဲ့ လက်တွဲပြီး သိုင်းလောကအကျိုး အများအကျိုး သည်ပိုးဆောင်ရွက်ပါ၊ ဒါဆိုယင် ခင်ဗျားနဲ့ ယက္ခဂိုဏ်းကို သိုင်းလောကတစ်ခုလုံးက လက်ခံလာကြမှာပဲ"

မာထုံးက…

"ကျုပ်က ခင်ဗျားပြောသလို ပြုပြင်လိုက်မယ်ဆိုယင် သိုင်းလောကသားတွေက လက်ခံကြလိမ့်မယ် ဟုတ်လား"

"ဒါအမှန်ပဲ"

မာထုံး ခေါင်းခါယမ်းလိုက်သည်။

"ဖြစ်နိုင်မယ် မထင်ဘူးဗျ"

"ဘာဖြစ်လို့လဲဗျာ"

"ကျုပ်က သိုင်းအဖွဲ့ငယ်လေးတွေကို မတရားစည်းရုံးသိမ်းပိုက်ထားတာ၊ ကျုပ်အတွက် အသုံးဝင်မယ်ဆိုယင်လည်း ဒုစရိုက်သမားပဲဖြစ်ဖြစ်၊ အမှောင်လောကသားပဲဖြစ်ဖြစ်၊ လက်ခံဖို့ ဝန်မလေးဘူး၊ ကျုပ်ရဲ့လုပ်ရပ်တွေကို အဖြူရောင်သိုင်းသမားကြီးတွေက သဘောမကျကြဘူးဆိုတာ ကျုပ်သိပါတယ်"

ကောင်းရိလုံက...

"သည်ကိစ္စကို ကျုပ်တာဝန်ယူမယ်ဆိုယင်ကော"

"ခင်ဗျား ဘယ်လိုတာဝန်ယူမှာလဲ"

"သိုင်းလောကတစ်ခုလုံး ယက္ခဂိုဏ်းကို လက်ခံလာအောင် ကျုပ်ဖျောင်းဖျပေးမယ်၊ ခင်ဗျားဘက်က ပြုပြင်ဖို့ပဲ လိုပါတယ်"

"ကောင်းပါပြီဗျာ၊ ကျုပ်ပြုပြင်လိုက်ပါတော့မယ်"

ကောင်းရိလုံ ဝမ်းသာသွားလေသည်။

"ခင်ဗျား တကယ် ပြောနေတာနော်"

"တကယ်ပါဗျာ"

"ဒါဆို သိပ်ကောင်းတာပေါ့၊ ခင်ဗျား လက်ခံမယ်ဆိုယင် ကျုပ်က ခင်ဗျားကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုချင်ပါတယ်၊ ခင်ဗျားရဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာ ပြောပါဦး"

မာထုံး မယုံကြည်နိုင်ဟန်ဖြင့်...

"ကျုပ်...ကျုပ်က ခင်ဗျားအပေါ် အကောက်ကြံခဲ့တယ်၊ ဒါတောင်မှ ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံနိုင်သေး



တယ်လားဗျာ"

ကောင်းရိလုံ ပြုံးနေလိုက်လေသည်။

မာထုံးက...

"ဝမ်းသာလိုက်တာဗျာ၊ ခင်ဗျားဟာ တကယ့်ကို စိတ်ကောင်းနှလုံးကောင်းရှိတဲ့ လူတစ်ယောက်ပါပဲ"

ချီးကျူးစကားပြောယင်း လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

ဝမ်းဟိုနှင့် ဆရာစုတို့က အခြေအနေ စောင့်ကြည့်နေကြ၏။

မာထုံးသည် အလွန်မာနကြီးသူတစ်ယောက် ဖြစ်သည်။

ကောင်းရိလုံကို မဟာရန်သူတော်တစ်ယောက်အဖြစ် သဘောထားသူလည်း ဖြစ်သည်။

ယခုကဲ့သို့ ဦးညွှတ်ဂါရဝပြုမည်ဟု မမျှော်လင့်ကြပါ။

မာထုံးက အရိအသေ ပေးနေခြင်းကြောင့် ဝမ်းဟိုတို့ အံ့ဩသွားကြလေသည်။

သို့သော်...

မာထုံး၏စိတ်နေသဘောထားကို နားလည်ထားကြသည် ဖြစ်ရကား ယခုကဲ့သို့ ဦးညွှတ်နေခြင်းသည် အကောက်ကြံဖို့ကြိုးစားနေခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်သွားကြလေတော့သည်။

ဤတွင်...

"ဟိတ်"

"ယား"

ညာသံပေးကာ ကောင်းရိလုံထံ ခုန်ဝင်တိုက်ခိုက်လိုက်ကြလေသည်။

ကောင်းရိလုံကလည်း မာထုံးအား ပြန်လည်ဂါရဝပြုရန် လက်နှစ်ဘက်ဆုပ်လိုက်ချိန်၌ အကောက်ကြံလိုက်ကြခြင်း ဖြစ်လေသည်။

ကောင်းရိလုံ ရင်ထိတ်သွားသည်။

ကပျာကယာ ဝမ်းဟိုတို့ဘက်သို့ လှည့်ကာ ရင်ဆိုင်လိုက်လေသည်။

မာထုံးကလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ ကျောခိုင်းလိုက်သည့် ကောင်းရိလုံအား တိုက်ခိုက်လိုက်လေသည်။

အခြေအနေ ရှုပ်ထွေးသွားလေသည်။

လူရိပ်များ ရောထွေးသွားပြီး ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေတော့သည်။

* * *



မာထုံး၊ ဝမ်းဟိုနှင့် ဆရာစုတို့က ကောင်းရိလုံအား အကောက်ကြံခဲ့ကြလေသည်။

ကောင်းရိလုံမှာ မာထုံးအား ယုံကြည်မိလိုက်သည့် တဒင်္ဂ အချိန်လေး၌ အငိုက်မိသွားခြင်း ဖြစ်သည်။

သို့တိုင် ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ဖြစ်ရကား ဝမ်းဟိုနှင့် ဆရာစုတို့အား လက်ဝါးဖြင့် ရိုက်ချနိုင်ခဲ့လေသည်။

"ဝုန်း"

"အား"

ဆရာစုနှင့် ဝမ်းဟိုတို့ စူးရှစွာ အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားကြလေသည်။

နှစ်ယောက်သား မြေပေါ်လဲကျကာ လူးလိမ့်ညည်းတွားယင်း တဖြည်းဖြည်း ငြိမ်သက်သွားကြလေသည်။

မာထုံးလည်း လွင့်စင်သွားသည်။

နောက်ထပ် ဒဏ်ရာတစ်ချက် ရရှိသွားသည် ဖြစ်ရကား...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်ပြီး မြေပေါ်လဲကျသွားလေတော့သည်။ သို့သော် မာထုံးမှာ အသက်ပြင်းလှပေသည်။

လက်နှစ်ဘက် မြေပေါ်ထောက်ကာ အားယူပြီး ပြန်ထလာ၏။

ဝမ်းဟို၊ ဆရာစုနှင့် မာထုံးတို့သုံးယောက်ပေါင်း၍ အကောက်ကြံခြင်း ခံလိုက်ရသော ကောင်းရိလုံလည်း မသက်သာပါချေ။

"ဝုန်း"

ပြင်းထန်စွာ ဒဏ်ရာရရှိသွားပြီး မြေပေါ်လဲကျသွားလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားပြီး ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ ပတ်ဝန်းကျင်မှာ အေးချမ်းကာ သာယာမြဲ သာယာနေသည်။

တခဏအကြာတွင် မာထုံး ထရပ်လာနိုင်လေသည်။

မြေပေါ်လဲကျနေသော ကောင်းရိလုံကို ကြည့်ပြီး တဟားဟား ရယ်မောလိုက်သည်။

"ကောင်းရိလုံ၊ ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ကောင်းရိလုံလည်း သေဆုံးသွားခြင်း မရှိသေးပါချေ။

ညည်းတွားယင်း လူးလိမ့်ထဖို့ ကြိုးစားလိုက်လေသည်။

မာထုံးက...

"ခင်ဗျားကို ချမ်းသာမပေးနိုင်ဘူးဗျ"

ဒယီးဒယိုင်ဖြင့် ရှေ့တိုးသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"သခင်ကြီး"

ခေါ်သံနှင့်အတူ ပြေးလွှားလာနေသည့် အိမ်ထိန်းကြီးကို တွေ့လိုက်ရလေသည်။

မာထုံး မျက်နှာပျက်သွားလေသည်။

အိမ်ထိန်းကြီးမှာ ကောင်းရိလုံ အားထားရသူ ဖြစ်ကြောင်း သိထားလေသည်။



မာထုံး ကပျာကယာ နောက်ဆုတ်ကာ သစ်ပင်ချုံနွယ်များ ကြားသို့ ပြေးဝင်သွားလေသည်။

အိမ်ထိန်းကြီး ရောက်လာသောအခါ မာထုံးကို မတွေ့ရတော့ချေ။

"သခင်ကြီး"

အိမ်ထိန်းကြီးက မြေပေါ်လဲကျနေသည့် ကောင်းရိလုံအား ကပျာကယာ ပွေ့ထူလိုက်လေသည်။

ကောင်းရိလုံမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီ ဖြစ်ပါသည်။

"ဖြစ်ရလေ သခင်ကြီးရယ်"

အိမ်ထိန်းကြီး မချိတင်ကဲ ဖြစ်နေသည်။

ကောင်းရိလုံက...

"အိမ်ထိန်းကြီးရဲ့ စကားကို ကျူပ်နားမထောင်ဖြစ်ခဲ့ဘူး"

သူ၏အမှားကို ဝန်ခံလိုက်လေသည်။ အိမ်ထိန်းကြီးက...

"သခင်ကြီးရယ်၊ ဒါတွေ တွေးတောမနေပါနဲ့တော့၊ ယက္ခဂိုဏ်းကို မကြာခင် ချေမှုန်းပစ်နိုင်မှာ သေချာပါတယ်"

"ဟုတ်တယ်၊ ကိုးနဝင်းဂိုဏ်းက ခေါင်းဆောင်တွေကို ခေါ်ပြီး တိုင်ပင်ဆွေးနွေးရမယ်၊ ယက္ခဂိုဏ်းကို ချေမှုန်းပစ်မှ ဖြစ်တော့မယ်"

မာထုံးမှာ စိတ်ထားဆိုးညစ်သူ ဖြစ်ရကား ယက္ခဂိုဏ်းကို ချေမှုန်းပစ်ရန် ကောင်းရိလုံ ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။

သူက မာထုံးအပေါ် စိတ်ကောင်းထားခဲ့သော်လည်း မာထုံး

က အကောက်ကြံခဲ့သည် မဟုတ်ပါလား။

ကောင်းရိလုံ ဒဏ်ရာရလိုက်သော်လည်း မာထုံးလည်း သက်သာမည် မဟုတ်ကြောင်း ယုံကြည်ထားလေသည်။

အိမ်ထိန်းကြီးသည် ကောင်းရိလုံအား အမြန်ဆုံး ဆေးဝါးကုသပေးမှ ဖြစ်မည်ဟု နားလည် လိုက်သည်။

"ကျုပ်တို့ သွားကြပါစို့"

အိမ်ထိန်းကြီးက ကောင်းရိလုံအား ပွေ့ချီကာ ထရပ်လိုက်လေသည်။

ထိုစဉ် လေဝှေ့ယမ်း တိုက်ခတ်လာသည်။ မလှမ်းမကမ်းရှိ သစ်ပင်ချုံနွယ်များ လှုပ်ယမ်းသွားလေသည်။

အိမ်ထိန်းကြီး၏ မျက်လုံးထဲ၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရသကဲ့သို့ ရှိလေသည်။

ထို့အပြင် ကျောပြင်၌ စစ်ခနဲ နာကျင်သွားသည်ဟု ခံစားလိုက်ရသည်။

သို့သော် ထိုဝေဒနာသည် ချက်ချင်းပျောက်ကွယ်သွားလေသည်။

အိမ်ထိန်းကြီး လှည့်ကြည့်လိုက်သောအခါ မည်သူ့ကိုမျှ မတွေ့ရချေ။

ကောင်းရိလုံအား ကယ်တင်ရန် အရေးကြီးနေခြင်းကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပြေးလွှားသွားလေတော့သည်။

* * *



## ချေမှုန်းခြင်း

ကိုးနဝင်းဂိုဏ်း(ဝါ) ဂိုဏ်းကြီးကိုးဂိုဏ်းမှ ခေါင်းဆောင်များသည် တွေ့ဆုံဆွေးနွေးကာ ဆိုးသွမ်းသောင်းကျန်းနေသော ယက္ခဂိုဏ်းကိုချေမှုန်းပစ်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ဂိုဏ်းကြီးကိုးဂိုဏ်းမှ ခေါင်းဆောင်များ၊ သိုင်းသမားများသည် ချက်ချင်း စုရုံးလိုက်ကြလေသည်။

ကိုးနဝင်းဂိုဏ်း၏ လှုပ်ရှားမှုကြောင့် တိုက်ပွဲများ ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း သိုင်းလောကသားများ သိထားကြပြီး တိုက်ပွဲများ နေရာအနှံ့ ပျံ့နှံ့သွားမည်ကို တွေးတောပူပန်နေကြလေသည်။

ထို့အတူ ယက္ခဂိုဏ်းချုပ်သည်လည်း ကိုးနဝင်းဂိုဏ်းက

တိုက်ခိုက်လာတော့မည်ကို စိုးရိမ်ပူပန်နေပါတော့သည်။

ယက္ခဂိုဏ်းချုပ် မာထုံးမှာ ကောင်းရိလုံအပေါ် အကောက်ကြံမှုအောင်မြင်ခဲ့သော်လည်း အားထားရသော လက်ရုံးနှစ်ယောက် သေဆုံးသွားကြသည့်အပြင် သူကိုယ်တိုင်လည်း ဒဏ်ရာရရှိခဲ့လေသည်။

ထို့ကြောင့် ယက္ခဂိုဏ်းသို့ ပြန်လာပြီး ဆေးကုသမှုခံယူခဲ့သည်။

ယက္ခဂိုဏ်းချုပ် မာထုံးက ကျိုချက်ထားသော ဆေးတစ်ခွက် သောက်လိုက်သည်။

အမှောင်လောကမှ ဆေးဆရာကြီးများက သူ့အား ဂရုစိုက်ပြီး ကုသပေးကြပါသော်လည်း ဝေဒနာ သက်သာလာခြင်း မရှိသေးပေ။

သူ၏ ဝေဒနာသည် အချိန်ယူကာ ဆေးဝါးကုသရမည့်သဘော ရှိနေသည်။

သို့မဟုတ်လျှင် အစွမ်းထက်သော သမားတော်နှင့် ဆေးဝါးများကသာ သူ့အား အမြန်ဆုံး သက်သာပျောက်ကင်းသွားစေမည် ဖြစ်လေသည်။

ယက္ခဂိုဏ်းချုပ် မာထုံး အသက်ပြင်းပြင်း ရှူရှိုက်လိုက်၏။

"အင်း...ငါ အကောက်ကြံယင်း ကောင်းရိလုံ ချက်ချင်းတုန့်ပြန်လာမယ်ဆိုတာ သိလို့ သတိထားနေခဲ့တာကြောင့် ကံကောင်းသွားတာ၊ ဒါမှမဟုတ်ယင်တော့ မိုးမျှော်နတ်ကွန်းကနေပြီး ယက္ခဂိုဏ်းကို ပြန်လာနိုင်တော့မှာ မဟုတ်ဘူး"



ယခု အခြေအနေကိုပင် ကျေနပ်နေသေး၏။

သူကံကောင်းခဲ့ခြင်းသည် ကောင်းရိလုံ ကံဆိုးခြင်းဖြစ်လေသည်။

ကောင်းရိလုံ ပြင်းထန်စွာ ဒဏ်ရာရသွားပြီး သမားတော်ကြီးများက ဗိုင်းဝန်းဆေးဝါး ကုသပေးနေသည့်တိုင်အောင် သက်သာလာခြင်းမရှိဟု သတင်းရသည် မဟုတ်ပါလား။

ကောင်းရိလုံအား ဒုက္ခပေးနိုင်ခဲ့သဖြင့် ဝမ်းသာနေသော်လည်း ကိုးနဝင်းဂိုဏ်း ခေါင်းဆောင်များက ယက္ခဂိုဏ်းအား ချေမှုန်းရန်ပြင်ဆင်နေသည့် သတင်းကြားရသောအခါ မာထုံး စိတ်ပျက်သွားလေသည်။

ကိုးနဝင်းဂိုဏ်းသည် ဂိုဏ်းကြီးကိုးဂိုဏ်း စုပေါင်းထားခြင်းကြောင့် အင်အားတောင့်တင်းလှသည်။

သိုင်းပညာ ထူးချွန်သူ ပေါ်များလှသည်။

စည်းလုံးညီညွတ်ပြီး မကောင်းမှုကို တွန်းလှန်သွားလိုစိတ်ရှိကြသူများချည်း ဖြစ်သည်။

ယက္ခဂိုဏ်းသည်လည်း အင်အားတောင့်တင်းပြီး သိုင်းပညာ ထက်မြက်သူ ပေါ်များလေသည်။

သို့သော် ဒုစရိုက်သမားများ၊ အမှောင်လောကသားများ ဖြစ်ရကား သစ္စာတရားကို အလေးအနက် မထားကြပါ။

မိမိတို့၏ အကျိုးစီးပွား ထိခိုက်နစ်နာမည် ဆိုသည်နှင့် ရှောင်တိမ်းထွက်ပြေးသွားကြလိမ့်မည် ဖြစ်သည်။

စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုတွင် နှိုင်းယှဉ်၍မရ

အောင် ကွဲပြားနေလေတော့သည်။

ကိုးနဝင်းဂိုဏ်းက လှုပ်ရှားလာသောအခါ ယက္ခဂိုဏ်း၏ မတရားသဖြင့် အနိုင်ကျင့် ခြိမ်းခြောက် သိမ်းသွင်းခြင်းခံထားရသော သိုင်းဂိုဏ်းများက အာခံဖို့ ပြင်လာကြလေတော့သည်။

ယက္ခဂိုဏ်း ဘောကြပ်နံကြပ် ဖြစ်သွားရသည်။

မာထုံး သက်ပြင်းချလိုက်လေသည်။

"ကောင်းရိလုံကို ရှင်းပစ်နိုင်ယင် ကိုးနဝင်းဂိုဏ်း ပြိုကွဲပျက်စီးသွားမယ်၊ ဒါဆို သိုင်းလောကကို လွှမ်းမိုးနိုင်ဖို့ လွယ်ကူသွားလိမ့်မယ်လို့ ငါယူဆခဲ့မိတာ မှားပြီထင်တယ်"

ဟုလည်း ညည်းတွားလိုက်သည်။

ကောင်းရိလုံ ခံလိုက်ရသော်လည်း မဟာမိတ်အဖွဲ့ကြီးတစ်ခုဖြစ်သည့် ကိုးနဝင်းဂိုဏ်းမှာ ပျက်စီးသွားခြင်းမရှိဘဲ ယက္ခဂိုဏ်းကိုပင် တိုက်ခိုက်ချေမှုန်းရန် တာစူနေကြပြီ ဖြစ်လေသည်။

မာထုံးသည် သူ၏ဝေဒနာကိုပင် အမှုမထားနိုင်ဘဲ ယက္ခဂိုဏ်း တိုက်ခိုက်ချေမှုန်းခံရမည့် အရေးကို ရတက်မအေးနိုင်အောင် ဖြစ်နေရလေသည်။

"ငါ ဘယ်လိုလုပ်ရမလဲ"

အရေးအကြောင်း ကြုံ၍တိုင်ပင်စရာ ဝမ်းဟိုနှင့်ဆရာစုတို့လည်း ရှိမနေကြတော့ပါ။

မာထုံး အမျိုးမျိုး တွေးတောနေစဉ် ယက္ခဂိုဏ်းသားတစ်ယောက် သုတ်သီးသုတ်ပြာဖြင့် ရောက်ရှိလာသည်။

"ဘာကိစ္စလဲဟေ့"



မာထုံး မေးလိုက်သည်။

ဂိုဏ်းသားက မျက်စိပျက်မျက်နှာပျက်ဖြင့် ပြောသည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ကိုးနဝင်းဂိုဏ်းက တိုက်ခိုက်လာနေပါပြီ"

"ဘာကွ"

မာထုံး ဝုန်းခနဲ ထရပ်လိုက်သည်။

"ဘာပြောတယ်၊ ကိုးနဝင်းဂိုဏ်းက တိုက်ခိုက်လာပြီ ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

"ကောင်းရိလုံ မရှိဘဲ၊ သူတို့က တိုက်ခိုက်ဝံ့ကြတယ်လား၊ ငါတို့ဂိုဏ်းသားတွေကော ဘာလုပ်နေကြသလဲ"

"ဂိုဏ်းသားတွေ အစွမ်းကုန် ခုခံနေကြပါတယ် ခင်ဗျာ"

မာထုံးက မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်သည်။

"အေး..ကိုးနဝင်းဂိုဏ်းကို ဆုံးမရမယ်၊ ငါတို့ဂိုဏ်းသားတွေ အစွမ်းကုန်ခုခံရင်ဆိုင်ရမယ်၊ တာဝန်မကျေတဲ့လူ ထွက်ပြေးရှောင်တိမ်းတဲ့လူ သေဒဏ်ပဲ"

"ဟုတ်ကဲ့"

"မင်း ဘာလုပ်နေတာလဲ၊ သွားပြီး တိုက်ပွဲဝင်ပါတော့လား၊ ငါတို့ ယက္ခဂိုဏ်း ဘယ်တော့မှ အညံ့မခံဘူး၊ တစ်ယောက်ထဲကျန်တဲ့အထိ ရင်ဆိုင်သွားရမယ်"

"ဟုတ်ကဲ့"

ဂိုဏ်းသားသည် မာထုံးအား ဦးညွှတ်ပြီး ပြေးလွှားသွား

တော့သည်။

"တောက်"

မာထုံး ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

ကောင်းရိလုံအား ဒုက္ခပေးခဲ့သလို ကိုးနဝင်းဂိုဏ်းကိုလည်း ဖျက်ဆီးပစ်လိုပါသည်။

သို့သော် သူ၏ဆန္ဒပြည့်ဝနိုင်မည် မဟုတ်ကြောင်း ကောင်းစွာ နားလည် သဘောပေါက်ထားလေတော့သည်။

* * *

ကိုးနဝင်းဂိုဏ်းသည် ယက္ခဂိုဏ်းအား ပြင်းထန်စွာ တိုက်ခိုက်နေပြီ ဖြစ်လေသည်။

ယက္ခဂိုဏ်း၏ မတရားစည်းရုံးသိမ်းသွင်းခံထားရသော သိုင်းဂိုဏ်းများက ယက္ခဂိုဏ်းမှ နှုတ်ထွက်လိုက်ကြပြီး ကိုးနဝင်းဂိုဏ်းနှင့်အတူ ပူးပေါင်းလာကြသည်။

အခြား သိုင်းလောကသားများသည်လည်း ကိုးနဝင်းဂိုဏ်းနှင့်လက်တွဲကာ တိုက်ပွဲဝင်လာကြလေသည်။

ထို့ကြောင့် အင်အားပို၍ ကြီးထွားလာကာ ယက္ခဂိုဏ်းကို ဖိဖိစီးစီး တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြလေတော့သည်။

ယက္ခဂိုဏ်းသည် တစထက်တစ အရေးနိမ့်နေသည်။

သိုင်းလောကသားများအတွက် အောင်ပွဲဖြစ်လေသည်။

"အဟွတ်...အဟွတ်"



ကောင်းရိလုံ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။

"သခင်ကြီး"

အိမ်ထိန်းကြီးက ဖေးမကာ ဆေးတစ်ခွက် တိုက်ကျွေးလိုက်လေသည်။

ကောင်းရိလုံမှာ ဆေးသောက်လိုက်ရသဖြင့် သက်သာသွားပြီး အသက်မှန်မှန် ရှူလာနိုင်သည်။

"ကျေးဇူးပဲ"

အားယူကာ အိမ်ထိန်းကြီးကို ကျေးဇူးတင်စကား ပြောလိုက်လေသည်။

အိမ်ထိန်းကြီး စိတ်မကောင်းဖြစ်သွား၏။

"ကျုပ်က သခင်ကြီးကို ပြုစုရမယ့် တာဝန်ဝတ္တရား ရှိပါတယ်၊ တစ်ချိန်က သခင်ကြီး အသက်ကယ်ခဲ့လို့ ကျုပ် အသက်ရှင်ခဲ့ရတာပါ၊ ကျုပ်ကို ကျေးဇူးတင်စရာ မလိုပါဘူးဗျာ"

အိမ်ထိန်းကြီးမှာ သိုင်းသမားတစ်ယောက် ဖြစ်ခဲ့ပြီး သိုင်းလောက၌ ကျင်လည်ကျက်စားယင်း တစ်နေ့တွင် ရန်သူများ၏အကောက်ကြံခံရကာ ဒုက္ခရောက်ခဲ့ရသည်။

ထိုအချိန်၌ ခရီးထွက်လာသော ကောင်းရိလုံတွေ့ရှိပြီး ကယ်တင်ခဲ့လေသည်။

အိမ်ထိန်းကြီးသည် ကောင်းရိလုံ ကျေးဇူးကိုမမေ့ဘဲ ကောင်းရိလုံထံ၌ အိမ်ထိန်းကြီးအဖြစ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်လေသည်။

ကောင်းရိလုံက....

"တိုက်ပွဲတွေ ဖြစ်ပွားနေတယ်လို့ ကျုပ်သတင်းကြားမိတယ်"

"ဟုတ်ပါတယ် သခင်ကြီး၊ ယက္ခဂိုဏ်းကို ချေမှုန်းနေကြပါပြီ၊ တိုက်ပွဲတိုင်းမှာလည်း အောင်မြင်မှုတွေ ရနေပါပြီ"

ကောင်းရိလုံ၏မျက်နှာ ပြုံးယောင်သမ်းသွားသည်။

"ကောင်းပါပေတယ်၊ ယက္ခဂိုဏ်းကို ချေမှုန်းနိုင်မှ သိုင်းလောက အေးချမ်းသာယာသွားမယ်ဆိုတာ သေချာနေပါပြီ"

ယက္ခဂိုဏ်းအား အမုန်းကြီးမုန်းတီးသွားပြီ ဖြစ်ကြောင်း ထင်ရှားလေသည်။

မည်သို့ဆိုစေ ကောင်းရိလုံမှာ ဝေဒနာသက်သာ ပျောက်ကင်းသွားပြီဆိုလျှင် သိုင်းပညာအသုံးပြုနိုင်တော့မည် မဟုတ်ပါချေ။

သိုင်းလောကမှ အနားယူလိုက်ရမည် ဖြစ်သည်။

ကောင်းရိလုံက...

"ယက္ခဂိုဏ်းကို ချေမှုန်းပြီးပြီဆိုယင် သိုင်းလောကထဲက အနားယူလိုက်တော့မယ်၊ တစ်သက်လုံး အေးအေးချမ်းချမ်း နေသွားတော့မယ်၊ ကျုပ်သား..."

ပြောယင်း မောဟိုက်လာပြန်သည်။

"သခင်ကြီး အနားယူလိုက်တာ အကောင်းဆုံးပါ"

အိမ်ထိန်းကြီးက အနားယူဖို့ တိုက်တွန်းလိုက်သည်။

ကောင်းရိလုံ သဘောတူလေသည်။

ဘာမှဆက်မပြောတော့ဘဲ မျက်လုံးမှိတ်ကာ ငြိမ်နေလိုက်လေသည်။



အိမ်ထိန်းကြီးသည် ကောင်းရိလုံ၏ ကိုယ်ပေါ်၌ စောင်တစ်ထည် လွှမ်းခြုံပေးလိုက်ပြီ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ထူးခြားမှုတစ်ခု ရှိနေသည်ကို သတိပြုမိခြင်းကြောင့် ကောင်းရိလုံကို သေသေချာချာ ကြည့်လိုက်လေသည်။

ကောင်းရိလုံ မျက်နှာပေါ်တွင် ကျေနပ်သော အပြုံးရိပ်များ ရှိနေသည်။

မျက်လုံးအစုံ မှိတ်ထားသည်။

အသက် မရှူတော့ပါ။

ရုတ်တရက် ကြည့်လျှင် အိပ်ပျော်နေသည်ဟု ထင်ရမည် ဖြစ်သည်။

သို့သော် ကောင်းရိလုံမှာ ငြိမ်းချမ်းစွာ သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

"သခင်ကြီး"

အိမ်ထိန်းကြီး ဆို့နင့်စွာ ခေါ်လိုက်လေသည်။

ကောင်းရိလုံ ပြန်မထူးနိုင်တော့ပါ။

အိမ်ထိန်းကြီး၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝဲလာလေသည်။

ကောင်းရိလုံသည် ချစ်လှစွာသော သားဖြစ်သူနှင့် ကိုးနဝင်းဂိုဏ်းအား ထားပစ်ခဲ့ပြီး ထာဝရကျောခိုင်းထွက်ခွာသွားပြီ ဖြစ်ပါသည်။

အိမ်ထိန်းကြီး ခေါင်းငိုက်စိုက်ကျသွား၏။

တစ်ကိုယ်လုံး ခွန်အားများ ဆုတ်ယုတ်သွားသည်ဟု ခံစားလိုက်ရသည်။

ကြမ်းပြင်ပေါ် ဝုန်းခနဲ ဒူးထောက်ကျသွားစဉ် သူ၏နှာခေါင်းထဲမှ သွေးများလျှံကျလာလေသည်။

"ဟင်"

အိမ်ထိန်းကြီး အံ့သြသွားသည်။

နှာခေါင်းကို လက်ဖြင့်ပွတ်သပ်လိုက်သည်။

သူ၏လက်ဝါးပြင်တစ်ခုလုံး သွေးချင်းချင်း နီရဲသွားသည်။

"ဘယ်လို ဖြစ်တာပါလိမ့်"

အိမ်ထိန်းကြီး ကြည့်နေစဉ် နီရဲသော သွေးများသည် တဖြည်းဖြည်း အညိုရောင်သန်းလာပြီး နောက်ဆုံးမည်းနက်သွားလေသည်။

"အဆိပ်"

အိမ်ထိန်းကြီး အထိတ်တလန့် ဖြစ်သွားလေသည်။

သူ အဆိပ်မိထားချေပြီ။

အိမ်ထိန်းကြီးသည် မည်သည့်အချိန်က အဆိပ်မိလိုက်သနည်းဟု စဉ်းစားလိုက်သောအခါ မိုးမျှော်နတ်ကွန်းအနီး၌ ကောင်းရိလုံအား ဂရုစိုက်နေစဉ် ကျောပြင် ၌ စစ်ခနဲ နာကျင်သွားခဲ့ရသည်ကို သတိရလိုက်လေသည်။

ထူးခြားသည်ဟူ၍ ထိုအဖြစ်အပျက်သာလျှင် ရှိခဲ့သည် မဟုတ်ပါလား။

ကောင်းရိလုံကို ဂရုစိုက်နေခြင်းကြောင့် အဆိပ်လက်နက်



ပုန်းထိခဲ့သည်ကိုပင် မသိနိုင်အောင် ဖြစ်ခဲ့ရလေသည်။

သူ့အား မည်သူက တိုက်ခိုက်သွားခဲ့ပါသနည်း။

"တောက်...လူယုတ်မာ"

မာထုံး၏ အကောက်ကြံမှုပင် ဖြစ်ရမည်ဟု နားလည်လိုက်သည်။

ဒေါသတကြီး ရေရွတ်လိုက်သော်လည်း စကားသံက ဗလုံးဗထွေး ထွက်ပေါ်လာလေသည်။

အာလေးလျှာလေး ဖြစ်လာသကဲ့သို့ ဦးခေါင်းထဲ မူးနောက်ရီဝေလာလေသည်။

သူ့ကိုယ်လည်း ဒယီးဒယိုင် ဖြစ်လာလေသည်။

အိမ်ထိန်းကြီးက ကိုးနဝင်းဂိုဏ်းသားတစ်ယောက်ကို အကူအညီခေါ်ရန် ကြိုးစားလိုက်သော်လည်း အသံက လည်ချောင်းထဲ၌ တစ်ဆို့ပျောက်ကွယ်သွားလေသည်။

နှာခေါင်းထဲမှ သွေးများ ပို၍ယိုစီးကျလာသည်။

အိမ်ထိန်းကြီး လုံးဝမဟန်နိုင်တော့ပါ။

"ဝုန်း"

ကြမ်းပြင်ပေါ် ခွေခနဲ လဲကျကာ အသက်ပျောက်သွားလေတော့သည်။

* * *

တိုက်ပွဲများကား ပြင်းထန်လှသည်။

ကိုးနဝင်းဂိုဏ်းသားများနှင့် သိုင်းလောကသားများသည် ယက္ခဂိုဏ်းအား ချေမှုန်းတိုက်ခိုက်ခဲ့ကြလေသည်။

တိုက်ပွဲတိုင်း၌ ကိုးနဝင်းဂိုဏ်းမှ အောင်မြင်မှုရရှိခဲ့ကြလေသည်။

ယက္ခဂိုဏ်းအား သစ္စာခံထားသော ဒုစရိုက်သမား အမှောင်လောကသားများလည်း အရေးနိမ့်ကာ ထွက်ပြေးရှောင်တိမ်းသွားကြလေသည်။

ထို့ကြောင့် ယက္ခဂိုဏ်းမှာ ကိုးနဝင်းဂိုဏ်းအား မယှဉ်နိုင်အောင်ဖြစ်လာတော့သည်။

ကိုးနဝင်းဂိုဏ်းသည် ချေမှုန်းတိုက်ခိုက်ယင်း နောက်ဆုံးယက္ခဂိုဏ်း၏ဌာနချုပ်ကိုပင် ဝိုင်းရံထားနိုင်လိုက်တော့သည်။

ယက္ခဂိုဏ်းသားများသည် တစ်ယောက်ကျန်သည်အထိ ခုခံတိုက်ခိုက်ရမည်ဟု မာထုံးက အမိန့်ထုတ်ထားခြင်းကြောင့် အကြောက်အကန်ခုခံကြလေသည်။

သုံးရက်သုံးညတိုင်တိုင် ခုခံကြပြီးနောက် လုံးဝမယှဉ်နိုင်တော့ဘဲ အထိအခိုက်အကျအဆုံး များပြားလှခြင်းကြောင့် အချို့ထွက်ပြေးသွားကြပြီး ပြေးမလွတ်သူများကလည်း လက်နက်ချအဖမ်းခံကြတော့သည်။

ကိုးနဝင်းဂိုဏ်းသားများသည် ယက္ခဂိုဏ်းအား လုံးဝအောင်ပွဲခံနိုင်လိုက်လေတော့သည်။

ကိုးနဝင်းဂိုဏ်းမှ ခေါင်းဆောင်များသည် မာထုံးအား လိုက်



လံရှာဖွေကြသည်။

အရေးနိမ့်သွားခြင်းကြောင့် မာထုံး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားမည်ဟု ယုံကြည်ထားကြသည်။

သို့သော် မာထုံး၏အလောင်းကို လုံးဝရှာမတွေ့ပါချေ။

ယက္ခဂိုဏ်းနှင့် အနီးပတ်ဝန်းကျင်၌ ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြသော်လည်း အစအနပင် ရှာမရပါ။

မာထုံး ထူးဆန်းစွာ ပျောက်ကွယ်နေသည်။

ရှာမတွေ့နိုင်တော့သည့် နောက်ဆုံးတွင် မာထုံး ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်ကြောင်း လက်ခံလိုက်ရတော့သည်။

မာထုံးအကြောင်း သိုင်းလောကတစ်ခုလုံး သိအောင် ကြေငြာလိုက်ကြလေသည်။

ထို့နောက် ကိုးနဝင်းဂိုဏ်းသားများသည်လည်းကောင်း၊ သိုင်းလောကသားများသည်လည်းကောင်း မာထုံးအား သဲကြီးမဲကြီး လိုက်လံ ရှာဖွေကြလေသည်။

မာထုံးကား အံ့သြစရာကောင်းအောင် အရိပ်အရောင်ပင် မတွေ့ရဘဲ ပျောက်ချင်းမလှ ပျောက်ဆုံးသွားခဲ့လေတော့သည်။

* * *

## အိမ်အပြန်

နွေ၊ မိုး၊ ဆောင်း ရာသီအလီလီပြောင်းလဲသွားခဲ့လေသည်။

ငါးနှစ်ဟူသောအချိန် ကုန်ဆုံးသွားသည်။

ယက္ခဂိုဏ်းမှာ ချေမှုန်းခံလိုက်ပြီးနောက် ပျက်စီးပျောက်ကွယ်ကာ သိုင်းလောက၌ ခေါင်းထောင်လာနိုင်ခြင်း မရှိတော့ပါ။

တစ်ချိန်က ထူးဆန်းစွာ ပျောက်ကွယ်သွားသော မဟူရာစံအိမ်ကဲ့သို့ ယက္ခဂိုဏ်းချုပ်မာထုံးသည်လည်း မည်သည့်သတင်းမျှ မကြားရတော့ဘဲ စုပ်စမြုပ်စ ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။

ယက္ခဂိုဏ်း ချေမှုန်းခံလိုက်ရသဖြင့် သိုင်းလောက အေးချမ်းသာယာသွားသည်။

ယက္ခဂိုဏ်း၏ ဖြစ်ရပ်ကြောင့် အခြားသော လူဆိုးဓားပြများ



အမှောင်လောကသားများလည်း ခေါင်းမထောင်ဝံ့ကြတော့ပါချေ။

ကိုးနဝင်းဂိုဏ်းချုပ် ကောင်းရိလုံ သေဆုံးသွားသည့်တိုင်အောင် ကိုးနဝင်းဂိုဏ်းသည် ဆက်လက်တည်တံ့ခဲ့ပြီး ကျန်ခေါင်းဆောင်များက ဦးဆောင်ကာ သိုင်းလောကအကျိုး၊ အများအကျိုး ဆက်လက်သည်ပိုးဆောင်ရွက်ခဲ့ကြသေသည်။

ကောင်းရိလုံမှာ လူသာသေဆုံးသွားသော်လည်း အားလုံးက အမှတ်ရနေကြမည်သာ ဖြစ်လေသည်။

သို့တိုင် လူအများမေ့ထားကြသူ တစ်ယောက်တော့ ရှိနေပါသေးသည်။

ထိုလူမှာ ကောင်းရိလုံ၏သား ကောင်းယုံဖြစ်လေသည်။

ကောင်းယုံသည် တောင်ပင်လယ်သို့ သွားရောက်ကာ သိုင်းပညာသင်ကြားနေခဲ့ပြီး တစ်နေ့တွင် ပြည်မမှာလာသော ကုန်သည်တစ်ယောက်ထံမှ ဖခင်ကြီးသေဆုံးသွားသည့် သတင်းကြားခဲ့ရလေသည်။

ထို့ကြောင့် ကိုးနဝင်းဂိုဏ်းသို့ပြန်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ကောင်းကင်တစ်ခုလုံး ကြည်ပြာရောင် သန်းနေသည်။

တောက်ပသော နေရောင်ခြည်အောက်၌ သာယာသော နေ့တစ်နေ့ဖြစ်လေသည်။

စိမ်းလန်းစိုပြည်နေသော တောလမ်းကလေးအတိုင်း လူငယ်တစ်ယောက် ခရီးနှင်နေပါသည်။

ထိုလူငယ်ကား တောင်ပင်လယ်မှ ပြန်လာခဲ့သော ကောင်းယုံဖြစ်လေသည်။

ကောင်းယုံသည် ဖခင်ကြီး၏ သတင်းဆိုးကြောင့် ပြန်လာခဲ့ခြင်းဖြစ်သည်။

သူ တောင်ပင်လယ်သို့သွားကာ အိမ်နှင့်ခွဲခွာနေရချိန်၌ ဖခင်ကြီး ရန်သူလက်ချက်ဖြင့် သေဆုံးသွားခြင်းကြောင့် ကြေကွဲမဆုံးဖြစ်နေရပါတော့သည်။

ကောင်းယုံ ခပ်သုတ်သုတ် လျှောက်လာခဲ့ပြီး ဦးခေါင်းထဲ၌ ဖခင်ကြီးအကြောင်း တွေးတောစဉ်းစားနေခြင်းကြောင့် သူ့လိုပင် တောလမ်းမှ သွားလာနေကြသူများကို သတိမထားမိချေ။

ရုတ်တရက်...

"သခင်လေး...သခင်လေး"

ခေါ်သံများ ထွက်လာမှ သတိဝင်လာပြီး ကြည့်လိုက်ရာ လူတစ်ယောက်ကို တွေ့ရလေသည်။

ထိုလူသည် အလွန်ရိုသေ လေးစားသည့်အသွင်ရှိပြီး ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"သခင်လေး ကောင်းယုံ မဟုတ်လားဗျာ"



ကောင်းယုံ အံ့သြသွားသည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို သိနေလို့လား"

ထိုလူက...

"ကျုပ်က ကိုးနဝင်းဂိုဏ်းမှာ အိမ်ဖော်လုပ်ခဲ့ဖူးပါတယ်၊ ဂိုဏ်းမှာ လူများတော့ ကျုပ်က သခင်လေးကို သိနေပေမယ့် သခင်လေးက ကျုပ်ကိုမသိတာ မဆန်းပါဘူးဗျာ"

"လက်စသတ်တော့ ကိုးနဝင်းဂိုဏ်းမှာ အလုပ်လုပ်ခဲ့ဖူးတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ ဂိုဏ်းချုပ်ကြီး ကောင်းရိလုံ သေဆုံးသွားပြီးမှ ကျုပ်လည်း ထွက်လာခဲ့တာပါ"

ကောင်းယုံ ဝမ်းသာသွားလေသည်။

"ဒါဖြင့် ဖေဖေ ဘယ်လိုသေဆုံးသွားရတယ်ဆိုတာ သိတာပေါ့နော်"

"သိပါတယ် သခင်လေး"

"ကျေးဇူးပြုပြီး ကျုပ်ကို ပြောပြပါလားဗျာ"

ထိုလူ သက်ပြင်းချလိုက်သည်။

"အင်း...အတော်ကို စိတ်မကောင်းစရာပါပဲဗျာ၊ သခင်ကြီးဟာ ယက္ခဂိုဏ်းချုပ်မာထုံး အကောက်ကြံတာခံခဲ့ရတာပါ"

ယက္ခဂိုဏ်း ဆိုးသွမ်းသောင်းကျန်းကာ သိုင်းလောကအား နှောင့်ယှက်ဖျက်ဆီးလာသဖြင့် ဆုံးမရန် ကြိုးစားယင်း မာထုံး အကောက်ကြံသဖြင့် အတွင်းဒဏ်ရာရကာ နောက်ဆုံးသေဆုံးသွားခဲ့ကြောင်း၊ ကိုးနဝင်းဂိုဏ်းနှင့် သိုင်းလောကသားများက တိုက်

နိုက်ခဲ့ခြင်းကြောင့် ယက္ခဂိုဏ်းပျက်စီးသွားပြီး မာထုံးထွက်ပြေးပျောက်ကွယ်သွားပုံများကို ပြောပြလိုက်လေသည်။

ကောင်းယုံ ပိုပြီး စိတ်မကောင်း ဖြစ်သွားလေသည်။

ဖခင်ကြီး၏အကြောင်းကိုလည်းကောင်း၊ မာထုံး၏အကြောင်းကိုလည်းကောင်း အသေးစိတ် မေးမြန်းလိုက်ပြန်သည်။

ထိုလူကလည်း သိရှိထားသမျှ ပြောပြလေသည်။

ကောင်းယုံ သက်ပြင်းချလိုက်သည်။

"ခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ လူယုတ်မာမာထုံးကို ရှာဖွေဖော်ထုတ်ပြီး သုတ်သင်ရှင်းလင်းပစ်ပါ့မယ်"

"သခင်လေး အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ဗျာ"

ထို့နောက် ထိုလူသည် ကောင်းယုံအား လေးလေးစားစား နှုတ်ဆက်ကာ ထွက်ခွာသွားတော့သည်။

ကောင်းယုံလည်း ရှေ့ခရီးဆက်လိုက်တော့သည်။

* * *



နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

နီစွေးသော နေရောင်ခြည်က ကမ္ဘာမြေတလွှားသို့ ရှည်လျားစွာ ထိုးကျနေ၏။

ကောင်းကင်ပေါ်၌ အိပ်တန်းပြန်ငှက်တစ်အုပ်က အသံတစာစာပေးကာ ပျံသန်းသွားကြလေသည်။

ကောင်းယုံက ဖြူဖွေးသော အုတ်ဂူတစ်လုံးရှေ့၌ ဒူးထောက်လျက်ရှိနေ၏။

ကောင်းရိလုံ၏ အုတ်ဂူဖြစ်သည်။

ကောင်းယုံက ဖခင်ကြီး၏အုတ်ဂူ၌ လာရောက်ဂါရဝပြုခြင်း ဖြစ်လေသည်။

ကောင်းယုံ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။

"ဖေဖေ..ယက္ခဂိုဏ်းချုပ်မာထုံးကို ကျွန်တော် ရှာဖွေဖော်ထုတ်ပြီး ဆုံးမသွားမယ်လို့ ကတိပေးပါတယ် ဖေဖေ"

ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီးကို တိုင်တည်ပြောဆိုလိုက်သည်။ ကတိပေးလိုက်လေသည်။

ကောင်းယုံက မာထုံးအား ဖော်ထုတ်သုတ်သင်ပစ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်လှသော မာထုံးကို လူငယ်လေး ကောင်းယုံ ဆုံးမနိုင်ပါမည်လော။

ရုတ်တရက် သက်ပြင်းချသံ တစ်ချက်ထွက်ပေါ်လာလေသည်။ ကောင်းယုံ ရင်ထိတ်သွားသည်။

ထိုင်ရာမှ ငေါက်ခနဲ ထကာ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်း၌ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထား၏။

အသက်လေးဆယ်ကျော်ခန့် ရှိပြီး ဥပဓိရုပ်ကောင်းသူ ဖြစ်သည်။

မည်သည့်ကိစ္စမဆို တိကျပြတ်သားစွာ ဆောင်ရွက်မည့်သူ တစ်ယောက်အသွင်မျိုးလည်း ရှိလေသည်။

ထိုလူအား ကောင်းယုံ ကောင်းစွာ သိထားပါသည်။

ထိုလူမှာ ကိုးနဝင်းဂိုဏ်းမှ စည်းကမ်းထိမ်းသိမ်းရေးမှူး ဝမ်းရယ်ဖြစ်နေသည် မဟုတ်ပါလား။

ကောင်းယုံ ဝမ်းသာသွားလေသည်။

"ဦးလေး...ဝမ်းရယ်"

"သခင်လေး"

ဝမ်းရယ်က ရှေ့တိုးလာသည်။

ကောင်းယုံ ဝမ်းနည်းကြေကွဲလာပြန်သည်။

"ဦးလေးဝမ်းရယ်...ဖေဖေဟာ..."

အသံများ တုန်ယင်လာပြီး ရှေ့ဆက်မပြောနိုင်အောင် ဖြစ်သွားလေသည်။

ဝမ်းရယ်က နှစ်သိမ့်လိုက်သည်။

"သခင်လေး ဝမ်းနည်းကြေကွဲနေမယ်ဆိုတာ ကျုပ်သိပါတယ်၊ သခင်ကြီးဟာ သူ့ရဲ့ကောင်းပီသစွာနဲ့ သိုင်းလောကအကျိုး



အများအကျိုး ဆောင်ရွက်ယင်း ကျဆုံးသွားတာဖြစ်လို့ ဝမ်းနည်းကြေကွဲနေမယ့်အစား ဂုဏ်ယူတာက ပိုကောင်းပါလိမ့်မယ်"

ကောင်းယုံ စိတ်ထိန်းလိုက်သည်။

ဝမ်းရယ်ပြောသကဲ့သို့ ဝမ်းနည်းကြေကွဲနေမည့်အစား ဖခင်ကြီးအတွက် ဂုဏ်ယူစိတ်ကိုမွေးရမည် မဟုတ်ပါလား။

"ဖေဖေ့အတွက် ဂုဏ်ယူရမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ယက္ခဂိုဏ်းချုပ်မာထုံးကိုလည်း ရှာဖွေဖော်ထုတ် ဆုံးမပါ့မယ်"

ဝမ်းရယ် သဘောကျသွားလေသည်။

"သခင်လေးဟာ ဂိုဏ်းချုပ်ကြီးရဲ့ ခြေရာကို နင်းနိုင်မယ့်လူတစ်ယောက်ဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ ကိုးနဝင်းဂိုဏ်း ဖော်ထုတ်လို့မရတဲ့ ယက္ခဂိုဏ်းချုပ်မာထုံးကို ဖော်ထုတ်ဆုံးမနိုင်လိမ့်မယ်လို့လည်း ကျုပ်ယုံကြည်ပါတယ်"

"ကျေးဇူးပါပဲ ခင်ဗျာ"

ကောင်းယုံက ကျေးဇူးတင်စကား ပြောပြီး ယက္ခဂိုဏ်းချုပ်အကြောင်း မေးလိုက်လေသည်။

"ယက္ခဂိုဏ်းချုပ်ဟာ လူဆိုးတစ်ယောက်ဆိုတာ ကျွန်တော်သိပြီးပါပြီ၊ ဒါပေမယ့် သူဟာ ဘယ်လိုလူစားမျိုး ဖြစ်တယ်ဆိုတာ ဦးလေးဝမ်းရယ် သိယင် ကျွန်တော့်ကို ပြောပြပါလားခင်ဗျာ"

ဝမ်းရယ်က...

"မာထုံးဟာ အင်မတန် ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

ယက္ခဂိုဏ်းချုပ်မာထုံး အကြောင်း သိထားသမျှ ပြောပြလိုက်လေသည်။

ကောင်းယုံက သေသေချာချာ မှတ်ထားလိုက်လေသည်။

ဝမ်းရယ်၏စကား ဆုံးသွားသောအခါ မာထုံးအား ပို၍မုန်းတီးသွားလေတော့သည်။

"ဖေဖေက သူ့ကို အခွင့်အရေးပေးခဲ့ပေမယ့် သူက ကျေးဇူးတင်ရကောင်းမှန်းမသိဘဲ အကောက်ကြံခဲ့တာကိုး"

ကောင်းယုံ ခံပြင်းစွာ ရေရွတ်လိုက်သည်။

လေတစ်ချက်ဝေ့ယမ်း တိုက်ခတ်လာသည်။

ရော်ရွက်ဝါကလေးတစ်ခုသည် လေထဲ ဝေ့ကာဝဲကာဖြင့် ကောင်းယုံ ရှေ့သို့ရောက်လာ၏။

ကောင်းယုံ လက်တစ်ဘက် လှုပ်ရှားလိုက်ရာ ရော်ရွက်ဝါလေးသည် ကြေမွသွားပြီး အမှုံကလေးများဖြစ်သွားကာ လက်ဝါးပြင်ပေါ်မှ လွင့်မျောသွားလေသည်။

"မာထုံးကို ချေမှုန်းပစ်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ"

ဝမ်းရယ် သက်ပြင်းချလိုက်သည်။

"သခင်လေး အနေနဲ့ သူ့ကိုဆုံးမနိုင်မယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမယ့် စိတ်လိုက်မာန်ပါ မလုပ်မိအောင် သတိထားစေချင်ပါတယ်"

"ကျွန်တော်က.."

"စိတ်လိုက်မာန်ပါ လုပ်မိယင် လောကြီးပြီး အမှားကြုံရတတ်ပါတယ် သခင်လေး"



ဝမ်းရယ်က စေတနာနှင့်သတိပေးသည်ဖြစ်ရာ ကောင်းယုံ လက်ခံလိုက်ရလေသည်။

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် သတိထားပြီး ဆောင်ရွက်ပါ့မယ်"

ဝမ်းရယ်လည်း ကျေနပ်သွားလေသည်။

"ခုချိန်မှာ သခင်လေးရဲ့စိတ်တွေ ရှုပ်ထွေးနေသလို ခရီးလည်းပမ်းလာတယ်၊ ဒါကြောင့် ခဏလောက်တော့ အနားယူ အားမွေးလိုက်စေချင်တယ်"

"ကောင်းပါပြီဗျာ"

ဝမ်းရယ်၏စကား သဘာဝကျသဖြင့် ကောင်းယုံ လက်ခံလိုက်ပြန်လေတော့သည်။

* * *

## သတင်း

ဝမ်းရယ်သည် ကောင်းယုံအား အလွန်ဂရုစိုက်ခဲ့လေသည်။

စားသောက် နေထိုင်ရေး ဘာဆိုဘာမ လိုလေသေးမရှိအောင်စီစဉ်ပေးသည်။

မာထုံးနှင့်ပတ်သက်၍လည်း အစွမ်းကုန် ကြိုးစားစုံစမ်းပေးသည်။

မကြာပါချေ။

ဝမ်းရယ် သတင်းတစ်ခုရလာလေတော့သည်။

ဝမ်းရယ် ဝမ်းသာအားရ ဖြစ်နေသည်။

"သခင်လေး မာထုံးနဲ့ပတ်သက်ပြီး ကျုပ် သတင်းတစ်ခုရလာတယ်၊ အဲဒါ.."



ကောင်းယုံလည်း ဝမ်းသာသွား၏။

"ဦးလေးဝမ်းရယ် ဘယ်လိုသတင်းမျိုးလည်းဆိုတာ ကျွန်တော့်ကို မြန်မြန်ပြောပြစမ်းပါ"

ဝမ်းရယ်က..

"မာထုံးဟာ ယက္ခဂိုဏ်းက ထွက်ပြေးသွားပြီး 'ကျင်းလန်းဒေသ' မှာ ခုတ်မြှုပ်နေတယ်လို့ သိရပါတယ် သခင်လေး"

ကောင်းယုံ တက်တက်ကြွကြွ ဖြစ်လာသည်။

"ဘာသတင်းမှ မရတာထက်စာယင် ခုလို သတင်းတစ်ခုရလိုက်တာ ကံကောင်းတာပေါ့"

ဝမ်းရယ်က...

"သခင်လေးက ကျင်းလန်းဒေသကို လိုက်သွားမယ် မဟုတ်လား"

"ကျွန်တော် လိုက်သွားရမှာပေါ့"

"သခင်လေးကိုယ်တိုင် လိုက်ရှာနေမှန်းသိယင် မာထုံး ရှောင်တိမ်းသွားနိုင်တယ်၊ ဒါကြောင့် ဘယ်သူမှမသိအောင် လျှို့ဝှက်ထားမှဖြစ်မယ်"

ကောင်းယုံ သဘောတူလိုက်သည်။

"ဦးလေးဝမ်းရယ် အကြံ ကောင်းပါတယ်၊ ကျွန်တော် ကျင်းလန်းဒေသကိုသွားတာ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားတာအကောင်းဆုံးပါပဲ"

"ဒါဖြင့် သခင်လေး ဘယ်တော့သွားမလဲ"

"ခုပဲ သွားပါ့မယ်"

ကောင်းယုံ စဉ်းစားမနေဘဲ ပြတ်သားစွာ ပြောလိုက်လေတော့သည်။

* * *

ကျင်းလန်းဒေသ....။

ယက္ခဂိုဏ်းချုပ်မာထုံးသည် ကျင်းလန်းဒေသ၌ ပုန်းအောင်းနေကြောင်း ဝမ်းရယ် မမျှော်လင့်ဘဲ သတင်းရရှိခဲ့လေသည်။

ကောင်းယုံလည်း ထိုသတင်းကို သိရသည်နှင့်ချက်ချင်းခရီးထွက်ခဲ့လေတော့သည်။

ဖြတ်လမ်းခရီးများကို အသုံးပြုယင်း ခရီးပြင်းနှင်ခဲ့ရာ သုံးရက်မြောက်သောနေ့တွင် လမ်းပေါ်၌ လူတစ်စု လမ်းပိတ်ထားကြသည်ကိုတွေ့ရလေသည်။

ကောင်းယုံ ခြေလှမ်း ရပ်လိုက်ရသည်။

ထိုလူစုအား အကဲခတ်ယင်း မေးလိုက်သည်။

"နောင်ကြီးတို့ ဘာကြောင့်များ လမ်းပိတ်ထားရတာလဲဗျာ"

ထိုလူစု၏ ခေါင်းဆောင်ဖြစ်သူက ရယ်ကျဲကျဲဖြင့် ရှေ့သို့လှမ်းထွက်လာသည်။

"ဘာကြောင့် လမ်းပိတ်ထားရသလဲ ဟုတ်လား၊ ငွေလိုချင်လို့ပေါ့ကွာ"

"ဗျာ"



"ဟဲ...ဟဲ...ငါတို့က သည်လမ်းပေါ်မှာ ကျင်လည်ကျက်စားနေခဲ့တာ ကြာပြီ၊ မင်း အေးအေးဆေးဆေး ရှေ့ခရီးဆက်ချင်ယင် ပါလာသမျှငွေ အကုန်လုံးထားခဲ့ပေတော့"

ကောင်းယုံ မကျေမနပ် ဖြစ်သွားလေသည်။

"လက်စသပ်တော့ ခရီးသွားတွေဆီက အနိုင်ကျင့်လုယက်နေတဲ့ လူဆိုးတွေကိုး"

လူငယ်ပီပီ မဟုတ်မခံစိတ် ဖြစ်ပေါ်လာလေသည်။

"ကျုပ်ဆီက ငွေလိုချင်နေတာကိုး၊ ကောင်းပြီလေ၊ ခင်ဗျားတို့ယူနိုင်မယ်ဆိုယင် ပေးလိုက်ပါ့မယ်"

"ဘာကွ"

"ခင်ဗျားတို့လိုချင်တယ်ဆိုယင် လာယူပါဗျာ"

"သြော်...မင်းက သည်လိုလား၊ ကောင်းပြီလေ"

လူဆိုးခေါင်းဆောင်က သူ၏လူများအား လက်ဝှေ့ယမ်းပြလိုက်လေသည်။

"သည်ကောင် သေချင်ပြီထင်တယ်"

"ချကွာ"

လူဆိုးတစ်သိုက်က ကောင်းယုံအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ကောင်းယုံ မဲ့ပြုံးပြုံးလိုက်သည်။

"သတိထားကြပါ"

သတိပေးပြီး လက်နှစ်ဘက်ဝှေ့ယမ်းလိုက်လျှင် လေမုန်တိုင်း ကျရောက်လာသည့်အလား ပြင်းထန်သော လေအရှိန်ကြီး

ထွက်ပေါ်လာပြီး အနီးသို့ချဉ်းကပ်လာသော လူဆိုးများသာမက လက်ပိုက်ကြည့်နေသော ခေါင်းဆောင်ပါ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

ကောင်းယံ့ လက်နှစ်ဘက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

ကြောက်လန့်တကြား လူးလိမ့်ထလာသော လူဆိုးများအား ဝေ့ကြည့်လိုက်သည်။

"ခင်ဗျားတို့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ဖို့ စိတ်ကူးကြပါ၊ ဆက်ပြီး ဆိုးသွမ်းမိုက်မဲနေဦးမယ်ဆိုယင် နောက်တစ်ခေါက် ကျုပ်နဲ့တွေ့ယင် မလွယ်ဘူး"

ဟုပြောဆိုလိုက်ပြီး အမှုမထားတော့ဘဲ လှမ်းထွက်သွားလေသည်။

လူဆိုးများကား ဘာမှမပြောနိုင်ကြဘဲ အထိတ်တလန့်ဖြင့် ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့ကြသည်။

ကောင်းယံ့မှာ တဖြည်းဖြည်း ဝေးကာ မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

ကျင်းလန်းဒေသသို့သွားသော ကောင်းယံ့သည် ဘာသတင်းမှ မကြားရတော့ဘဲ လျှို့ဝှက်စွာ ပျောက်ကွယ်သွားခဲ့လေတော့သည်။

* * *

## အရှုပ်အထွေး

ဝက်ံပါတောင်...။

ကျင်းလန်းဒေသတွင် ရှိသော တောင်များအနက် 'ဝက်ံပါတောင်' သည် အထင်ရှားဆုံး၊ အကျော်ကြားဆုံးတောင်တစ်လုံးဖြစ်သည်။

ဝက်ံပါတောင်သည် အမည်နှင့်လိုက်အောင်ပင် ရှိသည်။

တောင်တစ်လုံးတည်း ထီးထီးရှိနေခြင်းမဟုတ်ဘဲ အမြွာတောင်များ၊ တောင်စွယ်များ တစ်ခုနှင့်တစ်ခု ဆင့်ကာရှိနေသလို သစ်တောအုပ်များ၊ တောလမ်းကလေးများမှာလည်း နေရာအနှံ့ လက်ညှိုးထိုးမလွဲအောင်ပင် ရှိနေပေသည်။

မည်သို့ဆိုစေ ဝက်ပါတောင်တွင် ဆေးဖက်ဝင်ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ်များပေါများစွာ ရှိနေသလို တောင်အနီးပတ်ဝန်းကျင်ရှုမျှော်ခင်းမှာလည်း ကျင်းလန်းဒေသရှိ အခြားနေရာများနှင့် မတူဘဲ တမူထူးခြားကာ လှပသာယာလွန်းလှပေသည်။

ဤနည်းဖြင့် ရှုပ်ထွေးသော်လည်း သာယာလှပလွန်းသော ဝက်ပါတောင်သည် ကျင်းလန်းဒေသ၌ မသိသူမရှိအောင် ထင်ရှားကျော်ကြားလာခဲ့ခြင်းပင် ဖြစ်သည်။

* * *

ဝင်လုဆဲ နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးအား ဖြန့်ချထားလျက်ရှိသည်။

ဆည်းဆာအောက်ဝယ် ရောင်စုံပန်းပွင့်များမှာ လှချင်တိုင်း လှပ၍နေလေသည်။

ဝက်ပါတောင်ခြေတစ်ဝိုက် ရှုမျှော်ခင်းများကား အလွန်ပ သာယာတင့်မောဖွယ် ကောင်းနေတော့သည်။

လူရွယ်တစ်ယောက်သည် ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ကာ ပတ်ဝန်းကျင်အလှအပများအား ငေးမောကြည့်နေသည်။

လူရွယ်သည် နှစ်ဆယ်ဝန်းကျင်သာ ရှိဦးမည်ဖြစ်ပြီး ချော မောခန့်ညားကာ ယောကျ်ားပီသသော ရုပ်သွင်ရှိသည်။

လူရွယ်၏ စိုပြည်သော အသားအရေ မျက်နှာအမူအရာ တို့မှာ သာမန်လူများနှင့်မတူဘဲ တမူထူးခြားနေ၏။



မင်းညီမင်းသား၊ သူဌေးသူကြွယ်မျိုးရိုးမှ ဆင်းသက်လာသူ တစ်ဦးဟုပင် ဆိုနိုင်လောက်သည်။

သို့သော် လူရွယ်သည် ဖျင်ကြမ်းအင်္ကျီနှင့် မြက်ခြောက်ဖိနပ်စီးထားခြင်းကြောင့် သာမန်လူတန်းစားဖြစ်ကြောင်းကား ထင်ရှားနေပါတော့သည်။

လေပြည်လေညင်း ဝေ့ဝယ်မ်းတိုက်ခတ်လာသည်။

ဝန်းကျင်အနံ့ တောပန်းရနံ့များက လွှမ်းခြုံလာသည်။

လူရွယ်ကား ပတ်ဝန်းကျင် တစ်ခုလုံးအား မေ့လျော့လျက် တစ်စုံတစ်ရာသော အတွေးကမ္ဘာထဲဝယ် ရောက်ရှိနေသကဲ့သို့ဖြစ်နေသည်။

"အစ်ကို..အစ်ကိုဟန်စင်း"

လေပြည်လေညင်းနှင့်အတူ ခေါ်သံတစ်ချက် ရုတ်ခြည်းပျံ့လွင့်လာသည်။

အဖြူရောင်လူရိပ်တစ်ခုသည် လူရွယ်အနီး အပြေးလေး လှမ်းလာနေ၏။

ခြေလှမ်းများသည် လျင်မြန်ပေါ့ပါးကာ မြေကြီးနှင့်ပင် မထိဘဲ လေထဲဝယ် လွင့်မျောလာသည်ဟုပင် ထင်ရလောက်သည်။

အဖြူရောင်လူရိပ်ကား ရွှေသားရုပ်သွင်ပမာ အပြစ်ပြောရက်စရာမရှိအောင် လှပလွန်းသော မိန်းမချောလေးတစ်ဦးဖြစ်နေရာ မြင်ကွင်းမှာ ပို၍ထူးဆန်းအံ့ဩဖွယ် ဖြစ်လာရသည်။

ဝတ်စုံဖြူ မိန်းကလေးသည် တခဏချင်းပင် လူရွယ်ရှိရာ ကျောက်တုံးနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့သည်။

ထိုအခါမှ လူရွယ်က အတွေးစပြတ်သွားကာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

သူ၏မျက်နှာပေါ်တွင် နှစ်လိုသော အပြုံးတစ်ရပ်ဖြစ်ပေါ်လာပြီး...

"ညီမ...ယွင်ကူး"

ယွင်ကူးဆိုသော မိန်းကလေးက သူ၏ရှေ့တွင် ရပ်တန့်လိုက်ပြီး...

"ရှာလိုက်ရတာ အစ်ကိုဟန်စင်းရယ်၊ နေရာတွေလည်း နှံ့နေပြီ၊ နောက်ဆုံးတော့ ဒီနေရာမှာပဲ ရှိနေမယ်လို့ တွက်ဆပြီး လာခဲ့ရတာ"

လူရွယ်(ဝါ) ဟန်စင်း မျက်မှောင်ကုပ်သွားသည်။

"အစ်ကို့ကို လိုက်ရှာနေတာ ဟုတ်လား၊ ဘာအကြောင်းထူးရှိနေလို့လဲ ညီမ"

လူရွယ်၏စကားကြောင့် ယွင်ကူး နှုတ်ခမ်းစူသွားသည်။

"အစ်ကိုကလည်း ကိစ္စရှိမှ ရှာရမှာလား၊ အစ်ကိုပြောပုံက သူစိမ်းဆန်လိုက်တာ"

ဟန်စင်းက ပြုံးယင်း သူမ၏ပခုံးအား အသာအယာ ဆုပ်ကိုင်လိုက်ပြီး...

"အထင်မလွဲပါနဲ့ ညီမရယ်၊ ညီမပဲ မနက်ဖြန်မှ အားမယ်၊ ထိုက်ယန်မြို့က ဘုံကျောင်းကိုသွားလည်ဖို့ ချိန်းခဲ့တာ မဟုတ်လား၊ အခုလို ဖြုန်းစားကြီးပေါ်လာတော့ ညီမမှာများ အကြောင်းကိစ္စ အရေးတကြီးရှိနေပြီလားလို့ စိုးရိမ်ပြီး မေးမိတာပါ"



ဟန်စင်း၏ အကျိုးသင့် အကြောင်းသင့် ဖျောင်းဖျပြောဆိုမှုကြောင့် ယွင်ကူး၏မျက်နှာလေး ပြန်လည် ကြည်လင်သွားသည်။

"ကဲ..ထားလိုက်ပါတော့၊ ဒါနဲ့ အစ်ကိုက ဒီနေရာကို ဘာဖြစ်လို့လာရတာလဲ၊ ဝက်ပါတောင်တစ်ဝိုက်မှာ အခုတလော လူဆိုးတွေ ကျက်စားနေတယ်လို့ သတင်းထွက်နေတယ်၊ တော်ကြာ အစ်ကိုနဲ့တိုးပြီး ဒုက္ခပေးနေကြဦးမယ်"

မှန်ပေသည်။

သာယာလှပသော ဝက်ပါတောင် တစ်ဝိုက်တွင် လွန်ခဲ့သော သုံးလေးလခန့်မှစပြီး လူသုံးလေးဦးမျှ လုယက်ခံရပြီးနောက် ဝက်ပါတောင်အနီးတွင် ဓားပြ၊ လူဆိုးများ ရှိနေသည်ဟု သတင်းထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ဝက်ပါတောင်သို့ လာရောက်လည်ပတ်ကြသူများ ကျဲပါးသွားခဲ့ရခြင်း ဖြစ်သည်။

ဟန်စင်းမှာ ယွင်ကူး၏စကားကြောင့် တစ်ချက် ရယ်လိုက်စည်။

ကျောက်တုံးအောက်သို့ ဆင်းလိုက်ပြီး...

"ညီမက အစ်ကို့အတွက် စိုးရိမ်နေတယ်ပေါ့ ဟုတ်လား"

ယွင်ကူး ခေါင်းခါယမ်းလိုက်၏။

"ဘယ်သူက စိုးရိမ်တယ်လို့ ပြောလို့လဲ"

ပြောသာပြောလိုက်သော်လည်း သူမ၏မျက်နှာလေးမှာ ယဝန်းကဲ့သို့ ရှန်းလဲ့နေ၏။

"ညီမက မလိမ်တတ်ဘဲနဲ့ လိမ်နေပြန်ပြီ"

ဟန်စင်းကပြောယင်း ယွင်ကူးအား အသာအယာ ပွေ့ဖက်လိုက်၏။

ယွင်ကူးက မရုန်းပါချေ။

ဟန်စင်းက သူမ၏ဆံနွယ်များအား အသာအယာ ပွတ်သပ်ပေးယင်းမှ....

“ဒီနေရာလေးက သာယာအေးချမ်းတယ်၊ စိတ်ရွှင်လန်းစေတယ်လေ၊ ဒါကြောင့် အစ်ကိုက လမ်းလျှောက်ထွက်ယင်း ရောက်လာတာပေါ့”

ယွင်ကူးက လူချင်းခွာလိုက်ပြီး ဟန်စင်း၏မျက်နှာအား အကဲခတ်ကြည့်လိုက်သည်။

“အစ်ကို့မှာ စိတ်ညစ်စရာများ ရှိနေလို့လား ဟင်”

ဟန်စင်း ခေါင်းခါယမ်းလိုက်၏။

“မရှိပါဘူး ညီမရဲ့၊ ညီမလို အချောအလှလေးကို ချစ်ခွင့်ရတဲ့အတွက် စိတ်တောင် ချမ်းသာသေးတယ်”

ယွင်ကူးမှာ သူ၏စကားကြောင့် ကျေနပ်စွာပြုံးလိုက်မိသည်။

“ဒါနဲ့ ညီမက အစ်ကို့ကိုလိုက်ရှာတာ ကိစ္စရှိလို့လား”

“ရှိတယ် အစ်ကို”

“ဘာများလဲ”

“မေမေက အစ်ကို့ကိုတွေ့ချင်လို့တဲ့”

“အစ်ကို့ကို တွေ့ချင်တယ် ဟုတ်လား”

ဟန်စင်း တအံ့တသြဖြစ်သွားသည်။



“ဟုတ်တယ် အစ်ကို”

ပြောယင်း ယွင်ကူး ခေါင်းကလေးငုံ့သွားသည်။

ဟန်စင်း တွေဝေငေးငိုင်သွားသည်။

“မေမေက ညီမနဲ့အစ်ကိုတို့ကိစ္စ ပြောချင်လို့တဲ့ အစ်ကို”

ရှက်စနိုး ခေါင်းလေးငုံ့ထားသော်လည်း ယွင်ကူး၏မျက်နှာလေးမှာ ပီတိပြုံးကလေးပြုံးနေသည်။

ဟန်စင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

“ညီမရယ်၊ အစ်ကို့အနေနဲ့ ဒီကိစ္စကို နောက်တစ်နှစ်လောက်ကြာမှ ဆွေးနွေးပါရစေ”

ယွင်ကူး ခေါင်းထောင်လာသည်။

ဟန်စင်းအား မျက်မှောင်ကုပ်ကာ ကြည့်ယင်း....

“ဘာကြောင့် နောက်တစ်နှစ်ကြာမှ ဆွေးနွေးချင်တာလဲ၊ အစ်ကို့မှာ ဘယ်လိုကိစ္စများ ရှိနေလို့လဲ”

ဟန်စင်း မည်သို့ စပြောရမည်မသိ ဖြစ်သွားသည်။

ယွင်ကူးက စောင့်စားလိုက်သည်။

ဟန်စင်း၏နှုတ်မှ မည်သည့်အဖြေစကားမျှ ထွက်မလာလျှင် စိတ်မရှည်ဘဲ ထပ်မေးရန် ပြင်လိုက်၏။

ဤတွင် ထူးခြားသော အခြေအနေတစ်ရပ် ရုတ်ခြည်းပေါ်ပေါက်လာခဲ့တော့သည်။

* * *

"အား"

"ကယ်တော်မူပါ"

တိတ်ဆိတ်သော ပတ်ဝန်းကျင်၌ ရူးရူးဝါးဝါး အသံတစ်ချက် ထွက်ပေါ်လာသည်။

တဆက်တည်း အကူအညီတောင်းသံလည်း ထွက်ပေါ်လာသည်။

ဟန်စင်းနှင့်ယွင်ကူးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

တစ်ယောက်ကို တစ်ယောက်လည်းကြည့်လိုက်မိကြသည်။

ယွင်ကူးက ဟန်စင်းအားကြည့်ယင်း...

"တစ်ယောက်ယောက်တော့ ဒုက္ခတွေ့နေပြီ ထင်တယ်"

ဟန်စင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"မိန်းကလေးတစ်ယောက်ရဲ့ အသံပဲ"

"ဘာပဲဖြစ်ဖြစ် အခြေအနေ သိရအောင် သွားကြည့်ကြစို့"

ပြောယင်း ဟန်စင်းက လှစ်ခနဲ ပြေးထွက်သွားသည်။

ယွင်ကူးကလည်း ပြေးလိုက်သွားသည်။

နှစ်ယောက်သား ရိပ်ခနဲ ပြေးထွက်သွားပုံကို ကြည့်ခြင်းအားဖြင့် ထိပ်တန်းကိုယ်ဖော့ပညာ တတ်မြောက်ထားသည်မှာ ထင်ရှားနေပါတော့သည်။

သူတို့က သစ်ပင်များကို ဖြတ်ကျော်ပြီး တောင်ခြေလမ်းကလေးတစ်ခုအနီးသို့ ရောက်လျှင် ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်သွားလေသည်။



လမ်းပေါ်တွင် လူနှစ်ယောက် လဲကျသေဆုံးနေသည်။

အသက်လေးဆယ်ကျော်ခန့်ရှိပြီး မျက်နှာဆင်တူသော အမြွှာနှစ်ဦးဖြစ်သည်။

ဥပဓိရုပ် တည်ကြည်ခန့်ညားကာ သဘောမနောကောင်းသူများ ဖြစ်ကြောင်း သိသာလှသည်။

အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထား၍ သာမန်လူတန်းစားထဲမှ မဟုတ်ကြောင်း သိနိုင်၏။

ထိုလူနှစ်ယောက်၏လက်သည် ဓားရိုးကို တင်းတင်းဆုပ်ကိုင်ထားကြသည်။

ဆုပ်ကိုင်ထားပုံကို ကြည့်ခြင်းဖြင့် ထိုလူနှစ်ယောက်မှာ အဆင့်မြင့်ဓားသမားများဖြစ်ကြောင်း ထင်ရှားနေသည်။

သို့သော် ထိုလူနှစ်ယောက်သည် အလွန်ကြောက်စရာကောင်းသော ရန်သူနှင့် ရင်ဆိုင်ခဲ့ရဟန်တူ၏။

အကြောင်းမှာ သူတို့၏ဓားများမှာ တစ်လက်မစီသာ ဆွဲထုတ်ခွင့်ရခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ဟန်စင်းနှင့် ယွင်ကူးတို့နှစ်ယောက် ကြက်သေသေကာ ငိုင်တွေသွားကြသည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် အဖြေရှာရခက်သော ပဟေဠိပုစ္ဆာတစ်ခုလို ဖြစ်နေခဲ့သည်။

အတန်ကြာမှ ယွင်ကူးထံမှ စကားသံ စတင်ထွက်ပေါ်လာ၏။

"စောစောက အကူအညီတောင်းသံဟာ မိန်းကလေးတစ်ဦး

ရဲ့အသံပါ၊ အခုသေဆုံးနေတာက ယောကျ်ားကြီးနှစ်ယောက် ဖြစ်နေပါလား၊ အတော် ထူးဆန်းတာပဲ"

ဟန်စင်း သက်ပြင်းချလိုက်၏။

"ဟုတ်တယ် ညီမ၊ အတော်စဉ်းစားရခက်တဲ့ ပြဿနာပဲ၊ အကူအညီတောင်းတဲ့ မိန်းကလေးကပဲ ဒီလူနှစ်ယောက်ကို အနိုင်တိုက်သွားတာများလား"

သူ၏ထင်မြင်ယူချက်ကို ယွင်ကူးက လက်မခံပါချေ။

"မဖြစ်နိုင်ဘူး ထင်တယ်"

"ဘာကြောင့်လဲ ညီမရဲ့"

"အစ်ကိုစဉ်းစားကြည့်လေ၊ အဲဒီမိန်းကလေးက ရန်သူနှစ်ယောက်ကိုရင်ဆိုင်နိုင်စွမ်းရှိယင် အကူအညီတောင်းဖို့ ဘယ်လိုပါ့မလဲ၊ အခုတော့ ဒီလူနှစ်ယောက်ခမျာ ဓားကို အနားငယ်သာဆွဲထုတ်ခွင့်ရခဲ့ရှာတယ်"

ဟန်စင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ယွင်ကူးက ဆက်ပြောလိုက်သည်။

"လူသတ်သမားဟာ အတွင်းအားရော သိုင်းပညာပါ ဒီလူနှစ်ယောက်ထက် အစစအရာရာ သာလွန်နေတာတော့ ထင်ရှားတယ်"

"ညီမ တွေးတောယူဆချက်ဟာ သဘာဝကျလှပါတယ်၊ ဒီအတိုင်းဆိုယင် တတိယလူဖြစ်တဲ့ လူသတ်သမားဟာ လျှပ်တပြက်ဝင်ရောက်တိုက်ခိုက်သွားတာပဲ ဖြစ်ရမယ်"

ဝန်းကျင်တွင် အလင်းရောင်ဖျော့လာပြီ ဖြစ်သည်။



ဟန်စင်းက သေဆုံးသူနှစ်ယောက်အား စစ်ဆေးကြည့်လိုက်၏။

ထိုလူနှစ်ယောက်၏ ဓားလက်ကိုင်ရိုးတွင် 'ဂူး' ဟူသော စာလုံးရေးထွင်းထားသည်ကို မြင်လျှင် ဟန်စင်း အံ့ဩသွားဟန်ရှိ၏။

သူ၏မျက်နှာရိပ် မျက်နှာကဲအား ဂရုတစိုက်ကြည့်နေသော ယွင်ကူးက ရှေ့တိုးကာမေးလိုက်၏။

"ဘာဖြစ်လို့လဲ အစ်ကို"

ဟန်စင်းက သေဆုံးသူနှစ်ယောက်၏ မျက်နှာအား ညွှန်ပြယင်း...

"ဒီလူနှစ်ယောက် ဘယ်သူဘယ်ဝါဆိုတာ အစ်ကိုစဉ်းစားမိလို့ပါ"

ယွင်ကူး စိတ်ဝင်စားသွားသည်။

"သူတို့က ဘယ်သူတွေလဲ ဟင်"

ဟန်စင်းက သက်ပြင်းတစ်ချက်ချယင်း...

"ဝမ်းတိန်မြို့က အလွန်ကျော်ကြားတဲ့ ဂူးသိုင်းညီနောင်ပါပဲ"

ယွင်ကူး အံ့ဩသွားသည်။

"သူတို့က ဂူးသိုင်းညီနောင် ဟုတ်လား"

ဟန်စင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညီမ၊ ဂူးသိုင်းညီနောင်ဟာ အရင်က ထိုက်ကျိဂိုဏ်းဝင်တွေပဲ၊ နောက်မှ အနားယူနုတ်ထွက်ပြီး ဝမ်းတိန် မြို့မှာလာပြီး အခြေချတာ၊ သူတို့ဟာ မကောင်းသူပယ် ကောင်းသူကယ်တဲ့

သိုင်းသမားတွေမို့ လူချစ်လူခင်ပေါများတယ်လေ၊ သူတို့ရဲ့ထူးခြားချက်က အမြွာနှစ်ဖော်ဖြစ်ပြီး ဓားရိုးမှာ'ဂူး' ဆိုတဲ့စာလုံးကို ရေးထွင်းထားကြတာပဲ"

သူက ဓားလက်ကိုင်ရိုးပေါ်ရှိ ဂူးစာလုံးအား ညွှန်ပြကာ ရှင်းပြလိုက်၏။

ယွင်ကူး ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

ဟန်စင်းက ဆက်ပြောလိုက်၏။

"ဂူးသိုင်းညီနောင်ရဲ့ သိုင်းပညာဟာ ထိုက်ကျိုဂိုဏ်းရဲ့ လက်ရွေးစင်အဆင့်မှာရှိတယ်၊ သူတို့ ဘာကြောင့် ဒီနေရာကို ရောက်လာရသလဲ၊ ဂူးညီနောင် ဓားဆွဲထုတ်ခွင့်မရအောင် ဘယ်လောက်ကြောက်စရာကောင်းတဲ့ ရန်သူနဲ့ရင်ဆိုင်ခဲ့ရသလဲ၊ ဒါတွေဟာ အတော်စိတ်ဝင်စားစရာ ကောင်းတာပဲ"

ယွင်ကူးက တစ်ချက် စဉ်းစားကာ သူမ၏ထင်မြင်ယူဆချက်ကို ပြောလာသည်။

"တကယ်လို့ ရန်သူက အကောက်ကြံ တိုက်ခိုက်ခဲ့မယ်ဆိုယင်ကော မဖြစ်နိုင်ဘူးလား"

ဟန်စင်း တစ်ချက်စဉ်းစားကာ...

"ဖြစ်တော့ဖြစ်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် သေသေချာချာ စစ်ဆေးကြည့်လိုက်ယင် အဖြေထွက်လာမှာပဲ"

သူက ဂူးညီနောင်၏အလောင်းအား စေ့စေ့စပ်စပ်ပင် အကဲခတ်ကြည့်လိုက်သည်။

အကဲခတ်ယင်းမှာ ဟန်စင်း၏ နဖူးကြောများ တွန့်သွား



သည်အထိ ဖြစ်သွားသည်။

ဂူးညီနောင်၏ ခန္ဓာကိုယ်ပေါ်တွင် မည်သည့်ဒဏ်ရာဒဏ်ချက်မျှ ရှာမတွေ့ပါ။

အဆိပ်သင့်သော လက္ခဏာမျိုးလည်း မတွေ့ရပါ။

ထိပ်တန်းသိုင်းသမားတစ်ဦး အတွင်းအားပြင်းထန်လှသောရိုက်ချက်မျိုးဆိုလျှင် ဒဏ်ရာဒဏ်ချက် ကျန်ရစ်တတ်လေသည်။

ယခု ထိုသို့သော ဒဏ်ရာမျိုးကိုလည်း မတွေ့ရပါချေ။

ထူးဆန်းလှသော အဖြစ်ကြောင့် ဟန်စင်းမျက်မှောင်ကုပ်သွားရခြင်းဖြစ်သည်။

သို့သော် သူက ဖွဲမလျှော့ဘဲ ထပ်မံ၍ စေ့စေ့စပ်စပ် ရှာဖွေပြန်သည်။

ဤတွင် ထူးခြားချက်တစ်ခုကို သတိပြုမိလိုက်သည်။

ဂူးညီနောင်အနက် တစ်ဦး၏နောက်စေ့ကို လက်ဖြင့် အသာအယာ စမ်းသပ်ကြည့်လိုက်စဉ် ပူနွေးစိုထိုင်းမှုကို ခံစားလိုက်ရသည်။

စိုထိုင်းသော အရာကား အခြားမဟုတ်။

သွေးများသာ ဖြစ်ပါသည်။

ဒဏ်ရာသည် နောက်စေ့၌ ဖြစ်ပေါ်နေခြင်းပင်။

ဟန်စင်းက ဒဏ်ရာကို အသေအချာစစ်ဆေးကာ လက်ပြန်ရုတ်ကာ ဖြန့်ကြည့်လိုက်၏။

ထိုအခါ ခရေပွင့်သဏ္ဌာန်ရှိသော သံစူးလေးအား တွေ့လိုက်ရသည်။

ဟန်စင်းသည် ထိုခရေပွင့်သဏ္ဍာန် သံစူးလေးအားကြည့်ယင်း ငိုင်တွေသွားမိသည်။

"အစ်ကို အဲဒါ လက်နက်ပုန်းလား"

ယွင်ကူး၏အမေးကြောင့် သတိဝင်လာခဲ့သည်။

သူက တည်ကြည်သော မျက်နှာထားဖြင့်...

"ဟုတ်တယ် ခရေပွင့်လက်နက်ပုန်းမျိုးပဲ"

ယွင်ကူးက လက်နက်ပုန်းအား ငေးကြည့်နေမိသည်။

"အစ်ကိုတွေးသလို အကူအညီတောင်းခဲ့တဲ့ မိန်းကလေးဟာ ဂူးသိုင်းညီနောင်ကို ယှဉ်ဖို့ မဟန်နိုင်တဲ့အဆုံး ဒီလက်နက်ပုန်းကို အသုံးပြုသွားတာ ဖြစ်နိုင်တယ်၊ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်ယင်လည်း မဖြစ်နိုင်ပြန်ဘူး"

"ဘာကြောင့်လဲ"

ယွင်ကူးက လွှတ်ခနဲ မေးလိုက်၏။

ဟန်စင်း၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။

"ဂူးညီနောင်ဟာ မိန်းကလေးတစ်ယောက်ကို လိုက်လံတိုက်ခိုက်ရလောက်အောင်အကြောင်းမရှိဘူး၊ ဘယ်နည်းနဲ့မှလည်း ပြုလုပ်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် ဖြစ်နိုင်တာတစ်ခုပဲရှိတယ်"

ယွင်ကူးအား စေ့စေ့ကြည့်ကာ ဆက်ပြောလိုက်၏။

"ဂူးညီနောင်ဟာ မိန်းကလေးကို အကူအညီပေးဖို့အလာမှာလုပ်ကြံခံလိုက်ရတာပဲ၊ ဒါဟာ အဖြစ်နိုင်ဆုံးပဲ"

ယွင်ကူးက နားထောင်ယင်းမှ ခေါင်းညိတ်လိုက်၏။



"အစ်ကို့ရဲ့ ယူဆချက် ဖြစ်နိုင်ပါတယ်၊ ဒါထက် ဘယ်လိုလူစားမျိုးကက လုပ်ကြံသွားတာလဲ"

"ဒါတော့ အတော်ထူးဆန်းတယ် ဆိုရမယ်"

"ဘာဖြစ်လို့လဲ"

ဟန်စင်းက လက်နက်ပုန်းအား မြှောက်ပြလိုက်၏။

"သိုင်းလောကမှာ ခရေပွင့်လက်နက်ပုန်းနဲ့ နာမည်ကြီးခဲ့တဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့တယ်၊ သူ့ကို သိုင်းလောကသားတွေက 'သွေးသခင်မ' လို့ခေါ်တယ်"

"သွေးသခင်မ ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ဂူးသိုင်းညီနောင်ကို လုပ်ကြံသွားတာ သွေးသခင်မ မဖြစ်နိုင်ဘူးလား"

ဟန်စင်း ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"သွေးသခင်မ သေဆုံးသွားတာ ကြာပြီ"

"ဟင်"

"ဒါကြောင့် ထူးဆန်းနေတယ်လို့ ပြောရတာပေါ့"

ယွင်ကူးက တစ်ချက်စဉ်းစားယင်းမှ...

"ဒါထက် လုပ်ကြံတဲ့လူက သွေးသခင်မရဲ့ တပည့်ကော မဖြစ်နိုင်ဘူးလား"

ထိုစကားကြောင့် ဟန်စင်း၏မျက်လုံးများ အရောင်တောက်

ပလာသည်။

"ဟုတ်သားပဲ၊ လူသတ်သမားဟာ သွေးသခင်မရဲ့ တပည့်လည်းဖြစ်နိုင်တာပဲ၊ ညီမက အစ်ကို့ထက်ပိုပြီးဉာဏ်ကောင်းတယ်"

ယွင်ကူး ပြုံးလိုက်၏။

"တကယ်တော့ အစ်ကိုက ပိုတော်တာပါ"

"ဘာဖြစ်လို့လဲ"

"အခု သေဆုံးသွားတဲ့လူတွေဟာ ဘယ်သူဘယ်ဝါဖြစ်တယ်၊ လက်နက်ပုန်းပိုင်ရှင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ အစ်ကိုကသိနေတယ်၊ အစ်ကိုက သိုင်းလောကကြီးအကြောင်း ပြည့်ပြည့်စုံစုံ သိထားနေသလိုပဲ"

ထိုစကားကြောင့် ဟန်စင်းမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သူက ချက်ချင်းပင် ရယ်မောလိုက်ပြီး...

"ညီမက အစ်ကို့အပေါ် အတော်လေး အထင်ကြီးနေတာကိုး၊ တကယ်တော့ အစ်ကို့အနေနဲ့ ကျယ်ဝန်းရှုပ်ထွေးလှတဲ့ သိုင်းလောကအကြောင်းကို အနည်းအကျဉ်းပဲ သိထားတာပါ၊ ဒါဟာလည်း အစ်ကို အာမခံအဖွဲ့နဲ့ ခရီးထွက်နေယင်းမှတ်သားသိရှိခဲ့တာပါ"

"ဘာပဲဖြစ်ဖြစ် အစ်ကိုက ညီမထက်တော့ ဗဟုသုတပိုများတယ်"

"ထားလိုက်ပါတော့ ညီမရယ်၊ အခုပြဿနာကို ဆက်ပြီးအဖြေရှာရအောင်"



ဟန်စင်းက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ယင်း...

"အော်ဟစ်အကူအညီတောင်းတဲ့ မိန်းကလေးဟာ ထွက်ပြေးမယ်၊ လူသတ်သမားဟာ ဂူသိုင်းညီနောင်ကို သုတ်သင်ပြီးတာနဲ့ လိုက်သွားမှာ သေချာတယ်"

"ဝက်ပါတောင်တစ်ဝိုက်က ပတ်ဝန်းကျင်အနေအထားက အတော်လေးရှုပ်ထွေးတယ်၊ သူတို့ ဘယ်ကိုပြေးသွားလဲဆိုတာ ခန့်မှန်းရခက်နေတယ်"

သူမ၏စကား မှန်ကန်နေ၍ ဟန်စင်းလည်း မည်သည့်နေရာကို လိုက်ရမှန်းမသိဘဲ တွေဝေသွားသည်။

ယင်းအခိုက်မှာပင် လေနှင့်အတူ သံ သံချင်းထိသံသဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဟန်စင်း ဆတ်ခနဲ ခုန်ထလိုက်၏။

ယွင်ကူးအား တစ်ချက်ကြည့်ကာ အသံထွက်ပေါ်ရာ ခပ်လှမ်းလှမ်းရှိ တောအုပ်ဆီသို့ လှစ်ခနဲ ပြေးထွက်သွား၏။

ယွင်ကူးကလည်း တုန့်ဆိုင်းမနေပါ။

ဟန်စင်း၏နောက်မှ ကပ်လျက် လိုက်ပါသွားလေတော့သည်။

* * *

ရှေ့မှပြေးထွက်သွားသော ဟန်စင်းသည် တောအုပ်ထဲ ဝင်ရောက်ပြီးနောက် အရှိန်ကို လျှော့ချလိုက်၏။

တောအုပ်အလယ် မြေကွက်လပ်မှ လူရိပ်သုံးခုကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

သူက ယွင်ကူးအား အကာအကွယ်ယူရန် အချက်ပြလိုက်၏။

ထို့နောက် နှစ်ဦးသား သစ်ပင်ကြီးတစ်ပင်နောက်သို့ အကာအကွယ်ယူပြီး မြေကွက်လပ်သို့ ကြည့်လိုက်ကြ၏။

မြေကွက်လပ်အလယ်တွင် လူသုံးယောက် ရှိနေသည်။

အမျိုးသမီး သုံးယောက်ဖြစ်သည်။

ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးမှာ ဒဏ်ရာဒဏ်ချက်များဖြင့် လဲကျနေ၏။

အနက်ရောင်ဝတ်ဆင်ထားသော အမျိုးသမီးနှစ်ယောက် ကဓားမိုးကာ ရပ်နေကြ၏။

ဝင်လုဆဲနေရောင်၏ နောက်ဆုံးကျန်ရှိနေသော အလင်းရောင်ကွက်ကွက်ကလေးအောက်တွင် မြင်ရသော အနက်ရောင်ဝတ် အမျိုးသမီးနှစ်ယောက်သည် ရက်စက်ကြမ်းကြုတ်မည့်အသွင်ဆောင်နေလေသည်။

ထို့အပြင် လဲကျနေသော မိန်းကလေးမှာ ချောမောပြီး အနက်ရောင်ဝတ် အမျိုးသမီးနှစ်ဦးမှာမူ ရုပ်ရည်ကြမ်းတမ်းကာ စိတ်ကြမ်းကိုယ်ကြမ်း ရှိပုံရလေသည်။

ဓားနှစ်လက်မိုးယှက်ကာ ခြိမ်းခြောက်ခြင်းခံနေရသော



ခရမ်းရောင်ဝတ် မိန်းကလေး၏မျက်နှာမှာ သွေးရောင်ကင်းမဲ့ကာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

မိန်းကလေးသည် တဆတ်ဆတ်တုန်အောင် တုန်လှုပ်နေယင်း သနားစဖွယ် တောင်းပန်နေသည်။

"ကျွန်မ...ကျွန်မကို ချမ်းသာပေးပါရှင်၊ ရှင်တို့ကျေးရူးကို ကျွန်မ တစ်သက်လုံး မမေ့ပါဘူး"

"ညည်းကျေးဇူးကို ကျုပ်တို့က ဘာလုပ်ရမှာတုန်း"

"ညည်းကြောင့် ကျုပ်တို့ ဘယ်လောက်တောင် အလုပ်ရှုပ်သွားရသလဲ"

ရက်စက်ပုံရသော အမျိုးသမီးနှစ်ဦးအနက်မှ မျက်နှာဝိုင်းသောအမျိုးသမီးက ခပ်ထေ့ထေ့ပြောလျှင် အဖော်ကပါ မလိုလားဟန်ဖြင့် ပြောလာသည်။

မြင်ကွင်းအားကြည့်ယင်း ဟာန်စင်း မျက်မှောင်ကုပ်သွားသည်။

ဤအနက်ရောင်ဝတ် အမျိုးသမီးနှစ်ဦးမှာ ဂူးသိုင်းညီနောင်အား လုပ်ကြံနိုင်လောက်သည့် အစွမ်းရှိပုံမနေပါချေ။

ခြိမ်းခြောက်ခံရသော မိန်းကလေးမှာလည်း ဒဏ်ရာများဖြင့် လဲကျနေခြင်းကြောင့် မည်သည့်နည်းနှင့်မျှ ကြောက်စရာကောင်းသော သွေးသခင်မ၏တပည့်မဖြစ်နိုင်ပါချေ။

သူကြည့်နေစဉ်မှာပင် မေးရိုးသွယ်သွယ်နှင့် အမျိုးသမီးကတင်းမာပြတ်သားသော လေသံဖြင့် ပြောလာသည်။

"ဟေ့...အပိုတွေပြောပြီး အချိန်ဖြုန်းမနေနဲ့၊ တို့နဲ့ပြန်လိုက်

ခဲ့ ဒါပဲ”

လဲကျနေသော မိန်းကလေးက အကြောက်အကန်ငြင်းဆန်လိုက်လေသည်။

“မလိုက်ဘူး၊ ကျွန်မ ဘယ်နည်းနဲ့မှ ပြန်မလိုက်နိုင်ဘူး၊ ရှင်တို့သတ်ချင် သတ်လိုက်တော့”

“ညည်းက ပြီးစလွယ်ပြောတတ်နေပါလား၊ ငါတို့သာ ညည်းအသက်ကို လိုချင်ယင် အခုအချိန်ထိ စကားပြောခွင့်တောင် ရှိမှာမဟုတ်တော့ဘူး၊ စည်းကမ်းဖောက်ဖျက်တဲ့ ညည်းကို အပြစ်ဒဏ်ပေးရမှာပဲ၊ ကဲ ဒီနေရာက အမြန်ဆုံးထွက်မယ်”

“ကျွန်…ကျွန်မကို တကယ်ချမ်းသာ မပေးဘူးပေါ့”

“ငါတို့ စည်းကမ်းကို ညည်းသိပါတယ်”

မိန်းကလေး အံတစ်ချက် ကြိတ်လိုက်သည်။

“ကျွန်မကတော့ ဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူး၊ ရှင်တို့ မသတ်ချင်ယင်လည်း ကိုယ့်ကိုကိုယ် သတ်သေမယ်”

စကားဆုံးလျှင် မိန်းကလေးက ကျောက်တုံးတစ်တုံး ကောက်ယူကာ မိမိ၏ဦးခေါင်းအား ပြန်ထုရန် ရွယ်လိုက်၏။

“ညည်းက အပြစ်ဒဏ်မခံဘဲ သေရဦးမှာ မဟုတ်ဘူးဆိုတာမှတ်ထား”

မျက်နှာဝိုင်းသော အမျိုးသမီးက အော်ငေါက်ယင်း ကျောက်တုံးအား ဆွဲယူလိုက်၏။

သူမ၏လှုပ်ရှားမှုမှာ လျှင်မြန်လွန်း၍ ခရမ်းရောင်ဝတ် မိန်းကလေး၏ လက်ထဲမှ ကျောက်တုံး အလုခံလိုက်ရသည်။



မျက်နှာဝိုင်းသော အမျိုးသမီးက ကျောက်တုံးအား လွှင့်ပစ်လိုက်ပြီး ပါးရိုက်ချလိုက်၏။

“ဖြန်း”

ခရမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေး လည်ထွက်သွားသည်။

“နောက်တစ်ခါဆိုယင် ညည်းကိုမညှာနိုင်တော့ဘူး”

မျက်နှာဝိုင်းသော အမျိုးသမီးက ပြောယင်း ချုပ်ကိုင်ရန် ဟန်ပြင်လိုက်၏။ ကြည့်နေသော ဟန်စင်းမှာ မနေနိုင်ပါတော့ချေ။

“ရပ်လိုက်”

အော်ငေါက်ယင်း ပုန်းကွယ်ရာမှ ခုန်ထွက်ကာ မျက်နှာဝိုင်းသောအမျိုးသမီးထံ တိုးဝင်သွား၏။

မမျှော်လင့်ဘဲ ကြားလူတစ်ယောက် ရောက်လာခြင်းကြောင့် မျက်နှာဝိုင်းသော အမျိုးသမီးမှာ နောက်သို့ခုန်ဆုတ်သွားလေသည်။

ဟန်စင်းက ခရမ်းရောင်ဝတ် မိန်းကလေး၏ရှေ့တွင် အကာအကွယ်ပေးကာ ရပ်တန့်လိုက်၏။

ဟန်စင်းက တိုက်ခိုက်လာသည်ထင်၍ နောက်ဆုတ်သွားသော မျက်နှာဝိုင်းအမျိုးသမီး ခံပြင်းဒေါသထွက်သွား၏။

သို့သော် ဟန်စင်း၏မျက်နှာအား တွေ့မြင်လိုက်လျှင် မျက်နှာအမူအရာ ပြောင်းလဲသွားလေသည်။

“ဘယ်က ပေါ်လာတဲ့ လူစွမ်းကောင်းမင်းသားလေးပါလိမ့်”

အဖော်အမျိုးသမီးက ရယ်မောယင်း...

"အတော်ပဲ ကျုပ်ကို ကြင်နာမယ့်လူတွေ့ပြီ"

လှောင်မြှောက်မှုစွာ အပြန်အလှန်ပြောနေသော သူတို့၏စကားအားကြားလျှင် ဟန်စင်း စိတ်တိုလာသည်။

"ခင်ဗျားတို့နှစ်ယောက် ဒီနေရာက ထွက်သွားမလား၊ ကျုပ်ကမောင်းထုတ်ရမလား၊ ကျုပ်က အမျိုးသမီးနဲ့ဓားချင်း မယှဉ်ချင်ဘူး"

"ခစ်..ခစ်..အပြောကြီးလှချည်လား ကိုလူချောလေးရယ်"

"ဟုတ်ပ့ါ မိုးပေါ်ကကျလာတဲ့ ကိုလေထွားလေးမှတ်တယ်"

နှစ်ယောက်သား ပေါ့ပျက်ပျက် ပြောလာလျှင် ဟန်စင်းမှာဒေါသထွက်လာရတော့သည်။

"ခင်ဗျားတို့ ကျုပ်အဆိုးမဆိုနဲ့နော်"

"လူကချောပြီး လေထွားသလောက် ပညာက ထက်ရဲ့လားဆိုတာ သိချင်လိုက်တာ"

"ခင်ဗျားတို့က ကျုပ်နဲ့ရင်ဆိုင်မယ်ပေ့ါ"

"သဘောပေါက် လွယ်သားပဲ"

"ကောင်းပြီ ပြီးမှ ကျုပ်ကို အပြစ်မတင်နဲ့"

ဟန်စင်း၏စကားအဆုံးတွင် မျက်နှာဝိုင်းသော အမျိုးသမီးကရယ်မောလိုက်သည်။

သူမ၏ခြေလှမ်းများမှာ မသိမသာ ရွေ့လျား၍ သိုင်းကွက်ခင်းနေကြောင်း တွေ့ရပြီး မေးရိုးသွယ်သော အမျိုးသမီးသည်လည်းဓားကိုခပ်စွေစွေ ရွယ်ထားကြောင်း တွေ့ရသည်။



ဟန်စင်းက မလှုပ်မယှက်ဖြင့် ရပ်က စူးစိုက်ကြည့်နေ၏။

မျက်နှာသွယ်သော အမျိုးသမီးက ဓားကို ရှေ့သို့တွန်းပို့ယင်း ခုန်ဝင်လာသည်။

ဟန်စင်းက ဘေးသို့ ဖျတ်ခနဲခုန်ကာ ဓားကိုင်လက်အားလျှပ်တပြက် ပုတ်လိုက်၏။

မေးရိုးသွယ်သော အမျိုးသမီးမှာ ဓားကိုင်လက်တစ်ခုလုံး ကျဉ်ခနဲ ဖြစ်သွားပြီး ဓားလွတ်ကျလုမတတ်ပင် ဖြစ်သွားသည်။

သူမက ချက်ချင်းပင် ဘေးသို့လှိမ့်ကာ ရှောင်ထွက်သွား၏။

မျက်နှာဝိုင်းသော အမျိုးသမီးက ညာသံပေးကာ ပြေးဝင်လာ၏။

သူမ၏လက်ထဲမှ ဓားကလည်း ဝင်းခနဲ လက်သွား၏။

သို့သော် ချက်ချင်းပင် ပျောက်ကွယ်သွားပြီး နောက်ဆုတ်သွားရသည်။

ဟန်စင်းကိုလည်း မယုံကြည်နိုင်စွာဖြင့် ကြည့်နေမိသည်။

သူမလက်ထဲမှ ဓားအား ဟန်စင်းက လျှပ်တပြက် လုယူသွားခဲ့သည် မဟုတ်ပါလား။

"ခင်ဗျားတို့ ထွက်သွားကြပါတော့"

ဟန်စင်းက ပြောယင်း ဓားအားပစ်ပေးလိုက်သည်။

မျက်နှာဝိုင်းသော အမျိုးသမီးက ဓားကိုကောက်ယူယင်းအဖော်အမျိုးသမီးအား လှမ်းကြည့်လိုက်သည်။

ထို့နောက် တိုက်ခိုက်ရန် နှစ်ယောက်သား ပြိုင်တူပြေးဝင်လာကြပြန်သည်။

ထိုအခိုက် လူရိပ်တစ်ခု ပြေးဝင်လာပြီး တရကြမ်း တိုက်ခိုက်လာသည်။

"ဝုန်း..ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ အမျိုးသမီးနှစ်ဦးမှာ နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်သွားကြသည်။

တိုက်ခိုက်လာသူမှာ စိတ်မရှည်၍ ပုန်းကွယ်ရာမှ ထွက်လာသူ ယွင်ကူးပင်ဖြစ်လေသည်။

အမျိုးသမီးနှစ်ယောက် ဒေါသ ခြောင်းခြောင်းထွက်သွားကြ၏။

သို့သော် ယွင်ကူးမျက်နှာအား သေသေချာချာ တွေ့မြင်လိုက်ရသောအချိန်တွင်မူ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သည့် အရိပ်အယောင်များလည်း ထွက်ပေါ်လာပြီး ချက်ချင်းပင် နောက်ကျွမ်းပစ်ကာ ခုန်ထွက်သွားကြသည်။

ထို့နောက် သစ်ပင်များကြား တိုးဝင်ပျောက်ကွယ်သွားတော့သည်။

* * *

## ပဟေဠိဆန်ဆန်

အနက်ရောင်ဝတ် အမျိုးသမီးနှစ်ယောက် ထွက်သွားပြီဖြစ်သည်။

ဟန်စင်းမှာ တွေဝေငေးငိုင်နေ၏။

အမျိုးသမီးနှစ်ဦးသည် ယွင်ကူးအား ရင်မဆိုင်ရဲဘဲ ကြောက်လန့်တကြား ထွက်ပြေးသွားပုံမှာ ဆန်းနေသဖြင့် အဘယ်ကြောင့်နည်းဟု အဖြေရှာနေခြင်းဖြစ်သည်။

ထိုစဉ် ယွင်ကူးက သူ၏ရှေ့သို့ ရောက်လာသည်။

"သူတို့လို ကြမ်းကြုတ်တဲ့ လူစားမျိုးတွေကို ယောကျ်ားမိန်းမ ခွဲခြားနေစရာ မလိုဘူး၊ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမသင့်တယ်"

ဟန်စင်း အသာပြုံးလိုက်၏။

"အခုလည်း ညီမက ဆုံးမလိုက်ပြီ မဟုတ်လား"

"ဆုံးမတာကနည်းနည်း ကြောက်သွားတာက များများပါ"

"ညီမကိုမြင်ပြီး ထွက်ပြေးသွားတာ အတော်ထူးဆန်းတယ်၊ ဘာကြောင့်များလဲ"

ယွင်ကူး ပခုံးလေးနှစ်ဘက်အား ဟန်ပါပါဖြင့် တွန့်လိုက်၏။

"ဒါတော့ ညီမလည်းမသိဘူး၊ ညီမကိုများ တစ္ဆေသရဲလို့များ ထင်သွားသလားမှမသိဘဲ"

"ဟား…ဟား…ဟား"

ထိုစကားကြောင့် ဟန်စင်း မနေနိုင်တော့ဘဲ ရယ်မောလိုက်မိလေသည်။

ထိုအချိန်တွင် ခရမ်းရောင်ဝတ် မိန်းကလေးမှာ ထရပ်လာခဲ့ပြီ ဖြစ်ပါသည်။

ဟန်စင်း ရယ်မောရာမှ ရပ်တန့်လိုက်သည်။

တဖန် မိန်းကလေးအား အကဲခတ်ကြည့်ယင်း…

"ညီမက ဒဏ်ရာတွေနဲ့ ဖြစ်ရဲ့လား"

မိန်းကလေး ခေါင်းညိတ်လိုက်၏။

"ဖြစ်…ဖြစ်ပါတယ်၊ ဒဏ်ရာက ရှပ်ထိရုံပါ"

ဟန်စင်း သက်ပြင်းချလိုက်၏။

"ခင်ဗျားကို ဒုက္ခပေးမယ့်သူတွေ ထွက်သွားပါပြီ၊ ဘာမှစိတ်မပူပါနဲ့တော့၊ ဒါနဲ့ ခင်ဗျားရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ"

"စိန်…စိန်ကြူးပါရှင်"

"စောစောက အမျိုးသမီးနှစ်ယောက်ကရော ဘယ်သူလဲ၊



ဘယ်ဂိုဏ်းအဖွဲ့အစည်းကလဲ"

မိန်းကလေးမှာ ဖြေရမှာ ကြောက်နေသလိုပင်။

ပတ်ဝန်းကျင်အား ကျိုးကန်းတောင်းမှောက်လိုက်၍ ကြည့်ရှာသေးသည်။

အခြေအနေကို ဟန်စင်း ရိပ်စားမိသွားသည်။

"စိတ်ချ ကျုပ်တို့ရှိတယ်၊ ခင်ဗျားကို ဘယ်သူမှ ဒုက္ခပေးရဲမှာမဟုတ်ဘူး၊ ပြောစရာရှိတာ ရဲရဲတင်းတင်းသာ ပြောပါ"

မိန်းကလေးက မဝံ့မရဲလေသံဖြင့် ဆိုလာသည်။

"ကျွန်…ကျွန်မ စိုးရိမ်တာက ကျွန်မနဲ့အဆက်အသွယ်တွေကို အန္တရာယ်ပေးမှာကိုပါ သူတို့က ကျိန်းသေဒုက္ခပေးကြလိမ့်မယ်"

ဟန်စင်း မျက်မှောင်ကုပ်သွားသည်။

ရုတ်တရက် သူက တစ်စုံတစ်ရာအား စဉ်းစားမိလိုက်ပြီး ခပ်သွက်သွက်ပြောလိုက်၏။

"ခင်ဗျားနဲ့ပတ်သက်မလားတော့ မသိဘူး၊ တောအုပ်အပြင်ဘက် လမ်းကလေးတစ်ခုမှာ ဝူးညီနောင်လုပ်ကြံခံ ခဲ့ရတယ်"

"ရှင်"

မိန်းကလေး၏မျက်လုံးအစုံ ဝိုင်းစက်သွားသည်။

မျက်စိ မျက်နှာပျက်သွားကာ တုန်ယင်သောလေသံဖြင့်လည်း ပြန်မေးလာ၏။

"ဝူးညီနောင် သေဆုံးသွားပြီ ဟုတ်လား"

ဟန်စင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

မိန်းကလေး၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာလေသည်။

ဟန်စင်းက သူမ်အား အကဲခတ်ကြည့်ကာ သက်ပြင်းချလိုက်၏။

"ခင်ဗျားမှာ အခက်အခဲရှိယင် ပြောပါ၊ ကျုပ်တို့ ကူညီဖို့အသင့်ပါပဲ"

ငြိမ်သက်နေသော ယွင်ကူးမှာလည်း ဝင်ပြောလာသည်။

"ရှင် ဘယ်လိုဖြစ်ပျက်လာသလဲဆိုတာ ပြောပါ၊ ရှင့်ရဲ့အခက်အခဲကိုသိယင် ကျွန်မတို့ ကူညီနိုင်တာပေါ့"

"ဂူးသိုင်းညီနောင်ကို ဘယ်သူလုပ်ကြံသွားတာလဲ စောစောက အမျိုးသမီးနှစ်ယောက်လား"

မိန်းကလေး၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

သူမက ဦးခေါင်းတစ်ချက်ခါယမ်းကာ....

"ဂူးသိုင်းညီနောင်ကို သူတို့ တိုက်ခိုက်ခဲ့တာ မဟုတ်ပါဘူး၊ ဘယ်သူ့လက်ချက်မိသွားတာလဲဆိုတာတော့ ကျွန်မ မသိပါဘူးရှင်"

ဟန်စင်း မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားနဲ့ သူတို့က ဘယ်လိုမှ မပတ်သက်ဘူးလား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ အမှန်အတိုင်း ပြောရယင် သူတို့က ကျွန်မကို ကယ်တင်ဖို့ လိုက်လာကြတာပါ"

ဟန်စင်းနှင့်ယွင်ကူးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။



အတန်ကြာမှ ဟန်စင်းက ပင့်သက်ရှိုက်လိုက်၏။

"စောစောက အမျိုးသမီးနှစ်ယောက်က ဘယ်ကလဲ၊ ခင်ဗျားကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ"

စိတ်ကြိုးက မျက်ရည်များကိုသုတ်ယင်း ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ကျွန်...ကျွန်မ မဖြေဝံ့ဘူး"

"ဟင်"

ဟန်စင်းနှင့်ယွင်ကူးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

သူတို့ ရှိနေပါလျက် မိန်းကလေးသည် အဘယ်ကြောင့်ကြောက်လန့်နေရပါသနည်း။

သူမကြုံတွေ့ခဲ့ရသော ပြဿနာသည် မည်သို့နည်း။

ရန်သူသည် မည်မျှအထိ ကြောက်စရာကောင်းနေပါသနည်း။

သူတို့ တွေဝေသွားသည့် အခိုက်အတန့်လေးမှာပင် စိန်ကြိုးသည် တဟုန်ထိုး ပြေးထွက်သွားလေသည်။

ဟန်စင်းနှင့်ယွင်ကူးတို့ ကြောင်၍ကြည့်နေဆဲမှာပင် အဝေးသို့ ရောက်ရှိသွားသည်။

သူတို့ သတိဝင်လာသောအချိန်တွင် စိန်ကြိုးကား ပျောက်ကွယ်သွားချေပြီ။

ဟန်စင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဒီညနေမှာ ကြုံတွေ့ခဲ့ရတာတွေကတော့ အတော်လေးကို

ပဟေဠိဆန်တာပါလား"

တစ်ကိုယ်တည်း ညည်းညူသလို ရေရွတ်လိုက်သည်။

ယွင်ကူးက တစ်စုံတစ်ရာကို စဉ်းစားပြီး မှတ်ချက်ပြုလာသည်။

"ဒီကနေ့ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ သိုင်းအဖွဲ့တစ်ခုရဲ့ ပြဿနာဖြစ်နိုင်တယ်၊ သူတို့ အတွင်းရေးကို သူတို့ဖြေရှင်းရမှာ ဂိုဏ်းရဲ့ပြင်ပကိုပေါက်ကြားခွင့်မပြုတာမို့ စိန်ကြူး မပြောရဲတာဖြစ်လိမ့်မယ်"

"ညီမပြောတာ ဖြစ်နိုင်ပါတယ်၊ အခုတလော ဝက်ပါတောင်ပတ်ဝန်းကျင်မှာ ကျက်စားနေတဲ့ အဖွဲ့ဟာ သူတို့အဖွဲ့တွေများ ဖြစ်နေမလား"

"ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပါတယ်"

သူမက ဟန်စင်းအား အကဲခတ်ကြည့်ပြီး ဆက်ပြောလိုက်သည်။

"စိန်ကြူးရဲ့စကားအရ ဝူးသိုင်းညီနောင်ဟာ စိန်ကြူးကို ကယ်ဖို့ ရောက်လာတာတဲ့၊ ဒါဆိုယင် လူသတ်တရားခံဟာ စိန်ကြူးနဲ့ တစ်ဖွဲ့တည်းသားချင်း ဖြစ်လိမ့်မယ်၊ ပြီးတော့ လူသတ်တရားခံဟာ သခင်မရဲ့တပည့်ဖြစ်နိုင်တယ်၊ စိန်ကြူးက အဖွဲ့စည်းကမ်းဖောက်ဖျက်ခဲ့လို့ လိုက်ပြီးအပြစ်ပေးနေတာပဲဖြစ်မယ်"

ယွင်ကူးက သူမ၏ထင်မြင်ချက်ကို ဖွင့်ပြောနေစဉ် ဟန်စင်းမှာ အတွေးတစ်ခုထဲ နစ်ဝင်နေ၏။

ပဟေဠိဆန်သော အဖြစ်အပျက်များ၌ တစ်ခုအပါအဝင်



ဖြစ်သော ယွင်ကူး၏အကြောင်းကိုပင် ဖြစ်နေပါတော့သည်။

* * *

ဝက်ပါတောင်နှင့် အနီးကပ်ဆုံးမြို့မှာ 'ထိုက်ယန်မြို့' ဖြစ်သည်။

'ချယ်ရီဂေဟာ' မှာ ထိုက်ယန်မြို့တွင် ကျော်ဇောထင်ရှားသည်။

တစ်ချိန်က ချယ်ရီဂေဟာပိုင်ရှင်သည် သိုင်းပညာထူးချွန်သည့်အပြင် ပစ္စည်းဓနကြွယ်ဝခဲ့သည် မဟုတ်ပါလား။

ချယ်ရီဂေဟာပိုင်ရှင် သေဆုံးသွားပြီးနောက်တွင်လည်း ချယ်ရီဂေဟာအား မည်သူမျှ ရန်မစဝံ့ဘဲ ရှိသေလေးစားကြလေသည်။

ယွင်ကူးသည် ချယ်ရီဂေဟာမှ တစ်ဦးတည်းသော သခင်မလေးလည်း ဖြစ်ပေသည်။

သူမသည် အဆင့်မြင့်သိုင်းပညာများ တတ်မြောက်ထားသည်။

သူမသည် စိတ်မြန်လက်မြန်ရှိသော်လည်း ဒုက္ခရောက်သူများအား ကူညီလေ့ရှိသည်။

ထိုက်ယန်မြို့တွင် 'ဟန်' ခေါက်ဆွဲပြုတ်ဆိုင်သည် အထူးကျော်ကြားလေသည်။

ဟန်ခေါက်ဆွဲပြုတ်သည် အရသာထူးကဲပြီး လူတိုင်းခံတွင်း

တွေ့စေသည်။

ယွင်ကူးသည် ဟန်ခေါက်ဆွဲပြုတ်ဆိုင်၏ ဖောက်သည်တစ်ဦးပင်ဖြစ်သည်။

သို့သော် လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ ဟန်ခေါက်ဆွဲပြုတ်ဆိုင်မှာ ရောင်းချခြင်းမပြုတော့ဘဲ ပိတ်သွားခဲ့သည်။

ဆိုင်ရှင် ဟန်ရိတောင်းမှာ နာမကျန်းဖြစ်နေသောကြောင့်ပင်။

တစ်ကိုယ်ရေတကာရသမားဖြစ်နေသော ဟန်ရိတောင်းသည် နေမကောင်းဖြစ်ပြီးနောက်ပိုင်းတွင် တစ်ဦးတည်း အားငယ်နေသောကြောင့် အာမခံဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော ဟန်စင်းအား ဆင့်ခေါ်ခဲ့သည်။

ဟန်စင်းသည် ဦးလေးဖြစ်သူအား ပြုစုပေးယင်းမှ မပြန်ဖြစ်တော့ဘဲ ဆက်လက်နေထိုင်သွားခဲ့ခြင်း ဖြစ်သည်။

ဟန်ရိတောင်းကြောင့်သာမက ယွင်ကူးနှင့်ပါ ခင်မင်ခွင့်ရခဲ့သည့်အတွက် ဟန်စင်းအား တစ်မြို့လုံးသိကာ ဇာတိချက်ကြွေမြို့သားတစ်ယောက်ပမာ ဖြစ်မှန်းမသိဖြစ်ခဲ့ရလေသည်။

နောက်ပိုင်းတွင် ယွင်ကူးနှင့် ဟန်စင်းတို့သည် စိတ်တူကိုယ်တူရှိလှသော ချစ်သူစုံတွဲဘဝသို့ ရောက်ရှိခဲ့တော့သည်။

ချယ်ရီဂေဟာ၏ သိုင်းပညာအဆင့်အတန်းနှင့်ဆိုလျှင် သိုင်းလောကတွင် ကောင်းစွာရပ်တည်နေနိုင်မည် ဖြစ်သည်။

ချယ်ရီဂေဟာအနေနှင့် သိုင်းလောကထဲ မထွက်ဘဲ ထိုက်ယန်မြို့တွင် မထင်မရှားဖြင့် ရှိနေခြင်းမှာ အဘယ်ကြောင့်နည်း။



ချယ်ရီဂေဟာပိုင်ရှင်သည် အဘယ်အကြောင်းကြောင့်သေဆုံးသွားသနည်း။

ချယ်ရီဂေဟာပိုင်ရှင် သေဆုံးခဲ့သည်ကို သိပြီး အဘယ်ကြောင့် သေဆုံးခဲ့ရသည်ကို ထိုက်ယန်တစ်မြို့လုံး မသိကြပေ။

ယွင်ကူးပင် ဤမျှသိုင်းပညာ ထက်မြက်နေလျှင် သူမ၏မိဘနှစ်ပါးသည် မည်မျှပင်တော်မည်နည်း။

သို့သော် ယွင်ကူး၏မိခင်သည်ကား သိုင်းပညာလုံးဝမတတ်သည်မှာ ထူးဆန်းနေသည်။

တောင်ပိုင်းတွင်ရှိသော ယွင်ကူး၏ဦးလေးဆိုသူသည် ခြောက်လတစ်ကြိမ် ရောက်လာတတ်သည်မှာလည်း စိတ်ဝင်စားစရာ ကောင်းလှတော့သည်။

* * *

ဟန်စင်းမှာ တွေးယင်း ခေါင်းများပင် ပူလာသည်။

ယခုကြုံတွေ့ရသော ဖြစ်ရပ်များကို ပြန်လည်စဉ်းစားသုံးသပ်မိလျှင် လွန်စွာပင် စိတ်ပင်ပန်းသွားမိသည်။

သူက မည်မျှကြာအောင် တွေးတောစဉ်းစားနေမိမှန်းမသိ။

"အစ်ကို"

ခေါ်သံနှင့်အတူ လက်မောင်းအား လှုပ်ယမ်းခြင်းခံရတော့မှ သတိဝင်လာလေသည်။

"ဘာ...ဘာလဲ ညီမ"

"ညီမခေါ်နေတာ သုံးခါတောင်ရှိပြီ၊ အစ်ကို ဘာတွေများ ဒီလောက်အထိ စဉ်းစားနေရတာလဲ"

"ဪ..ဘာရယ်မဟုတ်ပါဘူး ညီမရယ်၊ အခုလက်ရှိကြုံတွေ့နေရတဲ့ အခြေအနေကို သုံးသပ်လေ့လာနေတာပါ"

"အဖြေရသလား ဟင်"

ဟန်စင်း ပခုံးတွန့်လိုက်၏။

"ခေါင်းပူတာပဲ အဖတ်တင်တယ်"

သူ၏စကားကြောင့် ယွင်ကူး ခစ်ခနဲ ရယ်လိုက်၏။

သူမက ဟန်စင်း၏လက်အား ဖျပ်ခနဲ ဆွဲကာ...

"အစ်ကို အဖြေရှာယင် မိုးလင်းသွားမှာ သေချာတယ်၊ အခုတော့ ပြန်ကြစို့နော်"

"ညီမ သဘောပဲလေ"

နှစ်ယောက်သား လက်ချင်းတွဲကာ တောအုပ်အတွင်းမှ ထွက်လာခဲ့ကြသည်။

သူတို့နှစ်ဦး ဝင်္ကပါတောင်ခြေသို့ ရောက်ချိန်တွင် မိုးချုပ်သွားခဲ့ပြီ ဖြစ်သည်။

သို့သော် လဝန်းကား အစားထိုးနေရာယူလာသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး သဲသဲကွဲကွဲ တွေ့မြင်ရသေးသည်။

လရောင်ဖြာကျသော ဝန်းကျင်အလှအပသည် အလွန်ပင် ကဗျာဆန်နေပေတော့သည်။

* * *

## ထူးဆန်းသောအဘိုးအို

လပြည့်ည မဟုတ်ပါ။

သို့သော် လရောင်ဖြင့် ပတ်ဝန်းကျင်အား သဲကွဲစွာ တွေ့မြင်နိုင်ပေသည်။

ဝင်္ကပါတောင်ခြေမှ ထိုက်ယန်မြို့သို့သွားရာ လမ်းမပေါ်တွင် ခရီးသွားများ တည်းခိုနားနေရန် ဇရပ်လေးတစ်ခုရှိနေသည်။

ဟန်စင်းနှင့် ယွင်ကူးတို့သည် လက်ချင်းတွဲကာ လျှောက်လာယင်းမှ ဇရပ်ရှေ့သို့ ရောက်ရှိလာသည်။

ဇရပ်အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်ပင်များကျဲပါးသောကြောင့် လရောင်ကောင်းစွာ ဖြာကျနေသည်။

ဤနေရာသည် အခြားနေရာများထက်ပို၍ သာယာလှပနေသည်ဟု အထင်ရောက်နိုင်လေတော့သည်။

ယွင်ကူးသည် ပတ်ဝန်းကျင်မှ ရှုမျှော်ခင်းများအား ကြည့်ပြီး နှင်မြူးလာ၏။

"ဒီနေရာလေးက သာယာလိုက်တာ ညီမတို့ ခဏထိုင်ကြရအောင်နော်"

ယွင်ကူးက အပြုံးလေးဖြင့်ဆိုလာလျှင် ချစ်သူအပေါ် အမြဲ ခွင့်လွှတ်အလိုလိုက်တတ်သော ဟန်စင်းက မငြင်းတော့ပါ။

ဦးခေါင်း ဆတ်ခနဲ ညိတ်လိုက်၏။

"ညီမ သဘောပါပဲ"

နှစ်ယောက်သား လက်ချင်းတွဲလျှက် ဇရပ်ပေါ်အတူ တက်လိုက်ကာ တိုင်တစ်လုံးအား မှီကာ ထိုင်လိုက်ကြ၏။

ယွင်ကူးက ဟန်စင်း၏ပခုံးပေါ် ခေါင်းလေးမှီထားယင်းမှ...

"အစ်ကို ဒီနေ့ပဲ ညီမတို့အိမ်ကို လိုက်ခဲ့ပါလား၊ မေမေနဲ့ တွေ့ရအောင်လေ"

ဟန်စင်းက သူမ၏ဆံနွယ်များအား ပွတ်သပ်ပေးယင်း...

"အခုအချိန်မှ အိမ်ကိုလိုက်ယင် သန်းခေါင်ကျော်မှ ညီမတို့အိမ်က ပြန်ရတော့မှာပေ့ါ၊ သင့်တော်ပါ့မလား ညီမရဲ့"

ယွင်ကူး နှုတ်ခမ်းစူသွားသည်။

"အစ်ကိုကလည်း ကြံဖန်ပြောနေပြန်ပြီ၊ အစ်ကိုနဲ့ညီမက မကြာခင်ပဲ လက်ထပ်ကြတော့မှာ မဟုတ်လား၊တစ်မြို့လုံးကလည်း ညီမတို့နှစ်ယောက် ချစ်သူဖြစ်တာ သိနေကြတာပဲ၊ ဘာလို့ မသင့်



တော်ရမှာလဲ၊ အစက မေမေက ကဂျီကဂျောင်ကျပေမယ့် ညီမ အပြတ်ပြောပြီးတဲ့နောက်ပိုင်း အစ်ကိုနဲ့သဘောမတူတဲ့စကားမျိုး မပြောတော့ဘူး၊ မေမေက ညီမကိုသိပ်ချစ်တာ၊ ညီမက တတွတ်တွတ်ပြောနေလို့လည်း မေမေက အစ်ကို့အပေါ် သဘောထားပြောင်းနေပါပြီ၊ အစ်ကို့ကို လက်ခံမှာပါ"

ဟန်စင်း သက်ပြင်းတစ်ချက် ကျိတ်၍ချလိုက်မိသည်။

"ညီမ မေမေနဲ့တွေ့ပြီး ဖွင့်ပြောရမှာ အစ်ကို့အနေနဲ့ မျက်နှာပူမိတယ်"

ဟန်စင်းက လေသံပျော့လေးဖြင့် ဆိုလိုက်လျှင် ယွင်ကူးက သူ့ပခုံးကို ခေါင်းဖြင့်တိုက်ယင်း ကနွဲ့ကလျပြောလိုက်၏။

"အစ်ကိုကလည်းလေ၊ ညီမတောင်မှ မေမေ့ကိုရင်ဆိုင်ရဲခဲ့တာ၊ အစ်ကိုက ဘာရှက်စရာရှိလို့လဲ၊ အစ်ကိုလိုက်ခဲ့ရမယ်နော်"

ဟန်စင်းက ပါးစပ်ဟလိုက်သော်လည်း နှုတ်ဖျားမှ စကားသံ ထွက်မလာပါချေ။

ဇရပ်ရှေ့သို့ စူးရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

သစ်ပင်များကြားမှ လူရိပ်တစ်ခု ရွေ့လျားလာနေသည်ကို တွေ့လိုက်ရ၏။

"လူတစ်ယောက် ဒီကိုလာနေတယ် ညီမ"

"ဟင်"

နှစ်ယောက်သား လူချင်းခွာ၍ အသာကြည့်နေမိစဉ် ဇရပ်လေးဆီ လူတစ်ယောက် လျှောက်လှမ်းလာနေသည်။

အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက် ပင်

ဖြစ်သည်။

ဇရာအိုဘဝရောက်နေသော အဘိုးအိုမှာ တောင်ဝှေးကိုင်ထားပြီး အလွန်ပင်ပန်းနွမ်းနယ် နေဟန်ရှိသည်။

ဇရပ်လေးအနီး ရောက်လာလျှင် ဟန်စင်းတို့အား တစ်ချက်အကဲခတ်ကြည့်ပြီး မလှမ်းမကမ်းတွင်ထိုင်ချကာ...

"မောလိုက်တာနော်"

ဟု ညည်းနေရှာသည်။

ဟန်စင်းက အဘိုးအိုအား အကဲခတ်ကြည့်လိုက်သည်။

အဘိုးအိုသည် နက်မှောင်သော ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။

မျက်နှာမှာ အိုစာသော်လည်း ဆီသုတ်လိမ်းထားသကဲ့သို့ ပြောင်ချောချောဖြစ်နေကြောင်း တွေ့လိုက်ရသည်။

ထူးဆန်းသော မျက်နှာအမူအရာကြောင့် သူက မသိမသာ အကဲခတ်ကြည့်နေစဉ် အဘိုးအိုသည် အသက်ကို ခပ်ပြင်းပြင်းရှူယင်း ကိုင်း၍နေပြီဖြစ်သော ခါးကို လက်သီးဖွဖွဆုပ်၍ထုနေပြန်သည်။

ဟန်စင်းမှာ ကြင်နာသနားတတ်သူမို့ အဘိုးအိုကို ကြင်နာစွာကြည့်ယင်း လှမ်းမေးလိုက်သည်။

"ဘဘ ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ၊ ဟောဒီပတ်ဝန်းကျင်မှာ နေတာလား"

"အင်း"

ဝတ်စုံနက်အဘိုးအိုက ညည်းညူနေယင်း ဟန်စင်း၏မေး



ခွန်းကို မဖြေချင်သလို အရေးမလုပ်ဘဲ နေလေသည်။

ဟန်စင်းက ယွင်ကူးအား ကြည့်လိုက်သည်။

ယွင်ကူးက ပြုံးပြလိုက်သည်။

ဟန်စင်းက အဘိုးအိုအား ဆက်မေးပြန်သည်။

"ဒါမှမဟုတ် ဘဘ လမ်းခရီးတစ်နေရာရာက အိမ်ကိုပြန်တာလား"

အဘိုးအိုမှာ သူ၏စကားအား လုံးဝဂရုမစိုက်ပါ။

တောင်ဝှေးအား အားပြုယင်း ထလာသည်။

တဖန် ဟန်စင်းနှင့်ယွင်ကူးတို့အား အသေအချာကြည့်လိုက်ပြီး...

"မင်းတို့နှစ်ယောက် တယ်လိုက်ဖက်ပါလား၊ နေနဲ့လ ရွှေနဲ့မြဆိုသလို ကြည့်လို့ကောင်းလိုက်တာ"

ဟု ဝေဖန်လိုက်ပြန်သည်။

ဝတ်စုံနက်အဘိုးအိုနှင့် အပေးအယူမတည့်ဖြစ်နေသောကြောင့် ဟန်စင်း ခေါင်းကို အသာကုတ်မိလိုက်၏။

ဤသည်ကိုကြည့်ပြီး ယွင်ကူး တစ်ယောက် ခစ်ခနဲ ရယ်မောလိုက်မိသည်။

ဟန်စင်း ပခုံးနှစ်ဘက် ဟန်ပါပါတွန့်ယင်း...

"အလင်းရောင် မသဲမကွဲမှာ ဘဘရဲ့မျက်လုံးတွေက အတော့်ကို အားကောင်းနေသေးတာပဲ၊ ဘဘကိုကြည့်ရတာ အတော်ပင်ပန်းလာပုံရတယ်၊ ခဏထိုင်ပြီး နားပါဦးလား"

"အင်း"

အဘိုးအိုထံမှ ညည်းညူသံတစ်ချက် ထွက်လာပြန်လေသည်။

တဆက်တည်း တုန်တုန်ယင်ယင် ခြေလှမ်းများဖြင့် ရှေ့သို့တိုး၍လာသည်။

ထိုစဉ် သူတို့လုံးဝမမျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုရုတ်တရက် ဖြစ်ပေါ်လာလေသည်။

တုန်ရီအားနည်းနေသည်ဟု ယူဆရသော အဘိုးအိုက လျှပ်တပြက်အတွင်း သူ၏လက်များဆန့်ထုတ်ကာ ဟန်စင်း၏မျက်နှာကို ဖမ်း၍ဆုပ်ကိုင်လိုက်သည်။

လမ်းပင် ကောင်းကောင်းမလျှောက်နိုင်သော အဘိုးအိုက အလစ်ဝင်၍တိုက်ခိုက်လိမ့်မည်ဟု လုံးဝမမျှော်လင့်မထားမိသော ဟန်စင်းမှာ ပြင်ဆင်ချိန် မရလိုက်ပါ။

သို့သော် အန္တရာယ်နှင့်ကြုံလျှင် မသိစိတ်မှ တွန်းလှန်တတ်သော ဟန်စင်း...

ဉာဏ်ကောင်း၍ အလွန်ပါးနပ် ထက်မြက်လှသော ဟန်စင်းမှာ အလွယ်တကူ အရှုံးပေးမည့်လူစားမျိုး မဟုတ်ပါ။

အန္တရာယ်နှင့်ကြုံလျှင် တန်ပြန်တွန်းလှန်၍ ကြိမ်ဖန်များစွာလေ့ကျင့်ထားခဲ့ရသော ဟန်စင်းမှာ အဘိုးအိုက တိုက်ခိုက်လိုက်သည်နှင့် ခေါင်းကိုဘေးသို့ ငိုက်ချလိုက်သည်။

တဆက်တည်း လက်ငါးချောင်းဖြင့် ကွေးလိုက်ပြီးမှ စိတ်ကူးပြောင်းသွားဟန်ဖြင့် လက်ဝါးဖြင့် လျှပ်တပြက် ရိုက်ထုတ်လိုက်လေသည်။



သို့သော် ဟန်စင်း နောက်ကျသွားချေပြီ။

နဖူးပြင်၌ အေးခနဲဖြစ်သွားသလို သူ၏တိုက်ကွက်မှာလည်း အရာမထင် အချည်းနှီးဖြစ်သွားကြောင်း တွေ့လိုက်ရသည်။

"ဗွစ်"

"အင့်"

လက်ဝါးရိုက်ထုတ်လိုက်ချိန် ဟန်စင်း၏နှုတ်ဖျားမှ ညည်းသံတစ်ချက် ထွက်ပေါ်လာသည်။

ယွင်ကူးမှာ ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေသည်။

ဟန်စင်း ဒဏ်ရာရသွားသောအခါတွင်တော့ ဒေါသထွက်သွားလေသည်။

"ယား"

ညာသံတစ်ချက်ပေးယင်း ခုန်ထွက်ကာ လက်ဝါးရိုက်ချက်များဖြင့် အဆက်မပြတ် ရိုက်ထုတ်ကာ တရကြမ်း ဝင်တိုက်လိုက်လေသည်။

သူမ၏လက်ဝါးရိုက်ချက်များသည် ပြင်းထန်သလို လျင်မြန်လှပေသည်။

တော်ရုံတန်ရုံလူသည် သူမ၏တိုက်ခိုက်မှုကြောင့် ကျိန်းသေဒုက္ခရောက်သွားမည်မှာ သေချာနေ၏။

သို့သော် တုန်ချိသော အဘိုးအိုသည် အံ့သြစရာကောင်းလောက်သော လျင်မြန်မှုမျိုးဖြင့် ရှောင်တိမ်းသွားနိုင်ခဲ့သည်။

ယွင်ကူးမှာ မိမိ၏တိုက်ခိုက်မှု ထိရောက်ခြင်းမရှိ၍ အတော်လေး ခံပြင်းသွားသည်။

"ရောင်နိုင်ယင် ရောင်ပေတော့"

အော်ငေါက်ယင်း လက်ချောင်းလေးများကိုကွေးကာ ဆတ်ခနဲ ရှေ့သို့ ဆန့်ထုတ်လုက်လေသည်။

သူမသည် ချယ်ရီဂေဟာ၏ အဆင့်မြင့် သိုင်းကွက်များကို ထုတ်ဖော်အသုံးပြုလိုက်ခြင်းပင်ဖြစ်သည်။

ဤသိုင်းကွက်အား ယခုတစ်ကြိမ်နှင့်ဆိုလျှင် နှစ်ကြိမ်သာ အသုံးပြုခဲ့ရသေးသည်။

မည်သူမျှ မရောင်တိမ်းနိုင်ခဲ့ပါ။

သို့သော် အံ့ဩစရာကောင်းလောက်အောင်ပင် အဘိုးအိုက နောက်ကျွမ်းပစ်ကာ ရောင်ထွက်သွားနိုင်ခဲ့သည်။

အဘိုးအိုသည် မည်သို့ရောင်တိမ်းရမည်ကို ကြိုတင်ရိပ်စားမိသည့်အလား ယွင်ကူးက လက်လှုပ်ရှားလိုက်သည်နှင့် ခုန်ထွက်သွားခြင်းပင်ဖြစ်သည်။

ယွင်ကူးက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပါ။

ဝတ်စုံနက်အဘိုးအိုအား မျက်လုံးအဝိုင်းသားလေးဖြင့် ငေးကြည့်နေမိလေသည်။

ဝတ်စုံနက် အဘိုးအို ရယ်မောလိုက်သည်။

"မင်းတို့ ငယ်ပါသေးတယ်၊ ကျုပ်သာ ဒုက္ခပေးချင်ယင် မင်းတို့မလွယ်ဘူး"

စကားဆုံးလျှင် ဆက်လက်ခုန်ထွက်သွားပြန်သည်။

အဘိုးအိုအား မည်းမည်းအရိပ်သဏ္ဍာန်အဖြစ်သာ မြင်လိုက်ရပြီးနောက် ပျောက်ကွယ်သွားတော့သည်။



အဖြစ်အပျက်ကို မယုံကြည်နိုင်လောက်အောင် အံ့ဩမှင်တက်မိနေဆဲမှာ အဘိုးအို၏ရယ်မောသံသည် အဝေးဆီမှ ပဲ့တင်ထပ်ကာ ထွက်ပေါ်လာပြီးနောက် တဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

မမျှော်လင့်ဘဲ ဖြစ်ပေါ်ခဲ့သော တိုက်ပွဲသည် လျှပ်တပြက်အတွင်း ပျောက်ကွယ်ပြီးဆုံးသွားခဲ့ချေပြီ။

ဤဇရပ်ထဲ၌ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း မည်သူမျှ ယုံနိုင်ဖွယ်မရှိပါချေ။

ဇရပ်ပတ်ဝန်းကျင်တစ်ဝိုက်သည် ဆိတ်ငြိမ်အေးချမ်းကာ သာယာလှပနေဆဲပင်။

ယွင်ကူး လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"အတော်ထူးဆန်းပြီး ကြောက်စရာကောင်းတဲ့ အဘိုးအိုပါလား"

စိတ်ထဲကျိတ်၍ ရေရွတ်ကာ ဟန်စင်းဘက်သို့ လှည့်ကြည့်လိုက်သည်။

ဟန်စင်းအနီး လျင်မြန်စွာ ချဉ်းကပ်သွားလိုက်ပြီး....

"အစ်ကို့နဖူးက ဒဏ်ရာမှာ သွေးထွက်နေပါလား"

အလောတကြီး ပြောလိုက်မိသည်။

ဟန်စင်းက ယွင်ကူးပြောမှ နဖူးမှဒဏ်ရာအား အသာပြန်စမ်းကြည့်လိုက်၏။

ပူနွေးနီရဲသော သွေးစေးများ။

ဟန်စင်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

ယွင်ကူး ပင့်သက်ရှိုက်ကာ....

"ဒီအဘိုးအိုရဲ့ သိုင်းပညာဟာ အတော်လေးထက်မြက်ပုံရတယ်၊ စိတ္တဇသိုင်းသမားလား၊ အရှုးသိုင်းသမားလားမသိဘူး"

ဟန်စင်း ခေါင်းခါယမ်းလိုက်သည်။

"အရှုးသိုင်းသမား မဖြစ်နိုင်ဘူး၊ သူဟာ လူကောင်းတစ်ယောက်ပဲ သူ့ရဲ့ကိုယ်ဖော့ပညာနဲ့ လှုပ်ရှားမှုက ထိပ်တန်းအဆင့်မှာရှိတယ်၊ သူက တမင်ပညာပြသွားတာပဲဖြစ်မယ်'

ယွင်ကူး သက်ပြင်းချကာ...

"သူ့မှာ ဘာရည်ရွယ်ချက်များ ရှိနေမလဲ အစ်ကို"

ဟန်စင်း ခေါင်းခါယမ်းလိုက်သည်။

"လောလောဆယ်တော့ အစ်ကို ဘာကိုမှစဉ်းစားလို့ မရသေးဘူး"

ဟန်စင်းက အမှန်အတိုင်း ဝန်ခံလိုက်လျှင် ယွင်ကူးက အတွေးကြွယ်သူပီပီ စောဒကတက်လိုက်လေသည်။

"သူသာ ပြဿနာရှာချင်ယင် အစ်ကို့နဖူးမှာ ပွန်းပဲ့သွားရုံကလေးတင် ကုတ်ခြစ်သွားပါ့မလား၊ ဒဏ်ရာအကြီးအကျယ်ရအောင် လုပ်သွားမှာပေါ့"

ဟန်စင်း ဘာပြောရမှန်း မသိတော့ပါချေ။

လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

"ဗူး...ဒီကနေ့ ဝက်ပါတောင်မှာ ကြုံတွေ့ရတာတွေဟာ ဆန်းဆန်းပြားပြားတွေချည်းပဲ၊ စောစောက အဘိုးအိုဟာ အထူးဆန်းဆုံးပဲ၊ ဒီအဘိုးအိုက ဘယ်အဖွဲ့အစည်းကလည်း ဒါမှမဟုတ်



အခြားဒေသက ရောက်လာတဲ့ သိုင်းပညာရှင်လား သူဘာကြောင့် တမင်ပညာပြ တိုက်ခိုက်သွားခဲ့တာလဲ"

ယွင်ကူး တစ်ချက်စဉ်းစားကာ...

"ဝူးသိုင်းညီနောင်ကို လုပ်ကြံသွားတာ ဒီဝတ်စုံနက်အဘိုးအိုများ ဖြစ်နေမလား"

ဝတ်စုံနက် အဘိုးအိုအဆင့်မြင့်လှသော သိုင်းကွက်ကို စဉ်းစားမိလျှင် ဟန်စင်း စိတ်လှုပ်ရှားသွားမိသည်။

သူ၏မျက်နှာ တည်တည်ကြည်ကြည် ဖြစ်သွားပြီး...

စိန်ကြူးကို ဖမ်းခေါ်ဖို့ကြိုးစားတဲ့ အမျိုးသမီးနှစ်ယောက်နဲ့ ဝတ်စုံနက်အဘိုးအို တစ်ဖွဲ့တည်းဖြစ်မယ် ထင်တယ်၊ ရန်သူကို အလစ်ချောင်းတိုက်ခိုက်တာဟာ အဖြူရောင်သိုင်းသမားတွေရဲ့အကျင့်မဟုတ်ဘူး၊ နောက်ပြီး သူ့ရဲ့တိုက်ကွက်က သိပ်မြန်လွန်းနေတယ်"

"ဟုတ်တယ်နော်"

"တကယ်လို့ သူသာ ခရေပွင့်လက်နက်ပုန်းကို အသုံးပြုတဲ့သူဆိုယင်တော့ မတွေးဝံ့လောက်အောင်ပဲ"

ဟန်စင်း၏စကားကြောင့် ယွင်ကူး တုန်လှုပ်သွားမိလေသည်။

သူမက ဟန်စင်းအား တစ်ချက်ကြည့်ပြီးနောက်...

"စဉ်းစားရတာ ဦးနှောက်ချောက်ပါတယ် အစ်ကို ကဲ ပြန်ကြပါစို့နော်"

"ပြန်ကြတာပေ့ါ၊ ဒီဝတ်စုံနက်အဘိုးအိုနဲ့သာ နောက်တစ်

ကြိမ်ပြန်ဆုံခဲ့မယ်ဆိုယင် မညှာနိုင်တော့ဘူး၊ ပြတ်ပြတ်သားသား ရင်ဆိုင်ရမှာပဲ"

ဟန်စင်းက မကျေမနပ် ရေရွတ်လိုက်သည်။

ထို့နောက် နှစ်ယောက်သား ဇရပ်လေးဆီမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

* * *

ခရေပွင့်လက်နက်ပုန်း....။

ခရေပွင့်လက်နက်ပုန်းသည် သွေးသခင်မ၏ မူပိုင်လက်နက်ပုန်းဖြစ်သည်။

သွေးသခင်မသည် 'မဟူရာစံအိမ်' မှလူဖြစ်သည်ဟု သတင်းများ ထွက်ပေါ်ခဲ့ဖူးသည်။

ယခု ကြုံတွေ့ခဲ့ရသော ခရေပွင့်လက်နက်ပုန်းသည် သွေးသခင်မ၏ လက်နက်ပုန်းဖြစ်ကြောင်း ကျိန်းသေမပြောနိုင်ပါ။

အစစ်ဖြစ်နိုင်သလို ပုံစံတူပြုလုပ်ထားခြင်းလည်း ဖြစ်နိုင်သည်။

သွေးသခင်မ သေဆုံးသွားသည်မှာ ကြာခဲ့ပြီဖြစ်၍ တစ်စုံတစ်ဦးသည် ထပ်တူထပ်မျှ အသုံးပြုခြင်းလည်းဖြစ်နိုင်ပေသည်။

သို့မဟုတ် သွေးသခင်မထံမှ ပညာအမွေရထားသူလည်း ဖြစ်နိုင်ပေသည်။

သွေးသခင်မ၏တပည့် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်



ဖြစ်စေ၊ ခရေပွင့်လက်နက်ပုန်း အစစ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ယခုအသုံးပြု တိုက်ခိုက်နေသူ၏လက်နက်ပုန်းပစ်ပညာမှာ အလွန်ကြောက်စရာကောင်းသည်မှာ ထင်ရှားနေပါသည်။

ဇရပ်လေးနှင့် အတော်ဝေးဝေးသို့ ရောက်လာသောအခါ..

"အစ်ကို...ဟိုမှာကြည့်စမ်း"

ယွင်ကူးက အထိတ်တလန့် ညွှန်ပြလိုက်သည်။

"ဘာလဲ လူသေအလောင်း တွေ့ပြန်ပြီလား"

ဟန်စင်းက စိတ်ပျက်လက်ပျက်ဖြစ်သွားကာ ယွင်ကူးညွှန်ပြရာသို့ ကြည့်လိုက်သည်။

ချုံကွယ်တစ်ခုနောက်တွင် မလှုပ်မယှက်ရှိနေသော အရိပ်တစ်ခုကို လရောင်တွင် အထင်းသား မြင်နေရသည်။

ဟန်စင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဘယ်သူလဲ"

အော်ငေါက်ကာ မြေပေါ် ခြေတစ်ချက်ဆောင့်ယင်း လှစ်ခနဲ ခုန်ထွက်သွားသည်။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ချုံကွယ်နောက်သို့ ရောက်ရှိသွားသည်။

ချုံကွယ်နောက်သို့ ရောက်သွားလျှင်...

"ဟာ"

ဟန်စင်း လွှတ်ခနဲ ရေရွတ်လိုက်သည်။

အကြောင်းကား ချုံကွယ်နောက်တွင် မည်သူမျှ ရှိမနေပါ။

သို့သော် ဆူးချုံပေါ် တွယ်ငြိနေသော ဝတ်စုံတစ်ခုကို တွေ့

လိုက်ရသည်။

ခရမ်းရောင် ဇာပါးဝတ်စုံဖြစ်သည်။

တနည်းအားဖြင့် အမျိုးသမီးများ အပေါ်မှထပ်၍ ဝတ်ဆင်လေ့ရှိသော ဝတ်စုံမျိုးပင်ဖြစ်သည်။

ခပ်လှမ်းလှမ်းမှကြည့်လျှင် အမျိုးသမီးတစ်ယောက် ရပ်နေသလို ထင်ရသည်။

ယွင်ကူးက ဟန်စင်း၏အနီးသို့ ရောက်လာသည်။

သူမက ဝတ်စုံကိုမြင်လျှင် မျက်မှောင်ကုပ်သွားပြီး...

"အမျိုးသမီးတစ်ယောက်ရဲ့ ဝတ်စုံပါလား"

ဟန်စင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညီမ"

သူက သက်ပြင်းတစ်ချက်ချယင်း ညည်းညူလိုက်သည်။

"ဒီညနေပိုင်းကစပြီး ကြုံတွေ့ရတဲ့ ထူးဆန်းမှုတွေဟာ ကုန်ပဲ မကုန်နိုင်သေးပါလား"

ဟန်စင်း စိတ်ရှုပ်နေမှန်းသိ၍ ယွင်ကူးက ဖျောင်းဖျလိုက်၏။

"ဒီကိစ္စလောက်ကိုတော့ ဦးနှောက်ခြောက်ခံပြီး စဉ်းစားမနေပါနဲ့ အစ်ကိုရယ်"

"ဘာပဲဖြစ်ဖြစ် အခုမှတော့ မထူးတော့ဘူး၊ စစ်ဆေးကြည့်လိုက်ချင်သေးတယ်၊ သဲလွန်စတစ်ခုခုများ ရနိုင်မလားလို့"

ယွင်ကူးက မျက်မှောင်ကုပ်လျက်...

"ဂူးသိုင်းညီနောင် သေဆုံးရတဲ့ကိစ္စဟာ ဒီဝတ်ရုံနဲ့ဆက်စပ်



နေမယ် မထင်ပါဘူး"

"ဒါပေမယ့် အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို လူရမ်းကားတွေက စော်ကားတဲ့ကိစ္စမျိုးဆိုယင်တော့ ဝင်တားသင့်တားရလိမ့်မယ် ညီမ"

မတရားမှု၊ အနိုင်အထက်ပြုမှုကို လက်ပိုက်ကြည့်မနေတတ်သော ဟန်စင်းက ခရမ်းရောင်ဝတ်စုံကိစ္စကို စုံစမ်းရှာဖွေကြည့်ဖို့ပြင်သည်။

သို့သော် ပတ်ဝန်းကျင်အနှံ့ မည်သည့်ထူးခြားချက်မျှ ထပ်မတွေ့ရတော့ပါ။

ဟန်စင်းစိတ်ထဲ မတင်မကျ ဖြစ်သွားသည်။

သူက စေ့စေ့စပ်စပ် ရှာဖွေကြည့်လိုက်ပြန်သည်။

ထိုစဉ်...

"အမယ်လေး"

ထိုက်ယန်မြို့သို့သွားသော လမ်းကလေးဆီမှ စူးရှသောအသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဟန်စင်း မျက်လုံးပြူးသွားသည်။

ယွင်ကူး၏လက်ကို ဆွဲကာ...

"ညီမ...မြန်မြန်သွားကြစို့"

ပြောယင်း အသံထွက်ပေါ်လာရာဆီသို့ တဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

* * *

## ကံဆိုးသူ

စိန်ကြူးသည် ဟန်စင်းနှင့်ယွင်ကူးတို့ အနီးမှထွက်ပြေးလာပြီးနောက် ထိုက်ယန်မြို့သို့ ဦးတည်ရာလမ်းအတိုင်း ပြေးလွှားလာခဲ့သည်။

သူမက မည်မျှကြာအောင် ပြေးလွှားမိမှန်းမသိ သစ်ပင်များ၊ ဆူးချုံများကိုဖြတ်၍ ပြေးခဲ့ရသည့်အတွက် တစ်ကိုယ်လုံး ပွန်းပဲ့ရာများဖြင့် ပြည့်နှက်ကာ အပေါ်ဝတ်ရုံပင် ကျွတ်ကျကျန်ခဲ့သည်။

နောက်ဆုံး လမ်းကလေးပေါ်မှ လူနှစ်ယောက်နှင့် ဝင်တိုက်မိမှ ခြေလှမ်းရပ်သွားမိသည်။

သူမ ဝင်တိုက်မိသူနှစ်ယောက်မှာ အသက်ငါးဆယ်ဝန်းကျင်ရှိနေသော ယောကျ်ားကြီးများ ဖြစ်သည်။



တစ်ဦးမှာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ဓားတစ်လက် ကိုင်ဆောင်ထားသည်။

ကျန်တစ်ဦးမှာ နှုတ်ခမ်းမွေးကားကားရှိပြီး ဝတ်စုံနီရှည် ဝတ်ဆင်ထားသည်။

ထိုလူနှစ်ယောက်သည် စိန်ကြူးအား မြင်လျှင် အံ့သြသွားကြလေသည်။

ထို့အတူ စိန်ကြူးမှာလည်း ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ဦးလေးလူ...ဦးလေးရီ"

တုန်ယင်လှိုက်လှဲသောအသံဖြင့် ခေါ်လိုက်၏။

စိန်ကြူး၏ ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များနှင့် စုတ်ပြဲနေသော အင်္ကျီလက်ပြတ်ကိုကြည့်ယင်း ဝတ်စုံနီဝတ်ဆင်ထားသူ သက်ပြင်းတစ်ချက် ချလိုက်၏။

ဝတ်စုံနီအား ချွတ်ကာ စိန်ကြူးအား ယုယစွာလွှမ်းခြုံပေးလိုက်ပြီးမှ...

"ဘယ်လိုဖြစ်လာတာလဲ စိန်ကြူးရယ်၊ အကူအညီလွှတ်လိုက်တဲ့ ဂူးညီနောင်ကော"

စိန်ကြူးက ဝမ်းနည်းစွာ ငိုကြွေးလိုက်သည်။

ဝတ်စုံနီနှင့်လူကြီး မျက်မှောင်ကုပ်သွားသည်။

"စိန်ကြူး ဘာဖြစ်လို့လဲ"

စိန်ကြူးက ငိုရှိုက်ယင်းမှ...

"သူ...သူတို့ သေသွားကြပြီ"

"ဟေ"

ထိုလူနှစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

ဝတ်စုံနီ သက်ပြင်းချလိုက်၏။

"စိတ်မကောင်းစရာပဲ၊ သူတို့ ဘယ်သူ့လက်ချက်မိသွားတာလဲ"

စိန်ကြူး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသိဘူး၊ ဒါပေမယ့် သူတို့အဖွဲ့ကလူ လက်ချက်ဆိုတာ ထင်ရှားတယ်"

"ကျုန်တဲ့လူတွေ အခြေအနေကော ဘယ်လိုလဲ ကောင်းရဲ့လား"

အဖြူရောင်ဝတ်ဆင်ထားသူက ခပ်လောလောမေးလိုက်သည်။

စိန်ကြူးက မျက်ရည်များ သုတ်လိုက်သည်။

"အခု လက်ရှိအချိန်ထိတော့ သူတို့အခြေအနေကောင်းပါတယ်၊ ဒါပေမယ့် သူတို့ဆက်သွယ်ဖို့ ခက်နေလိမ့်မယ်၊ ဆက်သွယ်တာနဲ့ သိသွားလိမ့်မယ်"

"အင်း..အခြေအနေက မလွယ်ပါလား"

အဖြူရောင်ဝတ်ဆင်ထားသူက ခပ်ညည်းညည်း ရေရွတ်လိုက်သည်။

ဝတ်စုံနီက ဝင်ပြောလာသည်။

"သတ်မှတ်ချိန်အထိ ရောက်မလာလို့ ငါတို့ အတော်စိတ်ပူနေမိကြတာ၊ အခုတော့ ဂူးသိုင်းညီနောင်က သေဆုံးသွားပြီကိုး၊ ကဲ စိန်ကြူး ဘာမှမကြောက်နဲ့တော့ ငါတို့ရှိတယ်၊ ဒီနေရာက အမြန်ဆုံးထွက်သွားကြစို့"



သုံးယောက်သား မြို့ထဲသို့ ဦးတည်ရန်ပြင်လိုက်ကြ၏။

ယင်းခဏမှာပင်....

"ကျုပ်တို့ ပိုင်နက်ထဲမှာ လုပ်ချင်သလို လုပ်ပြီး အလွယ်တကူထွက်သွားလို့ ရမလား"

အေးစက်စက်စကားသံ တစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

စိန်ကြူးတို့ သုံးယောက် ဆတ်ခနဲ ဖြစ်သွားကြသည်။

စကားသံ ထွက်ပေါ်လာရာဆီသို့လည်း ပြိုင်တူလှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ သူတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် အဘိုးအိုတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဟင်"

ထိုအဘိုးအိုအားမြင်လျှင် မကောင်းဆိုးဝါးနှင့် တွေ့ရသလို စိန်ကြူး၏မျက်နှာ သွေးရောင်ကင်းမဲ့သွားလေတော့သည်။

* * *

လရောင်သည် လမ်းကလေးပေါ် ဖြာကျနေသောကြောင့် ဝန်းကျင်တစ်ခုလုံး လင်းကျင်းနေ၏။

သူတို့တွေ့ရသော အဘိုးအိုမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး တောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ထားသည်။

သူတို့ကြည့်နေစဉ်မှာပင် အဘိုးအိုသည် တောင်ဝှေးကို ထောက်ကာ တစ်လှမ်းချင်းလျှောက်လာလေသည်။

စိန်ကြူးသည် ကြောက်ရွံ့စွာဖြင့် ထိုလူနှစ်ယောက်၏ နောက်သို့ ဝင်ပုန်းလိုက်၏။

ဝတ်စုံနီ၊ ဝတ်စုံဖြူ လူကြီးနှစ်ယောက်က စိန်ကြူးအား အကာအကွယ်ပေးထားလိုက်ကြ၏။

ဝတ်စုံဖြူက အဘိုးအိုအား စေ့စေ့ကြည့်ပြီး...

"ခင်ဗျား ဘယ်သူလဲ"

အဘိုးအို ဟက်ဟက်ခနဲ ရယ်လိုက်သည်။

ငါးပေခန့်အကွာတွင် ရပ်တန့်လိုက်ပြီး...

"မင်းတို့ သူ့ကိုမေးကြည့်ပေါ့"

ဝတ်စုံဖြူလူကြီး မျက်နှာကွက်ခနဲ ပျက်သွားသည်။

"လက်စသတ်တော့ စိန်ကြူးကိုလိုက်ဒုက္ခပေးနေတာ ခင်ဗျားကိုး"

ဝတ်စုံနက်အဘိုးအိုက ဘာမျှမပြောချေ။

ဝတ်စုံဖြူလူကြီးက ခါးမှဓားကို ပုတ်ပြလိုက်ပြီး...

"ကျုပ်က ကျန်းနန်ဓားသမားလုံကျန်းပဲ၊ သူကတော့ ဝတ်စုံနီသိုင်းသမားရှီကျောင်းပဲ၊ ကျုပ်တို့ကို ခင်ဗျားသိမယ် ထင်ပါတယ်"



ဝတ်စုံနက်အဘိုးအို ခေါင်းညိတ်လိုက်သည်။

"သိပ်သိတာပေါ့၊ မင်းတို့ဟာ ထင်ရှားတဲ့အဖြူရောင် သိုင်းသမားတွေပဲ၊ ဒါပေမယ့် ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ သူများအတွင်းရေး လိုက်စပ်စုနေတာတော့ မုန်းဖို့ကောင်းတယ်"

ကျန်းနန်ဓားသမားလုံကျန်းနှင့် ဝတ်စုံနီသိုင်းသမားရှီကျောင်းတို့သည် သိုင်းပညာထက်မြက်သော အဖြူရောင်သိုင်းသမားကြီးများ ဖြစ်ကြသည်။

သူတို့သည် ဂူးသိုင်းညီနောင်၏မိတ်ဆွေများလည်း ဖြစ်သည်။

စိန်ကြူးသည် မည်သည့်ဘက်မှနည်း။

ကျန်းနန်ဓားသမားလုံကျန်းက ပခုံးတွန့်လိုက်ပြီး...

"ခင်ဗျားတို့ကကော ဝက်ပါတောင်ဒေသမှာ တိတ်တဆိတ် လှုပ်ရှားနေတာ ဘာသဘောလဲ၊ မကောင်းမှုတွေ ပြုလုပ်ချင်လို့ မဟုတ်လား၊ ပြောစမ်း၊ ခင်ဗျားတို့အဖွဲ့က ဘာလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လှုပ်ရှားနေတာလဲ"

"ဟား...ဟား...ဟား"

ဟာသပျက်လုံးစကား ကြားလိုက်ရသလို ဝတ်စုံနက်အဘိုးအိုက သဘောကျစွာပင် ရယ်မောလိုက်၏။

လုံကျန်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာရယ်တာလဲ"

အဘိုးအိုက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"မင်းရဲ့စကားကို သဘောကျလို့ပါ"

"ဘာဗျ"

လုံကျန်း ဒေါသထွက်သွားသည်။

အဘိုးအိုအား စိုက်ကြည့်ယင်း...

"ကျုပ်မေးတာ မဖြေယင် ခင်ဗျားကိုသတ်ပစ်မယ်"

အဘိုးအို ပခုံးတွန့်လိုက်၏။

"ကြောက်စရာပါလား"

ပါးစပ်မှသာ ပြောနေသော်လည်း သူ့အသွင်မှာ ကြောက်လန့်ပုံ တစ်စက်ကလေးမျှ မရှိချေ။

လုံကျန်း အံကြိတ်လိုက်သည်။

"ခင်ဗျားဟာ ဝက်ပါတောင်တစ်ဝိုက် လှုပ်ရှားနေတဲ့အဖွဲ့က အရေးပါသူတစ်ယောက်ပဲ မဟုတ်လား"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ခင်ဗျားက ဘယ်လိုအဆင့်ရာထူးမျိုးရထားသလဲ"

အဘိုးအိုက အသာပြုံးကာ ခပ်ပေါ့ပေါ့ပြောလိုက်၏။

"ကျုပ်ရဲ့အဆင့်က သစ္စာဖောက်တွေ၊ သူလျှိုတွေ၊ အဖွဲ့ကို ဖုံစမ်းနှောင့်ယှက်ဖို့ ကြိုးစားသူတွေ အားလုံးကို သုတ်သင်ရှင်းလင်းတဲ့အဖွဲ့ကို ဦးဆောင်သူပေါ့"

"ခင်ဗျားတို့အဖွဲ့က ကောင်းတဲ့ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတာတော့ မဖြစ်နိုင်ဘူး၊ ပြောစမ်း၊ အဖွဲ့နာမည် ဘယ်လို ခေါ်လဲ၊ အင်အားဘယ်လောက်ရှိလဲ"

အဘိုးအိုက သူ့အားစေ့စေ့ကြည့်ကာ...



"မင်းတို့က ဒါတွေကို သိချင်လို့ သူလျှိုတွေစေလွှတ်ခဲ့တာ ပေါ့ဟုတ်လား"

"ဟုတ်တယ်"

"ကောင်းတယ်..သိပ်ကောင်းတယ်၊ မင်းက ကျုပ်ကိုနိုင်ယင် ကျုပ်ပြောပြမယ်၊ အကယ်၍ရှုံးသွားယင်တော့ မင်းတို့ ဘယ်အဖွဲ့အစည်းကလဲ ဘာကြောင့် တကူးတက လာစုံစမ်းရသလဲဆိုတာ ပြောရမယ်"

လုံကျန်း မဲ့လိုက်၏။

"ကျုပ်တို့က အဖြေမရှိဘူး၊ အမေးပဲရှိတယ်"

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"မင်းက ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့လူပဲ၊ ကျုပ်က မင်းနဲ့ စကားမပြောချင်တော့ဘူး"

စကားဆုံးလျှင် တောင်ဝှေးဖြင့် ဆတ်ခနဲ ထိုးချလိုက်၏။

တောင်ဝှေးထိပ်ဖျားတွင် သံစူးချွန်လေးတစ်ခု ထွက်ပေါ်လာပြီး လုံကျန်းထံ တိုးဝင်သွားသည်။

လုံကျန်းက ဓားခွဲထုတ်ကာ ခုတ်ချလိုက်၏။

ယင်းခဏမှာပင် အဘိုးအို၏လက်ငါးချောင်းက တောင်ဝှေးထက်ဦးစွာ လုံကျန်း၏လည်မျိုအား ကုတ်ဆွဲချလိုက်သည်။

လုံကျန်း၏ဓား မကျရောက်မီမှာပင် အဘိုးအို၏လက်ငါးချောင်းက သူ၏လည်မျိုသို့ ကျရောက်သွားတော့သည်။

"ဝုန်း"

လုံကျန်းမှာ အသံပင်မထွက်နိုင်ပါ။

လက်ထဲမှဓား လွတ်ကျသွားပြီး မြေပေါ်လဲကျသွားတော့သည်။

* * *

"ဟာ"

လုံကျန်း၏အဖြစ်ကြောင့် ရီကျောင်း အထိတ်တလန့် ဖြစ်သွားသည်။

အဘိုးအိုကိုလည်း မျက်လုံးပြူးကာ ကြည့်လိုက်မိသည်။

စိန်ကြူး အဘယ်ကြောင့် ကြောက်ရွံ့ထိတ်လန့်နေမှန်းကိုလည်း သူက သဘောပေါက်လိုက်မိပြီဖြစ်သည်။

အဘိုးအိုက လုံကျန်းအား တစ်စက်ကလေးမှပင် မကြည့်တော့ဘဲ ဘာမှမဖြစ်သည့် ဟန်မူရာဖြင့် ရီကျောင်းအား ပြုံးပြလိုက်သည်။

ရီကျောင်းမှာ ရင်ထဲ၌ ကျောက်ခဲများ ဆွဲထားရသည့်အလား လေးလံလာမိသည်။

စိန်ကြူးကား ဆိုဖွယ်ရာမရှိတော့ချေ။

အဘိုးအိုက လေသံအေးအေးဖြင့်...

"စောစောက ကျုပ်သိချင်တဲ့ မေးခွန်းကို ဖြေနိုင်မလား"

ရီကျောင်းက တုတ်တုတ်မျှပင် မလှုပ်ချေ။

အဘိုးအို သက်ပြင်းချလိုက်သည်။

"မင်းတို့ ဘယ်အဖွဲ့အစည်းကလဲ၊ ဘယ်သူက ဘာရည်ရွယ်ချက်နဲ့လွှတ်လိုက်သလဲ၊ ပြီးတော့ ကျန်ရှိနေသေးတဲ့ သူလျှိုတွေက ဘယ်သူလဲ၊ မင်းတို့ နှစ်ယောက်ထဲက အဖြေပေးနိုင်တဲ့လူကို ကျုပ်က ချမ်းသာပေးလိုက်ပါ့မယ်"



ရီကျောင်း အံတင်းတင်းကြိတ်လိုက်၏။

"ကျုပ်တို့က အသက်သာအသေခံမယ်၊ ဘယ်တော့မှထုတ်ဖော်မပြောဘူးဆိုတာ မှတ်ထား"

စကားဆုံးလျှင် အဘိုးအိုထံ ခုန်ဝင်သွား၏။

သူ၏လက်ဝါးနှစ်ဘက်သည် အဘိုးအိုထံ အဆင်မပြတ်ရိုက်ချလိုက်လေသည်။

အဘိုးအိုက လက်တစ်ဘက်ဆန့်ထုတ်လိုက်လျှင်...

"ဝုန်း"

ရီကျောင်းမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

ရီကျောင်းက နှုတ်ခမ်းထောင့်မှ စီးကျလာသောသွေးများကို လက်ခုံဖြင့်သုတ်လိုက်၏။

"စိန်ကြူး...ပြေးတော့"

စိန်ကြူးအား လှမ်းပြောယင်း ညာသံပေးကာ ခုန်ဝင်လာပြန်သည်။

သူ၏တိုက်ခိုက်မှုမှာ အလွန်ပင်လျင်မြန်လှပြီး ပြင်းထန်လွန်းလှသည်။

သူက အဘိုးအိုအား မယှဉ်နိုင်မှန်းသိလျှင် သူသေကိုယ်သေတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

အဘိုးအို၏မျက်နှာ တင်းမာခက်ထန်သွားသည်။

“မင်းတို့က မပြောလည်း ကျုပ်ဘာသာ စုံစမ်းနိုင်တယ်ဆိုတာမှတ်ထား”

မကျေမချမ်း ရေရွတ်ယင်း ရီကျောင်း၏ တိုက်ခိုက်မှုကို ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ရှောင်ပေးလိုက်သည်။

တဆက်တည်းပင် သံချွန်ပါသော တောင်ဝှေးဖြင့် လျှပ်တပြက်ထိုးသွင်းလိုက်လေသည်။

သူ၏တိုက်ခိုက်မှုအား အဘိုးအိုက အလွယ်တကူ ရှောင်ထွက်သွားနိုင်ခဲ့သော်လည်း အဘိုးအို၏ တိုက်ခိုက်မှုကိုကား ရီကျောင်း မရှောင်တိမ်းနိုင်တော့ချေ။

အဘိုးအို ဆန့်ထုတ်လိုက်သော တောင်ဝှေးထိပ်ဖျားမှ သံချွန်သည် ရီကျောင်း၏နှလုံးသားတည့်တည့်သို့ ထိုးစိုက်မိသွားတော့သည်။

ရီကျောင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ထို့နောက် အသံပင်မထွက်နိုင်ဘဲ တစ်ကိုယ်လုံး ပျော့ခွေကျသွားတော့သည်။

ကြောင်အမ်းအမ်းဖြစ်နေသော စိန်ကြူးမှာ ယခုမှပင် သတိဝင်လာတော့သည်။

သူမက တဟုန်ထိုးပင် ထွက်ပြေးသွားလေသည်။

သို့သော် ဝေးဝေးမပြေးလိုက်ရပါ။

အဘိုးအို၏လက်ထဲမှ အရာဝတ္ထုတစ်ခု ပြေးထွက်လာပြီးနောက်...



“အမယ်လေး”

စိန်ကြူး လွတ်ခနဲ အော်ဟစ်ယင်း လဲကျသွားလေသည်။

အဘိုးအိုက စိန်ကြူးအနီးသို့ လျှောက်လှမ်းသွားရန် ပြင်လိုက်၏။

ရုတ်တရက် သူ၏ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားကာ သစ်ပင်များကြားဆီသို့ ရိပ်ခနဲ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

* * *

## လိုက်လေဝေးလေ

လမ်းကလေးပေါ်တွင် သက်မဲ့လူသားသုံးဦး လဲလျောင်းနေသည်မှအပ မည်သည့်ထူးခြားချက်မျှ ရှိမနေပါ။

ဝတ်စုံနက်အဘိုးအိုသည် အဘယ်ကြောင့် ထွက်သွားရပါသနည်း။

ရုတ်တရက်...

"ဟူး...ဟူး"

အဝတ်အစားလေတိုးသံနှင့်အတူ လူရိပ်နှစ်ခုသည် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်ရှိလာ၏။

ဟန်စင်းနှင့်ယွင်ကူးတို့ပင် ဖြစ်လေသည်။



ဟန်စင်းသည် လဲကျနေသူများကိုမြင်လျှင် တအံ့တသြဖြစ်သွားမိသည်။

"ဒီမှာ တိုက်ပွဲဖြစ်ခဲ့တာပါလား"

သူက ရှီကျောင်းနှင့်လုံကျန်းတို့၏ မျက်နှာအား သဲကွဲစွာမြင်ရလျှင် အလွန်ပင် တုန်လှုပ်သွားမိလေသည်။

အခြေအနေ အကဲခတ်ကြည့်နေသော ယွင်ကူးက ပင့်သက်ရှိုက်ယင်း...

"သူတို့ကလည်း နာမည်ကျော် အဖြူရောင်သိုင်းသမားတွေပဲ ဟုတ်လား"

ဟန်စင်း အဖြေမပေးနိုင်အားပါ။

ဒဏ်ရာများကို အလျင်အမြန် စစ်ဆေးကြည့်လိုက်၏။

ရန်သူသည် ချက်ကောင်းအား တစ်ကွက်တည်းဖြင့် မိမိရရ အသုံးပြုတိုက်ခိုက်သွားကြောင်း သိရလျှင် ခေါင်းတွင်တွင်ခါယမ်းလိုက်မိလေသည်။

"ဒီလိုရက်စက်ပြီး သိုင်းပညာကြောက်စရာကောင်းတဲ့လူဟာ ဘယ်သူလဲ၊ ဒီလိုလူစားမျိုး ဝက်ပါတောင်ပတ်ဝန်းကျင်မှာ ရှိနေတာ အတော်ထူးဆန်းတယ်၊ ငါ့ကို တိုက်ခိုက်သွားတဲ့ ဝတ်စုံနက်အဘိုးအိုပဲလား"

ဦးခေါင်းထဲ တွေးတောစဉ်းစားစရာများ တစ်ပုံတစ်ပင်ထွက်ပေါ်လာသည်။

သူက ယွင်ကူးအားကြည့်ကာ...

"သူတို့က ကျန်းနန်ဒေသမှာ ကျော်ကြားတဲ့ဓားသမားလုံ

ကျန်းနဲ့ ဝတ်စုံနီသိုင်းသမားရိုကျောင်းတို့ပဲ"

"သြော်"

ယွင်ကူးမှာ သိုင်းလောကဗဟုသုတ နည်းသူမို့ သူတို့၏ အမည်များအား မသိပါ။

ထို့ကြောင့် 'သြော်' တစ်လုံးတည်းသာ ရေရွတ်လိုက်မိသည်။

သူမက မလှမ်းမကမ်းရှိ လဲကျနေသော မိန်းကလေးထံ လျှောက်သွားလိုက်သည်။

မမျှော်လင့်ဘဲ စိန်ကြူးဖြစ်နေကြောင်း တွေ့လိုက်ရလျှင်..

"ဟင်"

အထိတ်တလန့် ရေရွတ်လိုက်မိသည်။

"ဘာဖြစ်တာလဲ ညီမ"

ဟန်စင်းက မေးယင်းရောက်လာသည်။

ရုတ်တရက် စိန်ကြူးအားမြင်လျှင် မျက်လုံးပြူးကျယ်သွားလေသည်။

"စိန်ကြူး"

နှုတ်မှလည်း လွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။

"သူ ဘယ်လိုကြောင့် သေဆုံးသွားရတာလဲ"

"ညီမ သူ့ကိုစစ်ဆေးကြည့်လိုက်ပါဦး"

ယွင်ကူးက စိန်ကြူး၏အလောင်းအား စစ်ဆေးကြည့်လိုက်သည်။

မည်သည့်ဒဏ်ရာဒဏ်ချက်မျှ မတွေ့ရချေ။



ဟန်စင်းက သူတွေးမိသည်ကို ပြောလိုက်၏။

"စိန်ကြူးရဲ့နောက်စေ့ကို စစ်ဆေးကြည့်ပါဦး"

ယွင်ကူးက ဟန်စင်းပြောသည့်အတိုင်း စစ်ဆေးကြည့်လိုက်သည်။

ယွင်ကူးက မျက်နှာလေးရှုံ့မဲ့သွားသည်။

ဟန်စင်း မျက်မှောင်ကုပ်သွားသည်။

သူ ယူဆထားသည့်အတိုင်း ဖြစ်လာတော့မည်ထင်သည်။

"ဘာထူးခြားလဲ ညီမ"

"သွေးတွေ"

ဟန်စင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"အစ်ကိုထင်တဲ့အတိုင်းပဲ၊ ခရေပွင့်လက်နက်ပုန်းနဲ့ တိုက်ခိုက်သွားတာပဲ၊ စောစောကတွေ့ခဲ့ရတဲ့ ခရမ်းရောင် ဝတ်စုံဟာလည်း စိန်ကြူးရဲ့အကျီပဲဖြစ်ရမယ်"

ယွင်ကူးက ရိုကျောင်းတို့အား ညွှန်ပြယင်း...

"သူတို့နှစ်ယောက်ကရော ဘယ်လိုဖြစ်လို့ သေဆုံးနေတာလဲ"

ဟန်စင်း အဖြေမပေးနိုင်ဘဲ အတန်ကြာအောင်ပင် တွေးတောစဉ်းစားနေလိုက်၏။

ယွင်ကူးက အသာငြိမ်နေကာ အကဲခတ်ကြည့်နေ၏။

အတော်ကလေးကြာမှ ဟန်စင်းက စကားစလာသည်။

"အစ်ကိုတွေးမိသလောက်ဆိုယင် လူတစ်စုကစိန်ကြူးနောက် လိုက်တယ်၊ ဝူးညီနောင်နဲ့ရိုကျောင်းတို့က စိန်ကြူးကို ကယ်

ဖို့ ကြိုးစားတယ်၊ စိန်ကြူးကို ရှင်းပစ်ဖို့ကြိုးစားသူဟာ သူတို့အဖွဲ့ရဲ့လျှို့ဝှက်ချက် မပေါက်ကြားစေချင်လို့ပဲဖြစ်မယ်၊ တစ်ခါ ဂူးညီနောင်တို့ဘက်က စိန်ကြူးကို အကာအကွယ်ပေးတာဟာ သူ့လျှို့ အဖြစ် လွှတ်ထားတဲ့ စိန်ကြူးဆီက သတင်းကိုလိုချင်လို့ပဲဖြစ်မယ်"

ယွင်ကူး မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် စိန်ကြူးကို သတ်လိုသူတွေကတစ်ဖွဲ့ ဂူးညီနောင်တို့ကတစ်ဖွဲ့ နှစ်ဖွဲ့ဖြစ်နေတာပေါ့နော်"

ဟန်စင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ စိန်ကြူးကို သတ်ဖို့ကြိုးစားတဲ့အဖွဲ့ဟာ ဝက်ပါတောင်မှာ တိတ်တဆိတ်လှုပ်ရှားနေတဲ့ အဖွဲ့ဖြစ်နိုင်တယ်"

"ဒါဖြင့် အဲဒီအဖွဲ့ကလူတွေဟာ အတော်ကြောက်ဖို့ကောင်းမယ်ထင်တယ်"

"သိပ်သေချာတာပေါ့၊ သူတို့ဆီမှာ လျှို့ဝှက်သိုင်းပညာရှင်တွေရှိနေနိုင်တယ်၊ အစ်ကို့ကို တိုက်ခိုက်ခဲ့တဲ့အဘိုးအိုကလည်း အဲဒီအဖွဲ့ကလူဖြစ်ဖို့များတယ်"

ယွင်ကူးက လဲကျနေသော စိန်ကြူးအားကြည့်လိုက်ပြီး…

"သူတို့ကိုကော ဝတ်စုံနက်အဘိုးအိုကပဲ လုပ်ကြံသွားတာများလား"

"ဖြစ်နိုင်ချေများတယ်၊ အခြားလျှို့ဝှက်သိုင်းသမားတစ်ဦးလည်းဖြစ်နိုင်တယ်"

"အခြားလူဆိုယင်လည်း ခရေပွင့်လက်နက်ပုန်း အသုံးပြုခဲ့တဲ့အတွက် သွေးသခင်မနဲ့ ပတ်သက်ဆက်နွယ်သူပဲပေါ့နော်"



ဟန်စင်းက ဦးခေါင်းကို ခပ်လေးလေးပင် ညိတ်ပြလိုက်၏။

"ဘာပဲဖြစ်ဖြစ် ဝက်ပါတောင်ရဲ့သာယာလှပမှုကို အရုပ်ဆိုးအကျည်းတန်အောင် လုပ်မယ့်အဖွဲ့တစ်ဖွဲ့ ရှိနေတာတော့ ထင်ရှားနေပြီ၊ သူတို့ဟာ သိုင်းလောကနဲ့ မပတ်သက်ဘဲ လူသိမခံချင်လို့ လျှို့ဝှက်နေထိုင်တာလား၊ ဒါမှမဟုတ် အကြံအစည်တစ်ခုခုကြောင့် အခြေတည်လှုပ်ရှားနေတာလားဆိုတာ သံသယရှိစရာပဲ"

"ဘာပဲဖြစ်ဖြစ် ဒီနေ့ကြုံရတာတွေကတော့ အတော်လေးထူးဆန်းဖို့ ကောင်းနေတယ်"

ဟန်စင်း သက်ပြင်းချလိုက်၏။

"လောကမှာ လျှို့ဝှက်ချက်ဆိုတာ ကြာရှည်မတည်မြဲတတ်ကြပါဘူး၊ တစ်နေ့တော့ အဖြစ်မှန် ပေါ်လာမှာပဲပေါ့၊ လောလောဆယ်တော့ သိုင်းလောကရဲ့ ကျင့်ဝတ်ဖြစ်တဲ့ သိုင်းလောကသားတစ်ယောက်ရဲ့အလောင်းကိုတွေ့ယင် ကောင်းစွာမြှုပ်နှံသင်္ဂြိုလ်ပေးရမယ်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လုပ်ကြဖို့ပဲရှိတော့တယ်၊ စိန်ကြူးအပါအဝင် လုံကျန်းတို့ဟာ သိုင်းလောကသားတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"ဒါဖြင့် အစ်ကိုမြေကျင်းတူးလိုက်မယ်"

ဟန်စင်းက ပြောယင်း လမ်းဘေးတစ်ဘက် အနည်းငယ်ကျယ်သောမြေနေရာတွင် လုံကျန်း၏ဓားကို အသုံးပြုပြီး မြေကျင်းတူးလိုက်လေသည်။

မြေကျင်းသုံးခု ဖြစ်ပေါ်လာလျှင် ဟန်စင်း၏တစ်ကိုယ်လုံးလည်း ချွေးပြိုက်ပြိုက်ကျနေတော့သည်။

သူတို့သည် စိန်ကြူးတို့သုံးယောက်အား ကောင်းမွန်စွာ မြှုပ်နှံပေးပြီးနောက် ဂူးညီနောင်အား သတိရကာ နောက်ကြောင်းပြန်လှည့်ကာ မြေကျင်းတူး၍ မြှုပ်နှံပေးလိုက်ကြသည်။

ထိုက်ယန်မြို့ထဲ ပြန်ရောက်လာသောအချိန်တွင် အရုဏ်တက်လုနီးဖြစ်နေသည်။

နှစ်ယောက်သား လမ်းထောင့်တစ်နေရာမှာ လူချင်းခွဲလိုက်ကြသည်။

ယနေ့ညအဖို့ ယွင်ကူး၏မိခင်နှင့်တွေ့ရန် ချယ်ရီဂေဟာသို့ ဟန်စင်းတစ်ယောက် မလိုက်ဖြစ်တော့ပေ။

* * *



## သခင်လေး

နေခြည်ဖြာကျနေသည်။

နေရောင်ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ထိုက်ယန်မြို့မှာစည်ကား သက်ဝင်လာလေသည်။

မင်းလမ်းမကြီးတလျှောက် ဥဒဟိုသွားလာနေကြသူများဖြင့် စည်ကားနေသည်။

အသက်လေးဆယ်ခန့်ရှိပြီး သူဌေးတစ်ဦးအသွင် ရှိသူသည် မြို့အရှေ့ဘက်ရှိ ဘုံကျောင်းဆီသို့ ဦးတည်သွားနေသည်။

မြို့အရှေ့ဘက်ဘုံကျောင်းကား စောသေး၍လား မပြောတတ်။

ဝတ်ပြုသူ တစ်ယောက်မျှပင် မရှိသေးချေ။

သူဌေးနှင့်တူသူက ဘုံကျောင်းဆီသို့ ဝင်ရောက်လာပြီး ဝတ်ပြုကန်တော့လိုက်သည်။

ထိုစဉ် ဗေဒင်ဆရာတစ်ဦးမှာ သူ၏အနီးသို့ရောက်ရှိလာလေသည်။

သူဌေးနှင့်တူသူအား ပြုံးပြယင်း...

"မိတ်ဆွေ ဗေဒင်မေးမလားဗျာ"

ချိုသာသောလေသံဖြင့် မေးလိုက်၏။

သူဌေးနှင့်တူသူက ပြန်လည်ပြုံးပြလိုက်၏။

"ကျုပ်မေးတာ ခင်ဗျားဖြေနိုင်ပါ့မလား"

ဗေဒင်ဆရာ ရင်ကော့လိုက်၏။

"မေးသာမေးပါ၊ ကျုပ်မသိတာ ဘာမှမရှိဘူး"

သူဌေးနှင့်တူသူ၏မျက်နှာ တည်သွားသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ကိုးဂဏန်းနဲ့ပတ်သက်ပြီး သိချင်တာပါ"

ဗေဒင်ဆရာ၏မျက်နှာ ဝင်းလက်သွားသည်။

သူဌေးနှင့်တူသူအား စေ့စေ့ကြည့်ကာ..

"ခင်ဗျားက ကိုးဆိုတဲ့ ကိန်းဂဏန်းကို စိတ်ဝင်စားသူတစ်ယောက်ကိုး"

"ဟုတ်ပါတယ်"

ဗေဒင်ဆရာက ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးနောက် လေသံတိုးတိုးဖြင့်...



"ဘုံကျောင်းစောင့်အိမ်မှာ ရှိတယ်"

သူဌေးနှင့်တူသူက ခေါင်းတစ်ချက်ညိတ်လိုက်၏။

ငွေတုံးတစ်တုံး ထုတ်ပေးကာ...

"ခင်ဗျား ဘယ်မှာရှိမလဲ"

ဗေဒင်ဆရာ ပြုံးလိုက်သည်။

"ကျုပ်က ဗေဒင်ဆရာပဲ လူလာလာ မလာလာ စောင့်မျှော်ရမှာ ကျုပ်အလုပ်ပဲ၊ ကျုပ် ဒီမှာပဲရှိတယ်"

သူဌေးနှင့်တူသူက ဘာမျှမပြောတော့ဘဲ ဘုံကျောင်းအနောက်ဘက်သို့ လျှောက်သွားသည်။

ဗေဒင်ဆရာမှာလည်း ဘုံကျောင်းဝဒ္ဓထိုင်ကာ ဗေဒင်လာမေးမည့်သူအား စောင့်မျှော်နေလေတော့သည်။

* * *

ဘုံကျောင်းစောင့်သည် ဘုံကျောင်းအနောက်ဘက် သစ်လုံးအိမ်ကလေးအတွင်း၌ နေထိုင်သည်။

ဘုံကျောင်းစောင့်မှာ အဘိုးအိုတစ်ဦးဖြစ်ကာ တရားဓမ္မမွေ့လျော်သော တစ်ကိုယ်ရည်တကာယသမားလည်း ဖြစ်သည်။

သူဌေးနှင့်တူသူက သစ်လုံးအိမ်ကလေးဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့သည်။

သစ်လုံးအိမ်တံခါးမှာ ပိတ်ထားသောကြောင့် တံခါးခေါက်ရန်လက်ရွယ်လိုက်၏။

ယင်းအခိုက်မှာပင်...

"တံခါးစေ့ထားတယ် ဝင်ခဲ့ပါ"

အတွင်းမှ ကြည်လင်ပြတ်သားသော စကားသံ တစ်ချက်ထွက်ပေါ်လာသည်။

သူဌေးနှင့်တူသူ၏မျက်နှာပေါ်တွင် အုံ့ညှိုသော အရိပ်အယောင်များနှင့်အတူ လေးစားကြည်ညိုသော အရိပ်အယောင်များလည်း ပေါ်ထွက်လာလေသည်။

သူက တံခါးအား အသာတွန်းဖွင့်ကာ ဝင်သွားပြီး တံခါးကိုအသာပြန်ပိတ်လိုက်လေသည်။

* * *



အခန်းမှာ ကျဉ်းသည်ဟုမဆိုသာသလို ကျယ်ဝန်းသည်ဟုလည်း မဆိုနိုင်ပါ။

လူတစ်ယောက် နေထိုင်ရန်အတွက်မူ ကောင်းစွာ ကျယ်ဝန်းလေသည်။

အခန်းမှာ သပ်သပ်ရပ်ရပ်ရှိလှသည်။

ဝင်ပေါက်၏ဝဲဘက်အခြမ်းတွင် စားပွဲတစ်လုံးရှိပြီး ခုံနှစ်လုံးစီချထားသည်။

ဝင်ပေါက်အား ကျောခိုင်းထားသော ထိုင်ခုံပေါ်တွင် လူတစ်ယောက်ရှိနေသည်။

သူဌေးနှင့်တူသူက ချက်ချင်းပင် ဦးညွှတ်ဂါရဝပြုလိုက်၏။

"သခင်လေးကို ဂါရဝပြုပါတယ်"

အခန်းတွင်း၌ ထိုင်နေသူကား ဘုံကျောင်းစောင့်အဘိုးအိုမဟုတ်ပါ။

အဖိုးတန် ပိုးဖဲအင်္ကျီဝတ်ဆင်ထားသော လူရွယ်တစ်ဦးပင်ဖြစ်သည်။

သခင်လေးဆိုသူက လက်ဝှေ့ယမ်းပြလိုက်၏။

"ထိုင်ပါ"

သူဌေးနှင့်တူသူက လူရွယ်၏ရှေ့တွင် ဝင်ထိုင်လိုက်သည်။

လူရွယ်၏မျက်နှာအား စေ့စေ့ကြည့်မိလျှင် သူဌေးနှင့်တူသူအံ့အားသင့်သွားသည်။

"သခင်လေးဘယ်လို.."

သူ၏စကားမဆုံးမီ သခင်လေးက လက်ကာပြလိုက်၏။

“ဝမ်းရယ်..အရေးကြီးတာ ပြောကြစို့”

“ဟုတ်...ဟုတ်ကဲ့”

ဝမ်းရယ်ဆိုသော သူဌေးနှင့်တူသူက ချက်ချင်းပင် အမူအရာပြောင်းသွားသည်။

“သခင်လေး ထွက်သွားပြီးကတည်းက လုံးဝပေါ်မလာတော့ ကျုပ်တို့အားလုံး စိုးရိမ်နေကြတယ်၊ သခင်လေးပြန်လာယင် ကောင်းမယ် ထင်တယ်”

သခင်လေး သက်ပြင်းချလိုက်၏။

“ကျုပ်က ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုတည်းကို ဦးစားပေးပြီး ထွက်လာတာ မဟုတ်ဘူးဆိုတာ ခင်ဗျားသိပါတယ်”

ဝမ်းရယ် ခေါင်းညိတ်လိုက်သည်။

“ကျွန်တော် သိပါတယ် သခင်လေး၊ အခု ဂိုဏ်းထဲမှာလည်း စိတ်ဝမ်းကွဲစရာဖြစ်မယ့် ကိစ္စလေးတွေ ရှိနေလို့ပါ”

သခင်လေး မျက်မှောင်ကုပ်သွားသည်။

“ဘယ်လိုကိစ္စတွေ ဖြစ်ပေါ်နေလို့လဲ”

ဝမ်းရယ်၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

“ခေါင်းဆောင်ကြီး လုပ်ကြံခံရပြီးနောက်ပိုင်းမှာ ကိုးနဝင်းအမိန့်ကြေးပြားဟာလည်း ပျောက်ဆုံးသွားခဲ့တယ်”

သခင်လေးဆိုသူမှာကား အခြားသူ မဟုတ်ပါ။

ကိုးနဝင်းဂိုဏ်းချုပ်၏သား ကောင်းယံ့ပင်ဖြစ်လေသည်။

ကောင်းယံ့သည် ယက္ခဂိုဏ်းချုပ်မာထုံးနောက် သဲကြီးမဲကြီးလိုက်နေသူဖြစ်သည်။



ယခု ကောင်းယံ့သည် အဘယ်ကြောင့် ဤမြို့သို့ရောက်ရှိနေပါသနည်း။

ကောင်းယံ့သာ ပြောနိုင်ပါလိမ့်မည်။

ကောင်းယံ့ ခေါင်းညိတ်လိုက်သည်။

“ဒါကို ကျုပ်သိထားပါတယ်၊ အခု ပြဿနာဟာ ဒီအမိန့်ကြေးပြားနဲ့ သက်ဆိုင်နေလို့လား”

ဝမ်းရယ် ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့ လုံးဝကို ပတ်သက်နေပါတယ်”

“ကောင်းပြီ..ပြောပါဦး”

ဝမ်းရယ် ချောင်းတစ်ချက်ဟန့်ကာ ပြောလာသည်။

“ကိုးနဝင်းအမိန့် ကြေးပြားဟာ ခေါင်းဆောင်ကြီးလက်ထက်မှာ ပျောက်ဆုံးသွားခဲ့တာပါ။ သူသေဆုံးသွားတော့ ခေါင်းဆောင်အဖြစ် ဆက်ခံမယ့်လူအတွက် အခက်တွေ့စေပါတယ်၊ တရားမျှတပြီး သိုင်းပညာတော်တဲ့ မည်သည့်အဖြူရောင်သိုင်းသမားမဆို ကိုးနဝင်းအမိန့်ကြေးပြားလက်ဝယ်ရှိယင် ခေါင်းဆောင်နေရာကို ဆက်ခံခွင့်ရှိတဲ့စည်းကမ်းချက်ကို ချမှတ်ထားပါတယ်”

ကောင်းယံ့ ပင့်သက်ရှိုက်လိုက်၏။

“ဖေဖေရှိစဉ်က ခရီးထွက်ယင်းနဲ့ ပျောက်ဆုံးသွားခဲ့တယ်ဆိုတာပဲ သိတယ်၊ ဘယ်လို ပျောက်ဆုံးသွားလဲ၊ ဘယ်နေရာမှာ ပျောက်သွားလဲဆိုတာ မသိခဲ့ရဘူး၊ အဲဒီတုန်းက ဖေဖေနဲ့အတူ ခရီးထွက်တုန်းက ဝမ်းရယ်ကိုယ်တိုင်ပါတယ် မဟုတ်လား”

“ဟုတ်ပါတယ် သခင်လေး”

ဝမ်းရယ်သည် ကိုးနဝင်းဂိုဏ်း၏ စည်းကမ်းထိန်းသိမ်းရေမှူးပင်ဖြစ်လေသည်။

"ကောင်းပြီ၊ ဘယ်လိုပျောက်ဆုံးသွားခဲ့ရတယ်ဆိုတာ မှတ်မိသလောက်ပြောပါဦး"

ဝမ်းရယ် အံ့သြသွားသည်။

"သခင်လေးက ဒီအကြောင်းတွေ မသိဘူးလား"

ကောင်းယုံ မချိပြုံးပြုံးလိုက်သည်။

"ဖေဖေက သူ့ရဲ့ပေါ့လျော့မှုကြောင့်ဆိုပြီး စိတ်ထိခိုက်နေတာ ကျွန်တော်မေးပေမယ့် မပြောပြခဲ့ဘူး"

ဝမ်းရယ် ခေါင်းညိတ်လိုက်၏။

"ဒီလိုဆို ကျုပ်ပြောပြပါ့မယ်"

ကောင်းယုံ နားစွင့်လိုက်သည်။

ဝမ်းရယ်က အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာယင်း...

"သခင်လေး ဆယ်နှစ်သားအရွယ်လောက်မှာ ခေါင်းဆောင်ကြီးဟာ နယ်ခြားဘီလူးနဲ့ယှဉ်ပြိုင်ဖို့ ခရီးထွက်ခဲ့ပါတယ်၊ ခေါင်းဆောင်ကြီးနဲ့အတူ ကျုပ်ရယ်၊ ကျင်းရွှေရယ်၊ ကြေးနီစားငါးဖော်ရယ် လိုက်ပါခဲ့တယ်"

ကောင်းယုံ မျက်မှောင်ကုပ်သွားသည်။

"ကျင်းရွှေ...သံမဏိလက်လို့ နာမည်ကျော်ကြားနေတဲ့လူ မဟုတ်လား"

ဝမ်းရယ် ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်၊ ကျင်းရွှေဟာ နန်းတွင်းမှာ အလွန်ထင်ရှားခဲ့တဲ့ အာဏာသားသိုင်းသမားတစ်ယောက်ပါ၊ မင်းမှုထမ်းဘဝက အနားယူပြီးတဲ့နောက်မှာ ခေါင်းဆောင်ကြီးနဲ့ပူးပေါင်းပြီး သိုင်းလောကအကျိုးဆောင်ရွက်ခဲ့သူပါ"

ကောင်းယုံ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လိုက်၏။

ဝမ်းရယ်က ဆက်ပြောလိုက်သည်။

"ကိုးနဝင်းဂိုဏ်းကို စိန်ခေါ်ခဲ့လို့ နယ်ခြားဘီလူးနဲ့သွားရောက်ယှဉ်ပြိုင်ခဲ့တာပါ၊ ဒါပေမယ့် ခေါင်းဆောင်ကြီးပဲ အနိုင်ရခဲ့ပါတယ်၊ အပြန်ခရီးမှာ ယက္ခဂိုဏ်းရဲ့နှောင့်ယှက် တိုက်ခိုက်မှုကို ခံခဲ့ရတယ်၊ အောင်မြင်စွာ တွန်းလှန်နိုင်ပေမယ့် ကြေးနီစားငါးဖော်ထဲက အမှတ်ငါးသေဆုံးသွားခဲ့ရတယ်၊ ဒီလိုနဲ့ ကျင်းလန်းဒေသကို ဖြတ်တော့ ထူးဆန်းတဲ့သိုင်းသမားတချို့နဲ့ ရင်ဆိုင်ခဲ့ရပြန်တယ်"

"နေစမ်းပါဦး ဘာကြောင့် ရန်သူတွေက ဒီလောက်တောင် တိုက်ခိုက်ချင်ရတာလဲ"

ကောင်းယုံက ဖြတ်မေးလိုက်၏။

ဝမ်းရယ်က သူ့အားတစ်ချက်ကြည့်ပြီး...

"ကိုးနဝင်းအမိန့်ကြေးပြားကို လိုချင်လို့ပေါ့"

ကောင်းယုံ မျက်မှောင်ကုပ်သွားသည်။

"အနက်ရောင်သိုင်းသမားတွေလက်ထဲ အမိန့်ကြေးပြားရောက်သွားယင် ဘယ်လိုဖြစ်မလဲ၊ ခေါင်းဆောင်နေရာ ပေးမှာလား"

"အနက်ရောင်သိုင်းသမားဖြစ်တဲ့အတွက် ကိုးနဝင်းဂိုဏ်းချုပ်နေရာကို မရနိုင်ပါဘူး၊ ဒါပေမယ့် အမိန့်ကြေးပြားသာ သူတို့

ချုပ်ကိုင်ထားနိုင်တဲ့ အဖြူရောင်သိုင်းသမားရဲ့လက်ထဲ ရောက်သွားယင်တော့ မတွေးဝံ့စရာပဲ"

ကောင်းယုံ ခေါင်းညိတ်လိုက်၏။

"ကျုပ် သဘောပေါက်ပြီ၊ ခေါင်းဆောင်နေရာကို အနက်ရောင်သိုင်းသမားမှန်သမျှ ဆက်ခံခွင့်မရှိပေမယ့် သူတို့ချုပ်ကိုင်မယ့် အဖြူရောင်သိုင်းသမားလက်ထဲ ကြေးပြားရောက်သွားယင်တော့ ဘာမှမတတ်နိုင်တော့ဘူး ဟုတ်လား"

"ဟုတ်ပါတယ်"

"ကောင်းပြီ...ဆက်ပြောပါဦး"

ဝမ်းရယ်က အဖြစ်အပျက်ကို ဆက်ပြောလာသည်။

"ကျင်းလန်းဒေသက ထွက်ပေါ်လာတဲ့ သိုင်းသမားတွေက အတော်လေးထူးဆန်းပြီး ကြောက်စရာကောင်းတယ်၊ သူတို့လက်ချက်ကြောင့် ကျုပ်နဲ့ကျင်းရွှေ ဒဏ်ရာရခဲ့သလို ကြေးနီဓားငါးဖော်ထဲက တစ်ယောက်ပဲ အသက်ရှင်ကျန်ရစ်ခဲ့တယ်၊ ကျင်းလန်းဒေသက ထွက်လာပြီးနောက် စစ်ဆေးကြည့်တဲ့အခါမှာတော့ အမိန့်ကြေးပြားဟာ ပျောက်ဆုံးသွားခဲ့တာပဲ"

ကောင်းယုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"အမိန့်ကြေးပြားက ဘယ်မှာပျောက်သွားတာလဲ"

ဝမ်းရယ် လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

"ကျင်းလန်းဒေသက ထွက်မှပဲ စစ်ဆေးကြည့်ခဲ့မိတဲ့အတွက် ဘယ်မှာ ပျောက်မှန်းတိတိကျကျ မသိခဲ့ဘူး"

"ဟာ"



ကောင်းယုံ လွှတ်ခနဲ ရေရွတ်လိုက်သည်။

"နယ်ခြားဘီလူးကို ရင်ဆိုင်ခဲ့စဉ်က ပျောက်ဆုံးသွားနိုင်တယ်၊ ယက္ခအဖွဲ့နဲ့ တိုက်ပွဲဖြစ်တုန်းကလည်း ပျောက်ဆုံးသွားနိုင်တယ်၊ နောက်ဆုံး ထူးဆန်းတဲ့သိုင်းသမားအချို့နဲ့ရင်ဆိုင်ခဲ့ရတဲ့ကျင်းလန်းဒေသထဲမှာလည်း ပျောက်ဆုံးသွားနိုင်တယ်၊ ဒီသုံးနေရာစလုံးဟာ အမိန့်ကြေးပြား ပျောက်ဆုံးသွားနိုင်တဲ့နေရာတွေချည်းပါပဲ"

"နောက်တော့ ဘယ်လိုဆက်ဖြစ်သလဲ ပြောပါဦး"

"ဟုတ်ကဲ့ ကိုးနဝင်းဂိုဏ်းကိုပြန်ရောက်ပြီး တစ်လအကြာမှာ ကျင်းရွှေဟာ ဂိုဏ်းကနုတ်ထွက်သွားပြီး သတင်းပျောက်သွားတယ်၊ နောက်တစ်နှစ်အကြာမှာ ကြေးနီငါးဖော်ထဲက အသက်ရှင်ကျန်ရစ်ခဲ့တဲ့ အမှတ်တစ်ဟန်ကျောင်းကလည်း သိုင်းလောကကို ကျောခိုင်းပြီး ဇာတိရပ်ရွာကို ပြန်သွားခဲ့တယ်"

"သူတို့ ဘာကြောင့် ဒီလိုလုပ်ဆောင်သွားကြတာလဲ"

ဝမ်းရယ် ခေါင်းခါယမ်းလိုက်သည်။

"ကျင်းရွှေဟာ နန်းတွင်းကိုထွက်ခွာသွားပြီး ဟန်ကျောင်းကတော့ သွေးသောက်တွေ သေဆုံးသွားတဲ့အတွက် စိတ်ထိခိုက်ပြီး သိုင်းလောကကို ကျောခိုင်းသွားတာလို့ သတင်းထွက်ပေါ်ခဲ့တယ်၊ တိတိကျကျတော့ ဘယ်သူမှမသိကြပါဘူး"

ကောင်းယုံက တစ်ချက်စဉ်းစားလိုက်သည်။

"ဖေဖေကကော ကိုးနဝင်းအမိန့်ကြေးပြားကို လိုက်မရှာဘူးလား"

"မရှာဘဲနေပါ့မလား၊ သဲကြီးမဲကြီး လိုက်ရှာတာပေါ့၊ ယက္ခဂိုဏ်းနဲ့တိုက်ပွဲဖြစ်ပွားခဲ့တဲ့ ဂူလန်းဒေသကို အဓိကဦးစားပေး ရှာဖွေစုံစမ်းခဲ့တာပေါ့၊ ဒါပေမယ့် ဘယ်လိုမှသဲလွန်စမရခဲ့ဘူး၊ အဲဒီနောက်ပိုင်း ကိုးနဝင်းအမိန့်ကြေးပြားကို ရှာဖွေနေကြတဲ့ သိုင်းသမားတွေ ထွက်ပေါ်လာခဲ့တာပဲ"

ကောင်းယုံ ဘဝင်မကျနိုင်ဘဲ ဖြစ်သွားသည်။

ဖခင်ဖြစ်သူသည် အမိန့်ကြေးပြားအား ရှာဖွေရန် အဘယ်ကြောင့် အားကြိုးမာန်တက် မရှိခဲ့ပါသနည်း။

"ဖေဖေက အမိန့်ကြေးပြားကို သဲကြီးမဲကြီး မရှာခဲ့ဘူးလား"

"ဘယ်ပြောကောင်းမလဲ ရှာတာပေါ့၊ ဒါပေမယ့်အချိန်ယူပြီး တော့မရှာခဲ့ဘူး၊ မတွေ့တာနဲ့လက်လျှော့ခဲ့တယ်၊ သူက အဖွဲ့တစ်ဖွဲ့ကို သီးသန့်ရှာဖို့ ဖွဲ့စည်းစေလွှတ်မယ်လို့တော့ ပြောဖူးတယ်၊ ဒါပေမယ့် နောက်ပိုင်းတော့ပြောသံ မကြားတော့ဘူး"

ကောင်းယုံ သက်ပြင်းချလိုက်၏။

အမိန့်ကြေးပြားပျောက်ဆုံးရာတွင် ပဟေဠိဆန်သော ကိစ္စရပ်များ ရှိနေကြောင်း သူကရိပ်စားမိလိုက်သည်။

"ထားပါတော့လေ၊ အခု ပြဿနာဖြစ်ရတဲ့အကြောင်းကို ပြောပါဦး"

"သခင်လေးကလည်း သတင်းအဆက်အသွယ်မလုပ်ဘဲ ပျောက်ဆုံးနေတယ်၊ အမိန့်ကြေးပြားကလည်း အခုအချိန်ထိ ရှာမတွေ့သေးဘူး၊ ခေါင်းဆောင်နေရာကလည်း လစ်လပ်နေတော့



အမိန့်ကြေးပြားကို ရှာဖွေဖို့ ပေါ်ပေါ်ထင်ထင် ကြိုးစားတော့မယ့် အရိပ်အယောင်တွေပြလာတယ်၊ တစ်ယောက်နဲ့တစ်ယောက် အငြိုးအဆိုင်ဖြစ်လာရင် မလိုလားအပ်တဲ့ပြဿနာ ပေါ်ပေါက်လာမှာစိုးလို့ပါ၊ သခင်လေးပြန်လာပြီး အခြေအနေကို ဝင်ထိန်းပေးစေချင်တယ်၊ ဒါကြောင့် သခင်လေး တားမြစ်ထားတဲ့ကြားက အဆက်အသွယ်ယူပြီး လာရောက်တွေ့ဆုံခဲ့ရတာပါ"

ကောင်းယုံ သက်ပြင်းတစ်ချက်ချလိုက်သည်။

အခြေအနေမှာ ဘောကျုပ်နံကျပ် ဖြစ်နေဟန်ရှိသည်။

သူက ထိုင်ရာမှထ၍ လမ်းကိုခေါက်တုန့်ခေါက်ပြန် လျှောက်နေ၏။

ဝမ်းရယ်က အသာငြိမ်ဆိတ်နေလိုက်၏။

အတန်ကြာမှ ကောင်းယုံက ခြေလှမ်းရပ်တန့်လိုက်သည်။

"ကျုပ်က အမိန့်ကြေးပြားယူပြီး ခေါင်းဆောင်နေရာရဖို့ထက် သိုင်းလောကတစ်ခုလုံးကို အန္တရာယ်ပေးနိုင်တဲ့ ကျုပ်ဖခင်ကို လုပ်ကြံသွားတဲ့မာထုံးကို ရှင်းလင်းပစ်ဖို့ ဦးစားပေးဆောင်ရွက်နေတာ"

"မာထုံးရဲ့ပြဿနာ မသေးတဲ့အပြင် သိုင်းလောကအရေးနဲ့ ပတ်သက်နေတယ်ဆိုတာ ကျုပ်သဘောပေါက်ပါတယ်၊ ခက်တာက ဂိုဏ်းထဲမှာလည်း..."

သူက စကားကိုရပ်ထားလိုက်၏။

ကောင်းယုံ ခေါင်းညိတ်လိုက်၏။

"ကျုပ်နားလည်ပါတယ်၊ အချင်းချင်း မသင့်မမြတ်ဖြစ်

တာဟာ သိုင်းလောကအတွက် ဆိုးကျိုးကိုဖြစ်ပေါ်လာစေနိုင်ပါတယ်၊ ကျုပ်အနေနဲ့ ဘေးကျပ်နံကျပ်ဖြစ်နေရတာလည်း မာထုံးထွက်လာမယ့်အချိန် နီးကပ်နေပြီဆိုတာ ခြေရာခံမိလို့ပါပဲ၊ အခုတလော ဝက်ပါတောင်တစ်ဝိုက်မှာ လှုပ်ရှားနေတဲ့အဖွဲ့အကြောင်း ခြေရာခံမိခဲ့တယ်၊ ဒီအဖွဲ့ဟာ ဘာရည်ရွယ်ချက်နဲ့ရောက်ရှိနေသလဲ၊ ပြီးတော့ ဝမ်းထိန်မြို့ကနေ နာမည်ကြီးသိုင်းသမား အတော်များများ ဝက်ပါတောင်ကိုချဉ်းကပ်လာတာလည်း စုံစမ်းမိခဲ့တယ်၊ ဒါတွေဟာ မာထုံး ဒါမှမဟုတ် အမိန့်ကြေးပြားနဲ့ပတ်သက်နေနိုင်တယ်၊ ဒီလိုမှမဟုတ်ခဲ့ဘူးဆိုယင် သိုင်းလောကလှုပ်ရှားစေမယ့် အရေးနဲ့ ပတ်သက်နေနိုင်တယ်၊ ဒီအဖြစ်အပျက်ကိုသာ စုံစမ်းနိုင်ယင် တစ်စုံတစ်ခုထူးခြားလာမှာ သေချာတယ်၊ ကျုပ်အနေနဲ့မျက်ခြည်ပြတ်ထားလို့ မဖြစ်ဘူး"

ဝမ်းရယ် ငိုင်သွားသည်။

ကောင်းယုံ ပြောသည့်အတိုင်းဆိုလျှင် ယခု ဖြစ်ပေါ်နေသောကိစ္စရပ်များသည်လည်း ထူးခြားလှသောဖြစ်စဉ် တစ်ခုဖြစ်နေ၏။

နှစ်ဘက်စလုံးမှာ အရေးကြီးနေ၍ သူက မည်သို့ဆက်ပြောရမှန်းပင် မသိဖြစ်သွားရသည်။

နှစ်ယောက်သား စကားစပြတ်သွား၍ အခန်းတစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွားလေသည်။

ကောင်းယုံက တစ်စုံတစ်ရာအား လေးလေးနက်နက် စဉ်းစားပြီးနောက် ဝမ်းရယ်အား ပြောလိုက်သည်။



"ခင်ဗျား ကျုပ်ပြောတဲ့နည်းလမ်းအတိုင်း ဆောင်ရွက်ယင် အဆင်ပြေနိုင်မယ်ထင်တယ်"

အကြံအိုက်နေသော ဝမ်းရယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ပြောပါ သခင်လေး"

"ကျုပ်က မာထုံးနောက်လိုက်နေယင်းမှ ကိုးနဝင်းအမိန့်ကြေးပြားကို ရှာဖွေနေတယ်၊ ဂိုဏ်းတစ်ခုလုံး ပုံမှန်အတိုင်းလှုပ်ရှားပြီး ကျုပ်ပြန်လာမယ့် အချိန်ကိုစောင့်ဖို့ ပြောလိုက်ပါ"

"ဒါ ကောင်းတယ်၊ ဘယ်သူမှ စောဒကတက်ဝံ့မှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်စကားကို ယုံပါ့မလား"

"မပူနဲ့ ကျုပ်စီစဉ်ပေးလိုက်မယ်"

ကောင်းယုံက အင်္ကျီရင်ဘတ်ကြားမှ ဓားပါးလေးတစ်လက် ထုတ်ယူကာ ဓားပေါ် လက်ငါးချောင်းဖြင့် ကုတ်ဆွဲလိုက်၏။

တဖန် ဝမ်းရယ်အား လှမ်းပေးလိုက်သည်။

"သေမိန့်လက်ချောင်းပညာ ကိုတော့ ဘယ်သူမှ သံသယဖြစ်မှာ မဟုတ်ပါဘူး"

ဓားပေါ်တွင် လက်ငါးချောင်းရာ အစင်းကြောင်းများဖြစ်ကာ ချိုင့်ဝင်နေသည်ကိုမြင်လျှင် ဝမ်းရယ်၏မျက်နှာ ဝင်းလက်သွား၏။

သူက ဓားပါးလေးအား တရိုတသေလှမ်းယူကာ သိမ်းဆည်းလိုက်၏။ ကောင်းယုံက သူ့အား စေ့စေ့ကြည့်ကာ...

"ပြီးတော့ ခင်ဗျားအနေနဲ့ ဒီနေရာကို လုံးဝမလာနဲ့တော့၊

ကျုပ်ဘာကို ဆိုလိုတယ်ဆိုတာ နားလည်လား"

"ဟုတ်ကဲ့ နားလည်ပါတယ် သခင်လေး"

"ကောင်းပြီ..ဗေဒင်ဆရာကိုပါ ခေါ်သွားတော့"

"သခင်လေး..သူဟာ သခင်လေးကို စောင့်ရှောက်.."

ဝမ်းရယ်၏စကားမဆုံးမီ ကောင်းယုံက ကြားဖြတ်ပြော လိုက်သည်။

"ကျုပ်က ကိုးနဝင်းဂိုဏ်းကလူတွေနဲ့ တမင် အဆက်အသွယ်ဖြတ်တာ မဟုတ်ဘူး၊ ကျုပ်ရဲ့ရန်သူက အင်မတန်ပါးနပ်တယ်၊ ကျုပ်ခြေလှမ်းတွေ ရိပ်မိမှာကို မလိုလားဘူး"

ဝမ်းရယ် သက်ပြင်းချလိုက်၏။

"ကျုပ် နားလည်ပါပြီ သခင်လေး"

"ကောင်းပြီ၊ နေ့မကူးမီ ကျင်းလန်းဒေသက ထွက်သွားကြတော့"

ဝမ်းရယ်က ဦးညွှတ်အရိုအသေပြုကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ကောင်းယုံသည် သူ့နောက်ကျောအား မမှိတ်မသုန်ကြည့်ယင်းမှ ရှေ့ဆက်လုပ်ဆောင်ရမည့်ကိစ္စရပ်များအား အကွက်ချနေမိလေတော့သည်။

ပထမပိုင်းပြီး၏။

ဒု–စာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။